
ဆောင်းလှလင်
ဒေါက်တာရိုးထိုက် နှင့်
ရူးဆန်းသောဟင်းတစ်ခွက်

►

အထက်အညာ မြို့ကြီးတစ်မြို့တွင် မျက်စိရောဂါ ကုသရာ၌ လွန်စွာအစွမ်းထက်မြက်သော မြန်မာဆေးဆရာကြီးတစ်ဦး ရှိခဲ့လေသည်။ ထိုဆရာကြီးသည် မျက်စိကွယ်နေသော လူနာကိုပင် ပျောက်ကင်းအောင် ကုသနိုင်သည်ဟု နာမည်ကျော်ကြားလှပေ၏။

သူ၏ ကုသပုံမှာ လူနာအား ကျောက်ပျဉ်တွင် သွေးထားသော အဖြူရောင်အနှစ်ရှိသည့် အရည်ပျစ်ပျစ်တချို့ကို မျက်စိပတ် ပတ်လည်တွင် ကွင်း၍ လိမ်းပေးခြင်းဖြစ်သည်။ မည်သည့်မျက်စိဝေဒနာမဆို၄င်း ကုထုံးတစ်မျိုးတည်းနှင့်ပင် ကုသလေသည်။

လာရောက်ကုသသော လူနာများ၏ ရှစ်ဆယ်ရာခိုင်နှုန်းမှာလည်း ပျောက်ကင်းသွားကြသည်ချည်းဖြစ်သည်။ ဆယ်ယောက်တွင် ရှစ်ယောက် ရောဂါပျောက်၍ လူနာနှစ်ယောက်လောက်မှာမူ မပျောက်ဘဲ ကျန်ရှိနေတတ်လေသည်။

ဆရာကြီး၏ အမည်မှာ **'စကျုဘုရင် ဆရာဖေခင်'**ဟု တွင်လေသည်။

ဆရာဖေခင်က သူသည် သူ၏ ဘိုးဘေးဘီဘင်လက်ထက်မှ အစဉ်အဆက် အသုံးပြုခဲ့သော ကုထုံး တစ်မျိုးတည်းဖြင့် ကုသနေခြင်းသာဖြစ်ကြောင်း ရှင်းပြလေ့ရှိသည်။ ဆရာဖေခင်၏ လွန်ခဲ့သော ငါးဆက်မြောက် အဘိုးမှစ၍ ဆရာဖေခင်အထိ ဤနည်းလမ်း တစ်မျိုးတည်းဖြင့်ပင် ဤဆေးကို အသုံးပြု၍ ကုခဲ့သည်ဟု ဆိုသည်။

ဆရာဖေခင် ကျောက်ပျဉ်တွင် သွေး၍ လူနာများကို လိမ်းပေးနေသော ဆေးအမည်ကို ဆရာဖေခင်၏အထက် ငါးဆက်မြောက် ဘိုးအေကြီးမှစ၍ လက်ဆင့်ကမ်းပေးခဲ့ခြင်းဖြစ်သည်။

လူနာများကို လိမ်းပေးသော ဆေးအမည်မှာ အခြားမဟုတ်။ **နဂါးတစ်ကောင်၏အရိုး** ဟု ဆရာဖေခင်က ဆိုလေသည်။

ဆရာဖေခင်က သူသည် ဆေးကုနည်းများကို တတ်ကျွမ်း နားလည်ခြင်း မရှိကြောင်း၊ ဆေးပင်, ဆေးမြစ်များ အကြောင်းကိုလည်း နားမလည်ကြောင်း၊ ရောဂါဘယများကိုလည်း မသိကြောင်း၊ သူ မျက်စိကုသနေသည်မှာ ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းပေး ခဲ့သည့် **နဂါးအရိုးကို** အသုံးပြု၍ မျက်စိ ဝေဒနာမှန်သမျှကို သွေး၍ လိမ်းပေးခဲ့ခြင်းသာ ဖြစ်ကြောင်း ရိုးသားစွာ ဝန်ခံလေသည်။

သို့သော် ဆရာဖေခင်သည် သူ၏ လက်သုံး နဂါးအရိုးကိုမူ မည်သူ့ကိုမှ မပြသခဲ့ချေ။ သူ ကုသမည့် လူနာကို လူနာကြည့်ခန်းတွင် ထားကာ သူက အတွင်းခန်းထဲသို့ဝင်၍ နဂါးအရိုးကို လိုအပ်သလောက် သွေးယူလာပြီးမှ လူနာ၏ မျက်လုံးတစ်ဝိုက်ကို သူကိုယ်တိုင် လိမ်းပေးခြင်းဖြစ်လေသည်။

ကုသခံမည့် လူနာသည် ခံစားရသည့် ဝေဒနာအလျောက် သုံးရက်၊ ငါးရက်မှ တစ်ပတ်အထိ ဆရာဖေခင့် ဆေးခန်းတွင် နေ့စဉ် လာပြရသည်။ ဆရာဖေခင်က ဆေးကို အပိုသွေးပေးခြင်း၊ အိမ်သို့ ယူဆောင်စေခြင်းကို ခွင့်မပြုပေ။ အဝေးရပ်လူနာများသည် ၄င်းမြို့တွင်တည်းကာ ရောဂါပျောက်သည်အထိ ဆရာဖေခင့်ထံ နေ့စဉ် သွားရောက်ကုသမှု ခံယူရသည်။ ကုသမှု ခံယူသည်ဆိုရာ၌လည်း ဆေးလိမ်းခံခြင်းသာ ဖြစ်လေ၏။

ဆရာဖေခင်က သူသည် ဆေးပညာနှင့် ပတ်သက်၍ တစ်လုံးတစ်ပါဒမျှ မတတ်ကျွမ်းပါဟုဝန်ခံထားသော်ငြား မျက်စိရောဂါမှန်သမျှ ဆရာဖေခင့်ဆေးလိမ်းရုံမျှဖြင့် ပျောက်ကင်းနေပေရာ ဆရာဖေခင်သည် ဆေးစွမ်းထက်မြက်သော မျက်စိကုဆရာကြီးတစ်ယောက် အဖြစ် ကျော်ကြားနေလေသည်။

ဆေးကုသစရိတ်ကိုလည်း ဆရာဖေခင်က သတ်မှတ်တောင်းယူလေ့မရှိပေ။ လူနာ ကန်တော့သမျှ လက်ခံသည်။

ဆေးဖိုး သတ်မှတ်တောင်းယူလျှင် သစ္စာပျက်ပြယ်၍ နဂါးအရိုး၏ အစွမ်းအာနိသင်များပါ ပျက်ပြယ်သွားမည်ဟု ဆိုလေသည်။

ယင်းသို့ဖြင့် နဂါးရိုးဖြင့် မျက်စိကုပေးသော ဆရာတစ်ယောက်အဖြစ် ဆရာဖေခင်သည် မြန်မာပြည် တစ်နံ့ တစ်လျား ကျော်ကြားနေလေသည်။

**။**

တစ်နေ့သ၌ ဆရာဖေခင် အနားယူနေစဉ် ဧည့်သည်တစ်ဦးရောက်ရှိလာလေသည်။

ဧည့်သည်မှာ ဆရာဖေခင်ထံသို့လာသော ဧည့်သည်များထဲတွင် ထူးခြားလှသော ဧည့်သည်ဖြစ်လေသည်။ သူသည် ဆေးကုသခံရန် လာရောက်သူမဟုတ်၊ သူကိုယ်တိုင်လည်း ဆရာဝန်တစ်ယောက်ပင် ဖြစ်လေသည်။

ဆရာဖေခင်၏ ပျဉ်ထောင်အိမ်ကြီးရှေ့သို့ အနီရောင် ဆာ့ဖ်ကားကြီး ဆိုက်ရောက်လာလေသည်။

ဆာ့ဖ်ကားပေါ်မှ အနောက်တိုင်းဝတ်စုံကို သေသပ်ကျနစွာဝတ်ဆင်ထားသော အသက်ငါးဆယ်အရွယ် ခန့်ညားသောယောက်ျားကြီးတစ်ယောက် ဆင်းလာလေသည်။ ထူးခြားသည်မှာ ထိုလူကြီးသည် အသက်ပင်ကြီးလှပြီ ဖြစ်သော်လည်း သူဝတ်ထားသော အနောက်တိုင်းဝတ်စုံကို အထက်ရော အောက်ရော အနီရောင်ရဲရဲအစဖြင့် ချုပ်လုပ်ပြီး ဝတ်ဆင်ထားခြင်းဖြစ်လေ၏။ အဝတ်စ အမျိုးအစားမှာပင် တူညီနေလေသည်။ လည်တွင် စည်းထားသည့် နက်ကတိုင်ကလည်း အနီရောင်ဖြစ်ကာ အစက်အပြောက်ကလေးများပါ၍သာ နက်ကတိုင်အဖြစ် သီးသန့် ပေါ်လွင်နေခြင်းဖြစ်ပေ၏။

ဝဖိုင့်သော ခန္ဓာကိုယ်ဖြင့် ကားပေါ်မှဆင်းချလာသော ထိုလူကြီးကို မြင်လိုက်သည်နှင့် အနီးဝန်းကျင်ရှိ ခွေးများက ဝိုင်း၍ဟောင်ကြလေသည်။ အနီးတွင် ကျွဲ၊ နွားများသာ ရှိပါက သူဝတ်ထားသော အနီရောင်ကြောင့် အဝှေ့ခံရမည်မှာ သေချာလှပေ၏။

သူ၏ သွင်ပြင်သည် ပူပြင်းသော အညာနွေကို ပို၍ ပူလောင်စေရန် ဖန်တီးလိုက်သလို မျက်စိထဲတွင် မတော်မတည့်ကြီး ဖြစ်နေရလေ၏။

ဗိုက်ရွဲ၍ ခါးသားများ ဆူဖြိုးကာ ခန္ဓာကိုယ်၏အလယ်တွင် ဝပြဲဖောင်းကားနေသော သူသည် အပေါ်အောက် အနီရောင်ရဲရဲကို ဝတ်ဆင်ထားသည့်အတွက် အဝေးမှကြည့်လျှင် ငရုတ်သီးအပွတောင့်ကြီးတစ်တောင့် ထောင်လိုက် ရွေ့လျားလာသည်နှင့် တူလှပေ၏။

ထိုနေ့သည် ဥပုသ်နေ့ဖြစ်၍ ဆေးမကုဘဲ ဆရာဖေခင် အနား ယူသည့်နေ့ ဖြစ်ပေသည်။

ထို့ကြောင့် ဆေးခန်းတံခါး ပိတ်ထား၏။

ဧည့်သည်ကြီးက ဆေးခန်းရှေ့အထိ လျှောက်လာခဲ့ကာ ဆေးခန်းတံခါးကို တဝုန်းဝုန်းနေအောင် ရဲတင်းစွာ ထုလိုက်လေ၏။

ဆေးခန်းမှာ အိမ်ခေါင်းရင်းဘက်တွင် အဖီလေးဆွယ်၍ ပြုလုပ်ထားခြင်းဖြစ်ပါသည်။

တံခါးခေါက်သံကြောင့် အိမ်မကြီးထဲမှ မိန်းမတစ်ယောက် ထွက်လာလေ၏။

သူမမှာ ဆရာဖေခင်၏ ချွေးမ ဖြစ်လေသည်။

ဆရာဖေခင်၏ ချွေးမဖြစ်သူက တံခါးခေါက်နေသော ဧည့်သည်ကြီးကို လှမ်းအော်၍ ပြောလိုက်သည်။

"ဒီနေ့ ဆေးခန်းပိတ်ပါတယ် ရှင့်၊ ဥပုသ်နေ့တိုင်း ပိတ်ပါတယ်၊ နောက်နေ့မှ လာပါ"

ဧည့်သည်ကြီးက မိန်းမရှိရာ အိမ်မကြီး တံခါးပေါက်သို့ လျှောက်လာကာ...

"ကျုပ်က ဆေးကုဖို့ လာတာ မဟုတ်ဘူး၊ ဆရာဖေခင်နဲ့ တွေ့ချင်လို့ လာတာပါ"

"အဘ မိတ်ဆွေလားရှင့်"

"မိတ်ဆွေတော့ မဟုတ်ပါဘူးဗျာ၊ ရောက်တုန်း ရောက်ခိုက် ဆရာကြီးနဲ့ စကားစမြည် ပြောချင်လို့ပါ"

"အဘ တရားထိုင်နေတယ်ရှင့်"

"ခေါ်လိုက်ပါလား..."

ဆရာဖေခင့် ချွေးမက ပိုင်စိုးပိုင်နင်း ပြောလိုက်ပုံကို မနှစ်မြို့သလို ကြည့်ကာ...

"အဘက ဥပုသ်နေ့ တစ်နေ့ နားရတာ၊ တရားထိုင်နေတုန်း နှောက်ယှက်ရင် မကြိုက်ဘူး၊ ကျွန်မ မခေါ်ရဲဘူး"

ဧည့်သည်ကြီးသည် နဖူးမှစီးကျလာသော ချွေးသီးချွေးပေါက်များကို ဘောင်းဘီအိတ်ထဲမှ အနီရောင် လက်ကိုင်ပဝါကြီး ထုတ်၍ သုတ်ရင်း....

"အို...ကျုပ်က နိုင်ငံခြားကနေတောင်လာရတာ၊ ပြန်ဖို့ သွားဖို့ကလဲ ရှိသေးတယ်၊ အချိန် သိပ်မရလို့ပါ၊ ကျုပ်ကိုယ်တိုင်လဲ ဆရာဝန်ပါဗျ၊ ကျုပ်နာမည်က **ဒေါက်တာသိဒ္ဓိ** တဲ့၊ ဆရာကြီး ဆေးကုပုံနည်းလေးတွေ နည်းနာယူချင်လို့ပါ၊ လုပ်စမ်းပါ...၊ ခေါ်လိုက်စမ်းပါ"

"ခက်တာပဲရှင်၊ ကဲ...ဒါဖြင့် အောက်မှာ ခဏ ဝင်ထိုင်ဦး၊ ကျွန်မ ပြောပေးပါ့မယ်"

ချွေးမဖြစ်သူသည် နိုင်ငံခြားကလာသော ဆရာဝန်ဆို၍ စိတ်ကို လျှော့လိုက်ကာ အိမ်ထဲသို့ ဝင်ခွင့်ပေးလိုက်သည်။

"ခဏ ထိုင်စောင့်ဦးနော်၊ အပေါ်ထပ် ဘုရားခန်းမှာ အဘကို သွားပြောလိုက်ဦးမယ်၊ ဒါနဲ့...နာမည်က

ဘယ်သူ...''

''ဒေါက်တာ သိဒ္ဓိ''

ချွေးမ ဖြစ်သူ အပေါ်ထပ်သို့ တက်သွားလေသည်။

ခဏ အကြာတွင် အသက် ခုနစ်ဆယ်ခန့်ရှိ အဘိုးအိုတစ်ယောက်ကို လက်တွဲလျက် အပေါ်တက်သွားသော မိန်းမ ပြန်ဆင်းလာသည်ကို ဒေါက်တာသိဒ္ဓိ တွေ့လိုက်ရသည်။ အဘိုးအိုက ဝတ်ဖြူစင်ကြယ်ကို ဝတ်ဆင်ထားပြီး လက်ထဲ၌ ပုတီးကြီး ကိုင်ထားလေ၏။ ကြည့်ရုံနှင့် မြန်မာဆေးဆရာကြီး တစ်ဦးဖြစ်မှန်း သိသာလေသည်။

ဒေါက်တာ သိဒ္ဓိသည် အဘိုးအိုကို မြင်သည်နှင့် ကိုယ်ကို ညွတ်ကာ အရိုအသေ ပေးလိုက်သည်။

''ဆရာကြီးဦးဖေခင် မှတ်တယ်၊ နေကောင်းပါစခင်ဗျာ''

''အေး...ကောင်းပါတယ်''

ဆရာဖေခင်က တိုတိုပြတ်ပြတ်ပင် ပြန်ပြောလေ၏။

''ကျွန်တော်ကတော့ ဒေါက်တာသိဒ္ဓိပါ၊ ဆရာဝန်တစ်ယောက်ပါ၊ ဆရာဝန် ဆိုပေမယ့် ကျွန်တော်က မြန်မာနိုင်ငံ ဆေးကျောင်းကအောင်တဲ့ ဆရာဝန်ဘွဲ့မဟုတ်ဘူးခင်ဗျ၊ အင်္ဂလန်နိုင်ငံ ဆေးတက္ကသိုလ်ကြီးမှတက်ပြီး ဆရာဝန် ဒေါက်တာ ဘွဲ့ ရခဲ့တာပါ''

''သြော်...ဂုဏ်ယူစရာပဲ၊ ကောင်းပါလေ့ကွယ်''

ဒေါက်တာသိဒ္ဓိက ကြွားဝါပြောဆိုလိုက်ခြင်းဖြစ်သော်လည်း ဆရာဖေခင့်အတွက် အထင်ကြီးသွားခြင်း, အံ့သြသွားခြင်းတို့ ဖြစ်ပေါ်မသွားပေ။ သာမန် ပဋိသန္ထာရစကားသာ ပြန်ပြောလိုက်၏။

ထိုအချိန်တွင် ချွေးမဖြစ်သူက ဆရာဖေခင်အား...

''အဘ...၊ ကျုပ် ဈေးထိပ် ခဏသွားလိုက်ဦးမယ်နော်''

ဟု ခွင့်တောင်းလိုက်လေသည်။

''ကွမ်းရွက်တောင်းတွေ ကားနဲ့ပါလာတာ စောင့်ရွေးရဦးမှာ''

ဟု တစ်ဆက်တည်း ပြောလိုက်၏။

ဆရာဖေခင်၏ သားနှင့်ချွေးမမှာ ဈေးအပြင်ဘက်တန်းတွင် ကွမ်းနှင့်ကွမ်းပစ္စည်းရောင်းသော ဆိုင်ကြီး ဖွင့်ထားလေသည်။

''အေးလကွယ်...လုံမ သွားစရာရှိ သွားလေ၊ အဘကို လုပ်ပေးစရာကိစ္စ ဘာမှ မရှိတော့ပါဘူး''

ဆရာဖေခင်က ချွေးမဖြစ်သူ ခွင့်တောင်းသည်ကို ခွင့်ပြု လိုက်လေသည်။

''ညနေ့သည်ပြန်ရင် တံခါးကို အတွင်းကချက်ထိုးပြီး ပိတ်ထားလိုက်တော့နော် အဘ၊ ကျုပ်တို့ ညနေစောင်းမှ ပြန်လာမှာ...''

''အေးပါကွယ်''

ချွေးမဖြစ်သူက တဘက်တစ်ထည်ကို ခေါင်းပေါ်တင်ကာ အိမ်ထဲမှ ထွက်သွားလေသည်။

''ဆိုပါဦး ဒေါက်တာ သိဒ္ဓိ၊ ကျုပ်နဲ့ တွေ့ချင်တာ ဘာကိစ္စပါလိမ့်မလဲ၊ ကျုပ်ကတော့ ဆေးသာကုနေတာ ကုနည်းလဲ တစ်ခုပဲ တတ်တယ်၊ မောင်ရင်တို့လိုခေတ်ပညာလဲမတတ်ပါဘူး၊ အင်္ဂလိပ်စာလဲ မတတ်ပါဘူးကွယ်''

ဆေးဆရာအဘိုးကြီးက ရိုးသားစွာပင်ပြောလိုက်လေသည်။

''ဆရာကြီးရဲ့ သတင်းဟာ နိုင်ငံခြားအထိ ကျော်ကြားလွန်းလို့ လာပြီး ဂါရဝပြုတာပါ ဆရာကြီး''

''ကြဲကြဲဖန်ဖန်ကွယ်...၊ ဘယ့်နှယ်လုပ် ကျုပ်က နိုင်ငံခြားအထိ ကျော်ကြားရမှာတုံး''

''ဆရာကြီး ကုသပေးလိုက်လို့ မျက်စိကောင်းသွားတဲ့ လူတွေက နည်းမှ မနည်းပဲ ဆရာကြီးရဲ့၊ အဲဒီ လူတွေ ထဲက နိုင်ငံခြားရောက်လာတဲ့လူတွေရှိသလို သူတို့ သားသမီးတွေ နိုင်ငံခြားရောက်လာတော့လဲ ဆရာကြီးအကြောင်း ပြောသံ ဆိုသံ ကြားရတာပေါ့ ခင်ဗျာ''

''သြော...ဒီလိုလား၊ ဒါတော့ လူသတင်း လူချင်းဆောင်ပေါ့ကွယ်၊ မဆန်းပါဘူး''

''ပြီးတော့ ရန်ကုန်က မျက်စိအထူးကုဆရာဝန်ကြီးတွေတောင် လက်လျှော့လိုက်ရတဲ့ လူနာတွေဟာ ဆရာကြီးဆီ ရောက်တာနဲ့ ပျောက်သွားတယ်လို့ ပြောကြပါတယ်''

''ကျုပ်က သစ္စာတရားနဲ့ ဆေးကိုကုတယ်၊ သစ္စာကတိတည်ကြည်ရင်၊ ကံငါးပါးလုံခြုံရင် ဆေးအစွမ်းသတ္တိဟာ ထူးကဲစွာ ထိရောက်တယ်ကွယ့်''

''ဟုတ်ကဲ့''

''တကယ်တော့ ကျုပ်ဟာ မျက်စိရောဂါတစ်မျိုးတည်းကိုပဲ ကုသတတ်တာပါ၊ တခြား ဆေးပညာ အကြောင်းတွေ နားမလည်ပါဘူး၊ သင်ကြားလေ့လာရခြင်းလဲ မရှိခဲ့ပါဘူး''

''ဆရာကြီးဟာ နဂါး အရိုးနဲ့ ကုသပေးတယ်ဆိုတာရော အမှန်ပဲလား ခင်ဗျ''

"အမှန်ပါပဲ"

"အဲဒီ နဂါးအရိုး ဘယ်က ရပါသလဲ ဆရာကြီး"

"ကျုပ်တို့ ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းလာခဲ့ခြင်းဖြစ်တယ်"

"နဂါးအရိုးကို စပြီး ရခဲ့သူဟာ ဘယ်သူလဲ ဆရာကြီး၊ ဘယ်လိုလုပ်ပြီး ရခဲ့တာလဲ"

"ကျုပ်ရဲ့ ငါးဆက်မြောက် အဘိုးက ရခဲ့တာပဲ၊ ဘယ်လို ဘယ်ပုံရခဲ့တယ် ဆိုတာတော့ ပြောရရင် ဒဏ္ဍာရီဆန်လှတယ်၊ မောင်ရင်တို့ ခေတ်ပညာတတ်တွေ ယုံမှာမဟုတ်ဘူး"

"သိပါရစေ ဆရာကြီး၊ ကျွန်တော် စိတ်ဝင်စားလွန်းလို့ပါ"

"နဂါးသတ္တဝါ ရှိတယ်ဆိုတာရော မောင်ရင်တို့က ယုံသလားကွယ့်"

"ရှိရင် ရှိမှာပေါ့ ဆရာကြီး၊ ရှိလို့သာ ဆရာကြီးလက်ထဲမှာ နဂါးရိုး ရှိနေတာပေါ့၊ ကျွန်တော် ယုံပါတယ်"

"အင်း…ပြောရတော့ ခက်သားပဲ၊ ကျုပ်ကတော့ ကျုပ် အမွေဆက်ခံခဲ့တဲ့ ပစ္စည်းကို နဂါးတစ်ကောင်ရဲ့ အရိုးလို့ ယုံကြည်စွာနဲ့ပဲ လက်ခံခဲ့တယ်၊ လူတိုင်းကတော့ ဒါကို အယုံအကြည် မရှိကြဘူး၊ သို့သော်…ဒါနဲ့ ဆေးကုသတိုင်း ပျောက်ကင်းတာများနေတော့ ဒါဟာ နဂါးအရိုးပါလို့ ပြောပြီး အမွေပေးခဲ့တဲ့ အဘိုးအဘေးများရဲ့စကားကို လက်ခံရမှာဖြစ်ပါတယ်"

"ဆိုလိုတာက ဆရာကြီးကတော့ နဂါးသတ္တဝါ တကယ်ရှိတယ်ဆိုတာကို လက်ခံတယ်ဆိုတဲ့ သဘောလား ဆရာကြီး"

"ဒါပေါ့…"

"ကျွန်တော်လဲ လက်ခံပါတယ် ဆရာကြီး၊ ကျွန်တော့်ကို နဂါးအရိုး ရရှိလာပုံကို ပြောပြပါ ခင်ဗျာ"

"အင်း…တကယ်တော့ ကျုပ် ကိုယ်တိုင်လဲ နဂါးသတ္တဝါကို မမြင်ဖူးပါဘူးလေ၊ ရုပ်ပုံတွေထဲမှာသာ မြင်ဖူးတာပါ"

"ဟုတ်ကဲ့၊ နဂါးအရိုးကို ရခဲ့တဲ့ ဆရာကြီးရဲ့ ငါးဆက်မြောက် ဘိုးအေကြီးကတော့ မြင်ဖူးမှာပေါ့နော်၊ နဂါးကို သူကိုယ်တိုင် သတ်ပြီး အရိုးကို ယူခဲ့တာလား ဆရာကြီး"

ဆရာဖေခင်သည် အတော်ကြာကြာ တွေဝေနေပေ၏။

ပြောသင့်၊ မပြောသင့် ချိန်ဆနေဟန်တူပေသည်။

"ပြောပြဖို့ ဝန်လေးစရာများဖြစ်နေလို့လား ဆရာကြီး"

ဒေါက်တာသိဒ္ဓိက သည်းမခံနိုင်တော့ပဲ လောဆော်လိုက် လေသည်။

"ပြောပြနိုင်ပါတယ်၊ မောင်ရင့်လို အင်္ဂလိပ် ဆေးဆရာဝန်တစ်ဦးက စိတ်ဝင်တစားဖြစ်နေတာ အံ့သြနေလို့ပါ၊ ကျုပ်ဖြင့် မယုံကြည်ကြဖို့များလို့ ဒီအကြောင်းကို ဘယ်သူ့မှ မပြောခဲ့ဖူးဘူး"

"လောကကြီးမှာ ထူးခြားဆန်းကြယ်တဲ့ အဖြစ်သနစ်တွေဟာ အများကြီးပါ ဆရာကြီး၊ ကျွန်တော်တို့ရဲ့ လူ့သက်တမ်းနဲ့ လိုက်မမီနိုင်ပါဘူး၊ ကျွန်တော်ကတော့ ခေတ်ပညာတတ်ဆိုပြီး ဒဏ္ဍာရီဆန်တဲ့ အကြောင်းအရာမှန်သမျှကို ကဲ့ရဲ့ရှုတ်ချတတ်သူ မဟုတ်ပါဘူး၊ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဗဟုသုတအဖြစ် ကြားသိရတယ်လို့ မှတ်ယူရင်တောင် တန်ဖိုးရှိပါတယ် ခင်ဗျာ"

ဒေါက်တာသိဒ္ဓိ၏အမွန်းတင်စကားကို ဆရာဖေခင် သဘောကျသွားခဲ့လေသည်။

"ဒီလိုဆိုလဲ ပြောရတာပေါ့ကွယ်၊ မယုံရင် ပုံပြင်မှတ် ဆိုသလိုပေါ့၊ ဒီလိုကွယ့်…ပြောခဲ့တဲ့ ကျုပ်ရဲ့ ငါးဆက်မြောက်အဘိုး ငယ်စဉ်ကပေါ့၊ အဘိုးနာမည်က ဦးဆက်ထင်တဲ့…၊ မောင်ဆက်ထင်ဘဝမှာ ကြုံခဲ့တဲ့ အတွေ့အကြုံပေါ့…

"မောင်ဆက်ထင်ဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျပြီး အလုပ်အကိုင်ကလဲ ရှားပါးတာနဲ့ ထင်းခွေပြီး ရောင်းစားရရှာသတဲ့၊ မောင်ဆက်ထင် ထင်းခွေသွားတဲ့အခါတိုင်း သူ့ဇနီးက တောထဲမှာ စားဖို့ ထမင်းထုပ်ကလေး ထုပ်ထုပ်ပေးလိုက်သတဲ့…

"တစ်နေ့တော့ မောင်ဆက်ထင်ဟာ ထင်းခုတ်ပြီးလို့ စမ်းချောင်းကလေး တစ်ခုဘေးမှာ အနားယူရင်း ထမင်းဆာဆာနဲ့ ထမင်းထုပ်ကလေးကို ဖြေမယ်အလုပ်မှာ ညည်းညူသံတစ်ခုကိုကြားလိုက်ရသတဲ့၊ သူဟာ စမ်းချောင်းဘေးက ကျောက်လိုဏ်ဂူတစ်ခုဘေးမှာ ထမင်းစားဖို့ ပြင်နေတာဖြစ်တယ်၊ ညည်းညူသံဟာ ကျောက်လိုဏ်ဂူထဲက ထွက်ပေါ်လာတာတဲ့…၊ ဒါနဲ့ သူလဲ ထမင်းမစားသေးပဲ ထမင်းထုပ်ကလေးကို အနီးကကျောက်တုံးပေါ် တင်ခဲ့ပြီး ကျောက်လိုဏ်ဂူထဲကို ဝင်ကြည့်တယ်တဲ့…

"ကျောက်လိုဏ်ဂူထဲမှာတော့ အဘိုးအိုတစ်ယောက်ကို ဒဏ်ရာ ဒဏ်ချက်တွေနဲ့ လဲကျနေတာ တွေ့ရတယ်တဲ့၊ ဒါနဲ့ပဲ သူလဲ အဘိုးအို အနီးကိုကပ်သွားခဲ့တယ်…."

။

■

အဘိုးအိုဟာ ဖျားနာပြီး လဲကျနေတာမျိုး မဟုတ်ဘဲ တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်တွေနဲ့ သတ္တဝါတစ်ကောင်ရဲ့ အတိုက်အခိုက်ခံရတဲ့ ပုံမျိုး တွေ့ရတယ်။

ဒါနဲ့ မောင်ဆက်ထင်လည်း အနီးကို သွားပြီး အကျိုးအကြောင်း မေးတာပေါ့။

အဘိုးအိုက သူဟာငှက်တစ်ကောင်ရဲ့ကုတ်ခြစ်ခြင်းခံရကြောင်းပြောပြတယ်။ မောင်ဆက်ထင်လည်း အံ့သြတာပေါ့။ ငှက် အကုတ်ခံရလို့ ဒဏ်ရာတွေဟာ များလည်း များ၊ ကြီးလည်း ကြီးတာကြောင့် ငှက်ဟာ ဘယ်အရွယ်လဲ၊ ဘယ်လို ငှက်မျိုးလဲလို့ တွေးမိတာပေါ့။

ဒါပေမယ့် လောလောဆယ်မှာ အဘိုးအိုကို ပြုစုဖို့လိုအပ်တာကြောင့် ဒဏ်ရာတွေကို စမ်းချောင်းက ရေနဲ့ ဆေးကြောပေးပြီး ပြုစုပေးတယ်။ အဘိုးအိုက သူ့ကို ပြုစုဖို့ မလိုကြောင်း၊ သူဟာ ဒီ နေရာကို သေဖို့လာတာဖြစ်ကြောင်း ပြောသတဲ့။ မောင်ဆက်ထင်ကတော့ အဘိုးအို ကယောင်ကတမ်း ပြောနေတယ်ထင်ပြီး ဒဏ်ရာတွေကို ဆေးကြောပြီး ပြုစုပေးနေတာပဲတဲ့။

ပြီးတော့ သူ စားမယ့် ထမင်းကိုလည်း အင်အားပြတ်နေတဲ့ အဘိုးအိုကို အကုန်ကျွေးပစ်လိုက်တယ်။

သူကတော့ အငတ်ခံလိုက်ရတာပေါ့။

ဒါပေမယ့် ထူးဆန်းတာက ထမင်းစားချိန်လွန်လို့ ထင်းပြန်ခုတ်တဲ့အခါမှာ ထမင်းမစားရလို့ အားအင်ယုတ်လျော့မနေဘဲ အားပြည့်လန်းဆန်းနေတာပဲတဲ့။ ထမင်း ဆာလောင်တဲ့ ဝေဒနာလည်း ဖြစ်ပေါ်မလာဘူးဆိုပဲ။

ဒါနဲ့ မောင်ဆက်ထင်ဟာ ညနေစောင်းတော့ အဘိုးအိုကို ရွာအပြန်မှာ သူနဲ့အတူ လိုက်ခဲ့မလားလို့ မေးတာပေါ့။ အဘိုးအိုက ကိစ္စ မရှိကြောင်း၊ ဒဏ်ရာတွေကြောင့် သူ လမ်းမလျှောက်နိုင်ကြောင်း၊ လိုဏ်ဂူထဲမှာပဲ သူ နေခဲ့မယ့်အကြောင်း ပြောတယ်တဲ့။

ဒီလိုနဲ့ နောက်တစ်နေ့ ရောက်လို့ မောင်ဆက်ထင် ထင်းခုတ်ထွက်လာပြန်တော့ အဘိုးအိုကို ကျောက်လိုဏ်ဂူထဲမှာ အရင်နေ့က ထားခဲ့တဲ့အတိုင်း တွေ့ရတယ်တဲ့။

မောင်ဆက်ထင်လည်း အနာတွေကို ဆေးကြောပေး၊ ရွာက ယူလာတဲ့ ဆေးမှုန်းတွေ သိပ်ပေးနဲ့ ပြုစုပြန်တယ်တဲ့။ အဘိုးအိုကလည်း သူ့ကို ပြုစုစရာ မလိုကြောင်း၊ သူဟာ မကြာခင်သေတော့မှာ ဖြစ်တဲ့အကြောင်း၊ ဒီလိုဏ်ဂူထဲကို သေဖို့လာတာဖြစ်တဲ့ အကြောင်း ပြောတယ်တဲ့။ အခု မသေသေးတာတောင် မနေ့က မောင်ဆက်ထင် ကျွေးခဲ့တဲ့ ထမင်းကို စားလိုက်ရလို့ ဖြစ်ကြောင်းနဲ့ မောင်ဆက်ထင်ကို မြင်ချင်လို့ မသေသေးဘဲ သူ စောင့်နေတာဖြစ်ကြောင်းတွေ ပြောပြတယ်တဲ့။

အဘိုးအို စကားတွေ ဆန်းကြယ်တာ သတိထားမိပေမယ့် မောင်ဆက်ထင်ကတော့ ထွေထွေထူးထူး ဘာမှ တွေးမနေပါဘူး၊ သူ့မှာ တာဝန်ရှိတယ်လို့ သတ်မှတ်ပြီး ပြုစုပေးခဲ့တာပဲ၊ ပါလာတဲ့ ထမင်းထုပ်ကလေးကိုလည်း အဘိုးအိုကိုပဲ ကျွေးလိုက်တယ်၊ အဘိုးအိုကတော့ အရင်နေ့ကထက် ပိုပြီး လန်းဆန်းလာပြီး မောင်ဆက်ထင်ကို သာစုတွေ ဘာတွေ ခေါ်လို့တဲ့။

အဲဒီနေ့မှာလည်း အရင်နေ့ကလိုပဲ မောင်ဆက်ထင်ဟာ မနက်စာ ထမင်းမစားရပေမယ့် အင်အားယုတ်လျော့ခြင်း၊ ဆာလောင် ခြင်း မရှိဘူး၊ သူ့ရဲ့ ထင်းခွေလုပ်ငန်းကို ကောင်းကောင်းမွန်မွန်ပဲ လုပ်နိုင်ခဲ့တယ်။

ဒီလိုနဲ့ တတိယမြောက်နေ့ ရောက်လာတယ်။

တတိယမြောက်နေ့မှာ အရင်နေ့များကလိုပဲ ဒဏ်ရာများကို ဆေးကြောသန့်စင်၊ ဆေးများထည့်ပေးပြီးတော့ သူ့ထမင်းထုပ်ကလေးကို ဖြေပြီး အဘိုးအိုကို ကျွေးတော့…

'ငါ့သား၊ မင်းဟာ မင်းစားမယ့် ထမင်းကို အငတ်ခံပြီး ကျွေးခဲ့တာ ဒီနေ့နဲ့ဆို သုံးရက်ရှိပြီ၊ ဘာ ရည်ရွယ်ချက်နဲ့ အဘကို ဒီလို ပြုစုခဲ့သလဲ ငါ့သား' …လို့ မေးတယ်။

'ဘာ ရည်ရွယ်ချက်မှ မရှိပါဘူး အဘရယ်၊ ကိုယ့် အဖေ အရွယ်၊ အဘိုးအရွယ် လူကြီးသူမတစ်ယောက် ဒုက္ခရောက်နေတာကို ပြုစုရတာ မင်္ဂလာတစ်ပါးပါ၊ ကျွန်တော် ကုသိုလ်ရတာပေါ့ အဘာ'

'အလွန်မှ စိတ်ထားပြည့်ဝတဲ့ သူငယ်ပေပဲကွယ်၊ ကိုယ် စားမယ့်ထမင်းကို အငတ်ခံပြီး သူတစ်ပါးကို ကျွေးမွေးတဲ့ သဒ္ဓါတရားဟာ မသေးလှပေဘူးကွယ့်…၊ သည်လို စိတ်ထားကောင်း မွန်ပါလျက်နဲ့ ငါ့သား ဘာကြောင့် ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ လုပ်ကိုင်စားနေရသလဲ'

'ကံတရားကြောင့်ပေါ့ အဘရယ်၊ ကျွန်တော့် ကံမကောင်းခဲ့ဘူးကိုး…၊ ရှေးဘဝက ကုသိုလ်ကောင်းမှု မပြုခဲ့လို့ ခုဘဝမှာ ပင်ပန်းစွာ လုပ်ကိုင်စားရတယ်လို့ပဲ မှတ်ပါတယ် အဘာ'

'မှန်လိုက်ပါဘိကွယ်…၊ ကံတရားဆိုတာကလဲ ဆန်းကြယ်သား၊ အေး…အေး၊ လုံထမ်းလာတာသာ မြင်ရတယ်၊ ကံထမ်းလာတာ မမြင်ရဘူးတဲ့ ငါ့သား၊ စိတ်ထားကောင်းမွန်တဲ့ ငါ့သားအတွက် ထူးခြားတဲ့ ကံကောင်းခြင်းတွေ ရောက်ရှိလာပါစေကွယ်'

'ပေးတဲ့ဆုတဲ့ ပြည့်ပါစေ အဘ'

စတုတ္ထမြောက်နေ့မှာတော့ အဘိုးအိုကို ကျောက်လိုဏ်ခေါင်းထဲမှာ မတွေ့ရတော့ဘူးတဲ့၊ အနီးအနားမှာ လိုက်ရှာသော်လည်း ရှာလို့မတွေ့တော့ဘူး၊ အဘိုးအိုဟာ ဒဏ်ရာတွေသက်သာပျောက်ကင်း သွားပြီမို့ သူ့ခရီး သူ ဆက်သွားခဲ့ပုံပဲ။

အဲဒီညမှာပဲ မောင်ဆက်ထင်ဟာ အိပ်မက်တစ်ခု မက်ခဲ့တယ်၊ အိပ်မက်ထဲမှာ သူ ပြုစုပေးခဲ့တဲ့ အဘိုးအိုကို ပြန်တွေ့ရတယ်။ တကယ်တော့ အိပ်မက်မက်တယ်ဆိုတာထက် အဘိုးအိုက မောင်ဆက်ထင်ကို အိပ်မက်ပေးခဲ့တယ်လို့ ပြောရင် ပိုမှန်လိမ့်မကွယ့်။

॥

အဘိုးအိုကို အိပ်မက်ထဲမှာ ပြန်တွေ့ရတော့ အဘိုးအိုဟာ အပြင်မှာတွေ့ခဲ့ရသလို မဟုတ်တော့ဘူး။ ပြိုးပြက်ပြောင်လက်တဲ့အဝတ်အစားတွေဝတ်လို့တဲ့။ အချွန်အတက်တွေပါတဲ့ အုပ်ဆောင်းကြီး ဆောင်းလို့တဲ့။

အစတော့ အိပ်မက်ရယ်လို့ မသိသေးဘူး။ အဘိုးအိုကို ကျန်းကျန်းမာမာ ပြန်တွေ့လိုက်ရတော့ မောင်ဆက်ထင်ဟာ ဝမ်းသာသွားတာပေါ့။

'ဟာ…အဘ၊ ကျွန်တော့်ကို နှုတ်မဆက် ဘာမဆက်နဲ့ ပျောက်သွားလိုက်တာ အဘရယ်၊ ကျွန်တော်ကဖြင့် အဘကို လိုက်ရှာနေတာ၊ အဘ စားဖို့ဆိုပြီး ဒီနေ့တော့ ထမင်းတစ်ထုပ် ပိုထုပ်လာခဲ့တာ အဘရဲ့၊ မိန်းမကို ပြောပြပြီး တောထဲမှာ နေမကောင်းဖြစ်နေတဲ့ အဘအတွက် ထမင်းပိုထုပ်ခိုင်းထားတာ၊ အဘကို မတွေ့ရလို့ ကျွန်တော်က စိတ်မကောင်းဖြစ်နေတာ အဘရဲ့'

'ငါ့သားဟာ စိတ်ထားကောင်းတဲ့ သူငယ်လေးဖြစ်လို့ အဘ အခုလို လာတွေ့ရတာပဲဟေ့၊ သည်နေ့တော့ ထမင်းတစ်ထုပ် အပိုတောင် ထုပ်ယူလာသေးတာလား၊ သာဓုပါကွယ်၊ အဘကလည်း ငါ့သားကြီးရဲ့ စေတနာတွေကို တုံ့ပြန်ချင်လို့ လာတွေ့တာပဲကွယ့်၊ ဒီမယ်…ငါ့သား၊ အဘဟာ ဘယ်လိုလူစားလဲဆိုတာ ငါ့သား သိသလားကွယ့်'

'ဗျာ…ဘယ်သိမလဲ အဘရယ်'

'အေး…အေး၊ မသိရင်ဖြင့် အဘဟာ ဘာဆိုတာသိရအောင် ပြရပေတာပေါ့ကွယ်၊ ဟောသည်မှာ ကြည့်ပေတော့ ငါ့သား'

အဘိုးအို၏ စကားဆုံးသည်နှင့် အဘိုးအို အသွင်ပျောက်ကွယ်သွားကာ နဂါးတစ်ကောင်၏ သွင်ပြင်အဖြစ် ပြောင်းလဲသွားလေသည်။ မောင်ဆက်ထင်သည် အဘိုးအိုမှ အသွင်ပြောင်းသွားသော သူ့ ရှေ့မှ တလူးလူးတလွန့်လွန့်နှင့် လှုပခန့်ညားသည့် နဂါးကြီးကို ကြည့်ကာ အံ့သြနေလေ၏။ ကြောက်ရွံ့ကာ နောက်သို့ တစ်လှမ်း ဆုတ်လိုက်မိသည်။

နဂါးကြီး၏ အသွင်သည် ခေတ္တသာ ထင်ဟပ်ပြီး အဘိုးအို သွင်ပြင်သို့ ပြန်လည် ပြောင်းလဲသွားလေ၏။

'မကြောက်နဲ့ ငါ့သား၊ မကြောက်ပါနဲ့၊ အဘဟာ ဘာဆိုတာ သိပြီမဟုတ်လားကွယ့်'

'အဘက နဂါးကြီးပါလား'

'မှန်ပါတယ်၊ သာသနာသိုက်ကိုစောင့်ရှောက်ရတဲ့ **သိုက်စောင့်နဂါးမင်း**ပါကွယ်'

'အို…'

'အဘတို့ရဲ့ သိုက်ကို ပြောင်းဖို့အတွက် နေရာရှာရင်း ခရီးထွက်လာရာမှာ အဘကို ဂဠုန်တစ်ကောင်က အလစ်မှာ လာရောက်တိုက်ခိုက်တာ ခံခဲ့ရတယ်ကွယ့်၊ ငါ့သားနဲ့ တွေ့တဲ့အချိန်မှာ အဘမှာ ဒဏ်ရာတွေ ရနေတာဟာ ဂဠုန်အကုတ်ခံရလို့ပဲ ငါ့သား၊ ဒါကြောင့် ငှက်တစ်ကောင် အကုတ်ခံရတာပါလို့ ငါ့သားကို ပြောခဲ့တာပေါ့'

'သြော်… အဲဒါကို ကျွန်တော် သဘောမပေါက်ခဲ့ပါဘူး အဘရယ်'

'ဂဠုန်ရဲ့ တိုက်ခိုက်မှုဟာ ပြင်းထန်လွန်းလို့ အဘဟာ သေတော့မလိုပဲ ငါ့သား၊ ငါ့သားနဲ့တွေ့တဲ့ ကျောက်လိုဏ်ဂူကြီးဟာ အဘတို့ နဂါးတွရဲ့ သင်္ချိုင်းကြီးပဲကွယ့်'

'ဗျာ…'

'အဘဟာ သေဖို့အတွက် သင်္ချိုင်းကိုလာခဲ့တာပဲ၊ လူအဖြစ်ဖန်ဆင်းပြီး ရောက်အောင်လာခဲ့တယ်၊ ကျောက်ဂူထဲမှာ အဘရဲ့ အသက်ကို စွန့်လွှတ်ဖို့ ရည်ရွယ်ချက်နဲ့ လာခဲ့တာပဲကွယ့်'

'ဟုတ်ကဲ့'

'အဘရဲ့ညည်းညူသံကိုကြားလို့ ငါ့သားက လာအကြည့်မှာ ငါ့သား အဘကိုပြုစုပေးခဲ့လို့ အဘဟာ သေမယ့်ဘေးက လွဲခဲ့ရတယ်၊ အဘသာ သေခဲ့ရင် အဘစောင့်ရှောက်နေတဲ့သိုက်ကြီးဟာ စောင့်ရှောက်သူ မဲ့သွားရပေတော့မယ်၊ ငါ့သားပေးတဲ့အသက်ကြောင့် အဘဟာ သာသနာစောင့်တာဝန်ကိုဆက်ယူနိုင်ပေပြီကွယ့်၊ ငါ့သားရဲ့ကျေးဇူးကြောင့်ပဲ၊ ဒီကျေးဇူးကို တုံ့ပြန်ဖို့ အဘ ငါ့သားဆီ လာခဲ့တာပဲ'

'တုံ့ပြန်မယ့် ကျေးဇူးကို ရည်ရွယ်ပြီး လုပ်ခဲ့တာ မဟုတ်ပါဘူး အဘရယ်'

'ငါ့သားရဲ့ ဖြူစင်တဲ့ စေတနာကို အဘ နားလည်ပါတယ်၊ အဘ တုံ့ပြန်မယ့် ကျေးဇူးဆိုတာလဲ ရွှေတွေ ငွေတွေ မဟုတ်ပါဘူးကွယ်၊ သိုက်ထဲက ရွှေငွေ ရတနာတွေကိုလဲ အဘမှာ ပေးပိုင်ခွင့်မရှိပါဘူး၊ ဒါတွေဟာ သာသနာပစ္စည်းတွေဖြစ်လို့ ထိပါးလို့လဲ မရပါဘူး'

'ဟုတ်ကဲ့ အဘ'

'ငါ့သား မနက်ဖြန် ထင်းခွေထွက်ရင် အဘနဲ့တွေ့တဲ့ ကျောက်လိုဏ်ဂူအတွင်းထဲထိ ဝင်သွားပါ၊ လိုဏ်ဂူအဆုံးမှာ ကျောက်ဖျာကြီးတစ်ဖျပ်ကို တွေ့ရပါလိမ့်မယ်၊ ကျောက်ဖျာကြီးရဲ့ အောက်မှာ နဂါးသင်္ချိုင်းရှိတယ် ငါ့သား၊ သက်တမ်းစေ့တဲ့ နဂါးများဟာ နဂါးသင်္ချိုင်းမှာ သွားပြီး သေကြရတယ်၊ ကျောက်ဖျာကြီးဟာ ကြီးလွန်းလို့ သာမန်အတိုင်းဆို ငါ့သား မ,နိုင်မှာမဟုတ်ဘူး၊ မနက်ဖြန်တော့ ကျောက်ဖျာကြီးကို ငါ့သား အင်အားနဲ့ မ,နိုင်တဲ့ အနေအထား ဖြစ်အောင် လုပ်ထားပေးမယ် ငါ့သား...

'ကျောက်ဖျာကြီးကို မ,လိုက်တဲ့အခါမှာ အောက်မှာ နဂါးအရိုးစုများကို ငါ့သား တွေ့ရပေလိမ့်မယ်၊ အရိုးစုအပုံထဲက သင့်တော်ရာ အရွယ်အစား အရိုးတစ်ခုကို ငါ့သား ယူလိုက်ပါ၊ ပြီးရင် ကျောက်ဖျာကြီးကို ပြန်ချပြီး ပိတ်ထားခဲ့ပါ၊ အများကြီး မယူနဲ့၊ တစ်ခုပဲယူ၊ လောဘ မကြီးနဲ့၊ ကြောက်လဲ မကြောက်နဲ့၊ သွားတဲ့အခါမှာ အဖော်လဲ ခေါ်မသွားနဲ့၊ ကြားလား...'

॥

■

ပထမနေ့မှာတော့ အိပ်မက်ဟာ အဲသည်လောက်နဲ့တင် ပြီးဆုံးသွားခဲ့တယ်။

ဒါနဲ့ နောက်တစ်နေ့ရောက်တော့ မောင်ဆက်ထင်ဟာ အိပ်မက်ထဲမှာ အဘိုးအို ပြောခဲ့တဲ့အတိုင်း ကျောက်လိုဏ်ဂူ အဆုံးအထိ ဝင်သွားခဲ့တယ်။

ကျောက်လိုဏ်ဂူအဆုံးမှာ ကျောက်ဖျာချပ်ကြီးကို တကယ်ပဲ တွေ့လိုက်ရတယ်။

ကျောက်ဖျာချပ်ကြီးဟာ ဆယ်ပေပတ်လည်လောက်ကျယ်ပြီး အထူက တစ်ပေလောက်ရှိတယ်ဆိုပဲ။ သာမန်လူဆယ်ယောက် မ,ရင်တောင် ကြွမယ့်ပုံ မပေါ်ဘူး၊ သို့ပေမယ့် မောင်ဆက်ထင် မ,ကြည့်လိုက်တဲ့အခါမှာ အလွယ်တကူပဲ ကြွတက်လာတယ်။

ကျောက်ဖျာအောက်မှာလည်း ဖြူဖွေးတဲ့ အရိုးစုတွေကို တွေ့လိုက်ရတယ်။ အရိုးတွေဟာ တောင်ပုံယာပုံ ပြန့်ကြဲနေတယ်။

မောင်ဆက်ထင်ကတော့ အိပ်မက်ထဲမှာ အဘိုးအို ညွှန်ကြားတဲ့ အတိုင်းပဲ တစ်ဘက်က ကျောက်ဖျာကြီးကို လက်တစ်ဖက်နဲ့ မ,ထားရင်းက နောက်လက်တစ်ဖက်နဲ့ လက်တစ်ဆစ်အရွယ် အရိုးလေးတစ်ခုကို နှိုက်ယူလိုက်တယ်။

ပြီးတော့ ကျောက်ဖျာကြီးကို ပြန်ချထားလိုက်တယ်။

သူဟာ နဂါး အရိုးလေးကို ကိုင်ပြီး ဘာဆက်လုပ်ရမှန်း မသိသေးဘူး။

ဒီအကြောင်းကို ဘယ်သူ့မှလည်း ပြောမပြဘဲ နဂါးအရိုးကို  သိမ်းထားလိုက်တယ်။

နဂါးအရိုး ရလာတဲ့ ညမှာပဲ အဘိုးအိုဟာ ထပ်ပြီး အိပ်မက် ပေးပြန်တယ်။

'ငါ့သား၊ မင်းရလာတဲ့ နဂါးအရိုးကို ဘယ်လို အသုံးပြုရမယ်ဆိုတာ အဘ ပြောပြမယ်၊ အဘတို့ နဂါးတွေဟာ အမြင်အာရုံမှာ အစွမ်း အလွန်တရာ ထက်မြက်ကြတယ်ကွယ့်...၊ နဂါးတို့ မျက်စောင်းအကြောင်းသုံးပါး မရှေးဘူးဆိုတာ ကြားဖူးရဲ့မဟုတ်လား'

'ဟုတ်ကဲ့ အဘ'

နဂါးများရဲ့ မျက်လုံးဟာ တောတောင် အထပ်ထပ်ကိုလဲ ဖောက်မြင်နိုင်တယ်၊ ပင်လယ်သမုဒ္ဒရာတွေကိုလဲ ဖောက်ထွင်းမြင်နိုင်စွမ်း ရှိတယ်ကွယ့်၊ သည်တော့ကာ ငါ့သားဟာ နောက်တစ်နေ့မနက်က စပြီးတော့ မျက်စိရောဂါတွေကို နဂါးအရိုးနဲ့ ကုသပေးပေတော့'

'ဘယ်လို ဘယ်ပုံ ကုသရမှာလဲ အဘ၊ ကျွန်တော်က စာပေလဲ သိပ်မတတ်ကျွမ်းပါဘူး၊ ရောဂါကုသဖို့

ဆိုတာဝေးလို့ ရောဂါအကြောင်းလဲ ဘာတစ်ခုမှ နားမလည်ပါဘူး အဘရယ်'

'နားလည်စရာလဲ မလိုပဘူးကွယ့်၊ မျက်စိရောဂါ ဖြစ်နေတဲ့သူ၊ မျက်စိနာသူက စလို့ မျက်စိကွယ်တဲ့သူ အထိ နဂါးအရိုးနဲ့ အမျိုးစုံ ကုနိုင်တယ်၊ ဘယ် မျက်စိဝေဒနာရှင်ကိုမဆို နဂါးအရိုးကို ကျောက်ပျဉ်မှာသွေးပြီး မျက်စိ တစ်ဝိုက်မှာ လိမ်းသာ ပေးလိုက်၊ သက်သာပျောက်ကင်းသွားလိမ့်မယ်၊ အများအားဖြင့် ပျောက်ကို ပျောက်စေရမယ်ကွယ်၊ မပျောက်ရင်ဖြင့် ဒီ ဝေဒနာရှင်ဟာ ဝဋ်နာ ကံနာမို့ပဲ၊ ဒီလိုဝေဒနာရှင်မျိုးကိုတော့ လက်လျှော့လိုက်ပေတော့'

'ဖြစ်ပါ့မလား အဘရယ်…'

အိပ်မက်ထဲမှာတောင် မောင်ဆက်ထင်ဟာ ဇဝေဇဝါဖြစ်နေမိသေးတယ်တဲ့။

'စိတ်ချလက်ချသာ ကုပေးပေတော့ ငါ့သား၊ နောက်တစ်နေ့မနက်ကစလို့ ပင်ပန်းတဲ့ ထင်းခုတ်စားတဲ့အလုပ်ကို ငါ့သား လုပ်စရာ မလိုတော့ဘူး၊ ဒါဟာ အဘအသက်ကို ကယ်တင်ခဲ့လို့ အဘက ချီးမြှင့်တာပဲ၊ အဲ…တစ်ခုပဲ ရှိတယ်၊ ဆေးကုသခကို ငါ့သား တောင်းခွင့်မရှိဘူး၊ ဘယ်ရွှေဘယ်မျှပေးပါလို့ ဝေဒနာရှင်ဆီက မတောင်းရဘူး၊ တောင်းမိရင် နဂါးအရိုးရဲ့ အာနိသင်ဟာ ပျက်ပြယ်သွားလိမ့်မယ်ကွယ့်၊ ဝေဒနာရှင် ချီးမြှင့်သမျှကိုသာ ငါ့သား ယူရမယ်၊ ကြားလား'

'ဟုတ်ကဲ့ အဘ'

'ဆေးဖိုးဝါးခ တောင်းခံခွင့်မရှိလို့ စားဝတ်နေရေးအတွက် စိတ်မပူနဲ့ ငါ့သား၊ သား တောင်းစရာမလိုဘဲ သူ့အလိုလို ရလာပါလိမ့်မယ်၊ ဝေဒနာသည်တွေကိုသာ စေတနာထားပြီး ကုသပေး၊ အဆင့်အတန်း မရွေး၊ ချမ်းသာ ဆင်းရဲမရွေး ကုသပေးပေတော့၊ ဝေဒနာသည်တွေ ချီးမြှင့်တဲ့ ဆေးဖိုးဝါးခနဲ့ သားဟာ ချမ်းသာကြွယ်ဝ လာလိမ့်မယ် ကွယ့်…'

'ဝမ်းသာလိုက်တာ အဘရယ်'

'အထူး မှာကြားစရာရှိသေးတယ်ကွယ့်၊ နဂါးအရိုးကို မိန်းမတွေ မထိမကိုင်ပါစေနဲ့၊ မိန်းမများဟာ ဘုန်းကံ နိမ့်ပါးသူများမို့ မိန်းမများ ထိကိုင်မိရင် အာနိသင် ပျက်ပြယ်ရလိမ့်မယ်၊ သည်တော့ကာ နဂါးအရိုးကို ငါ့သားက သေချာသိမ်းဆည်း သိုဝှက်ထားပြီး အခန်းထဲမှာ သွေးယူပြီးမှ ဝေဒနာသည်ကို လိမ်းပေးပေတော့'

'ဟုတ်ကဲ့ပါ အဘ'

'နဂါးအရိုးဟာ လူဘယ်နှစ်ယောက်ကိုပဲ ကုသပေးသည်ဖြစ်စေ ကုန်ခန်းသွားမှာ မဟုတ်ဘူးကွယ့်၊ ငါ့သားရဲ့ မျိုးဆက်များကို ဆက်လက်ပြီး လက်ဆင့်ကမ်း အမွေပေးလို့ရတယ် ငါ့သား'

'ဟုတ်ကဲ့ အဘ'

'သို့သော် တစ်ခုသတိထားရမှာက သမီးမိန်းကလေးကို အမွေပေးလို့ မရဘူး၊ သားယောကျ်ားလေးကိုသာ အမွေပေးပေတော့၊ သားယောကျ်ားလေး များပြားရင် အကြီးဆုံးသောသားကို အမွေပေးရမယ်ကွယ့်၊ သူကလဲ တစ်ဆင့် တစ်ဆင့် သူ့ရဲ့ အကြီးဆုံးသားရဲ့ မျိုးဆက်များကို အမွေပေးခြင်းဖြင့် နဂါးအရိုးကို ဆက်ခံသွားပါလေ၊ သား ယောကျ်ားလေး မည်သူမဆို နဂါးအရိုးနဲ့ မျက်စိရောဂါကုသနိုင်ပေတယ်၊ ဆွေမျိုးသားချင်းမတော်သော အခြားသူများ လက်ဝယ် ရောက်ရှိသွားရင်တော့ နဂါးအရိုးဟာ အစွမ်းထက်မြက်တော့မယ် မဟုတ်ဘူး၊ သေချာမှတ်ထားပေတော့ ငါ့သား'

'ဟုတ်ကဲ့ပါ အဘ'

'အေး…အေး…၊ နဂါးအရိုးတစ်ခုနဲ့ သားစဉ်မြေးဆက်လုပ်ကိုင်စားပေတော့ ငါ့သားရေ၊ ဝေဒနာရှင်များအပေါ်မှာ စေတနာ မေတ္တာ မှန်ကန်ခဲ့ရင် ငါ့သား ဆေးဆရာတစ်ယောက် ဘဝနဲ့ ချမ်းသာကြွယ်ဝပါလိမ့်မယ်ကွယ်…၊ အဘ သွားပြီ သားရေ၊ အဘမှာခဲ့တာတွေကို သေချာမှတ်သားထားရစ်ပေတော့'

အဘိုးအိုဟာ မှာစရာရှိတာတွေ မှာခဲ့ပြီး ပျောက်ကွယ်သွားတယ်တဲ့။အဲဒီနောက်ပိုင်းကစပြီး အဘိုးအိုကို အိပ်မက်ထဲမှာ နောက်ထပ် မတွေ့ရတော့ဘူးတဲ့။

အဖြစ်ကတော့ အဲဒါပါပဲ မောင်ရင်။

॥

►

ဆရာဖေခင်က သူ ပြောပြနေသော ဇာတ်ကြောင်းကို နိဂုံးချုပ်လိုက်လေသည်။

"ဆရာကြီးတို့ မျိုးရိုးဟာ အဲဒီ နဂါး အရိုးကို အသုံးပြုပြီး ဆေးကုစားခဲ့တာပေါ့နော်"

"ဒါပေါ့ကွယ်၊ အဘိုး ဦးဆက်ထင်ဟာ အိပ်မက်မက်ပြီး နောက်တစ်နေ့က စလို့ ထင်းခုတ်မသွားတော့ဘဲ မျက်စိဝေဒနာ ခံစားနေရသူများကို နဂါးအရိုး သွေးလိမ်းပေးပြီး ဆေးကုပေးခဲ့တယ်၊ ကုစ,ကတော့ သူကိုယ်တိုင်လည်း မယုံတစ်ဝက် ယုံတစ်ဝက်ပဲတဲ့၊ နောက်တော့ တကယ်သက်သာပျောက်ကင်းလို့ ဦးဆက်ထင်ဟာ မျက်စိကု ဆေးဆရာ အဖြစ် နာမည်ကျော်ကြားလာခဲ့တယ်၊ သူက သူ့သားကို အမွေပေးခဲ့ပြီး အစဉ်အဆက် မျက်စိကုလာခဲ့တာ ကျုပ်အထိ ဆိုရင် မျိုးဆက် ငါးဆက် ရှိခဲ့ပြီကွယ့်"

"သိပ် စိတ်ဝင်စားစရာ ကောင်းတာပဲ ဆရာကြီးရယ်၊ အဲဒီ နဂါး အရိုးကို ကြည့်ပါရစေ ဆရာကြီး"

ဒေါက်တာ သိဒ္ဓိက တောင်းဆိုလိုက်ရာ ဆရာဖေခင်သည် တွေဝေသွားလေ၏။

"ကြည့်ပါရစေ ဆရာကြီး"

ဒေါက်တာ သိဒ္ဓိက ထပ်မံ တောင်းဆိုလိုက်လေသည်။

"နဂါးအရိုးဟာ အခြားအရိုးများနည်းတူ အရိုးလေးတစ်ခုပါပဲကွယ်၊ ကြည့်လဲ ဘာမှ ထူးထူးခြားခြား မဟုတ်ပါဘူး"

"ဟုတ်ကဲ့၊ ဒါပေမယ့် ဒီလောက်အစွမ်းထက်တဲ့ ပစ္စည်းကို မြင်ဖူးချင်လို့ပါ ဆရာကြီး၊ ပြပါ ခင်ဗျာ၊ ကျွန်တော် ကိုယ်တိုင်လဲ မျက်စိအထူးကု ဆရာဝန်တစ်ယောက်ပါ"

"ဟေ…ဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော်တို့ကတော့ မျက်စိရောဂါကုသတတ်ဖို့ သင်လိုက်ရတဲ့ ပညာတွေ၊ လေ့လာလိုက်ရတဲ့ စာအုပ်စာတမ်းတွေ မနည်းပါဘူး ဆရာကြီးရယ်၊ ဆရာကြီးတို့ကတော့ ကံကောင်းလွန်းလို့ နဂါးအရိုး တစ်ခုတည်းနဲ့ မျက်စိရောဂါမျိုးစုံ ပျောက်အောင် ကုသနိုင်ပါတယ်၊ အစွမ်းထက်လွန်းတဲ့ နဂါးအရိုးလေး ကြည့်ရုံလေး ကြည့်ပါရစေ ဆရာကြီး၊ ပြပါခင်ဗျာ"

"ခက်တော့တာပဲကွယ်"

ဆရာဖေခင်သည် လူစိမ်းတစ်ယောက်ကို နဂါးအရိုးအား ပြလည်း မပြချင်၊ တောင်းဆိုသူက မျက်စိကုဆရာဝန် တစ်ယောက် ကိုယ်တိုင်ဖြစ်နေ၍လည်း မြန်မာလူမျိုး အညာသားကြီးဖြစ်သည့် အားလျော်စွာ ငြင်းရမှာကို အားနာနေ လေသည်။

"ပြပါ ဆရာကြီး၊ မျက်စိနဲ့ ပတ်သက်ပြီး အစွမ်းထက်တဲ့ ပစ္စည်းတစ်ခုမို့ လေ့လာရုံလေး ကြည့်ချင်လို့ပါဗျာ"

ဆရာဖေခင်က သက်ပြင်းကိုချကာ…

"အေးကွယ်…၊ ဘယ်သူ့မှ မပြခဲ့ဖူးပါဘူး၊ လူစိမ်းအတွက်လဲ အရေးပါတဲ့ ပစ္စည်းမဟုတ်ဘူးလေ၊ အဘတို့ မျိုးရိုးကိုယ်တိုင် ကုသမှသာ ပျောက်ကင်းအစွမ်းထက်တာကိုး၊ မောင်ရင်က ဆရာဝန်တစ်ယောက်ဆိုတော့ ပြပါမယ် ကွယ်"

"ဝမ်းသာလိုက်တာ ဆရာကြီးရယ်၊ ကျွန်တော့်မှာ ဒီသတင်းကို ကြားကတည်းက ကြည့်ချင်နေတာပါ၊ နိုင်ငံခြား ကနေတောင် ပြန်လာရတာပါ ဆရာကြီးရယ်၊ ကျေးဇူးတင်လိုက်တာဗျာ"

"ခဏစောင့် မောင်ရင်"

အဘိုးအိုက လေးတွဲ့စွာဖြင့် အပေါ်ထပ်သို့ တက်သွားလေသည်။

ဒေါက်တာသိဒ္ဓိသည် စိတ်လှုပ်ရှားစွာဖြင့် အောက်ထပ်တွင်စောင့်ကျန်ခဲ့၏။ စိတ်လှုပ်ရှားရလွန်း၍ ဒေါက်တာသိဒ္ဓိ သည် ဖင်တကြွကြွဖြစ်နေလေသည်။ နဖူးမှစို့ကျလာသော ချွေးသီးကြီးများကို လက်ကိုင်ပဝါအနီရောင်ကြီးဖြင့် ကြမ်းတမ်း စွာ ပွတ်သုတ်လိုက်၏။

နေပူရှိန်ကြောင့် သူ၏ အသား ဖြူပွပွကြီးမှာ နီရဲနေလေသည်။

ဒေါက်တာသိဒ္ဓိက ဆရာဖေခင်ဆင်းလာမည့် လှေကားပေါ်သို့ ဂနာမငြိမ်စွာ တမော့မော့နှင့် ကြည့်နေပေသည်။

မကြာမီ ဆရာဖေခင် အပေါ်ထပ်မှ ဆင်းလာလေ၏။

ဒေါက်တာသိဒ္ဓိက ကြည့်လိုဇောဖြင့် ထိုင်ရာမှ ထကာ ကြိုဆိုလိုက်သည်။

"နဂါးအရိုး…၊ နဂါးအရိုး ဘယ်မှာလဲ"

နှုတ်မှလည်း အငမ်းမရ မေးလိုက်သေး၏။

"ထိုင်ပါ မောင်ရင်ရယ် ပြပါ့မယ်"

ဆရာဖေခင်က ဒေါက်တာသိဒ္ဓိ၏ ယောက်ယက်ခတ်နေသောအမူအရာကို အံ့သြစွာကြည့်၍ သတိပေးလိုက်

ရသည်။

ဒေါက်တာသိဒ္ဓိက ကုလားထိုင်ပေါ် ပြန်ထိုင်လိုက်ရင်း…

"ဟုတ်…ဟုတ်ကဲ့၊ ပြပါတော့"

ဆရာဖေခင်က တိုက်ပုံအင်္ကျီအတွင်းအိတ်ထဲတွင် ထည့်လာသော အိတ်ရှုံ့လေးတစ်ခုကို ထုတ်ယူလိုက်သည်။ ထိပ်တွင် ကြိုးဖြင့် စုချည်ရသည့် သားရေဖြင့် ချုပ်လုပ်ထားသော အိတ်ရှုံ့လေးတစ်ခု ဖြစ်ပါ၏။

ဆရာဖေခင်သည် ကြိုးကိုဖြေရင်း အိတ်ရှုံ့လေးထဲမှပစ္စည်းကို နှိုက်ယူလိုက်လေသည်။ ပါလာသော နဂါးအရိုးကို သူ၏ လက်ဝါးထဲတွင် ထည့်၍ ပြလိုက်သည်။

"ဟင်…သေးသေးလေးပါလား"

ဒေါက်တာသိဒ္ဓိက နဂါးအရိုးကို ကြည့်ရင်း အံ့သြစွာ ရေရွတ်လိုက်လေ၏။

နဂါးအရိုးဆိုသည့် အရာသည် လက်သည်းခွံသာသာမျှသာ ရှိပေ၏။

"ဒါ…ဒါ…ဆရာကြီးတို့ မျိုးရိုးစဉ်ဆက် သုံးခဲ့လို့ သေးသေးလေးပဲ ကျန်တော့တာပေါ့နော်…"

"မဟုတ်ဘူးကွယ့်…၊ ဦးဆက်ထင် ယူလာကတည်းက ဒီအရွယ် အရိုးလေးကိုပဲ ယူလာတာလို့ သိရတယ်"

"ဗျာ…ယူမယ့်ယူ ကြီးကြီး ယူလာတာမဟုတ်ဘူးဗျာ…၊ ဒီလူကြီးကလဲ…"

"မောင်ရင်…၊ ကြီးကြီး, သေးသေး အစွမ်းထက်ဖို့ လို ရင်းပဲကွယ့်"

"သြော်…ဟုတ်ကဲ့ပါ၊ ကျွန်တော်က လူနာတွေကို သွေး သွေးလိမ်းပေးရင်း သေးသေးလေးကျန်တော့တာ ထင်လို့ပါ ဆရာကြီး"

"မဟုတ်ဘူး၊ သွေးတဲ့အတွက် အရိုးဟာ သေးမသွားဘူး၊ ကျုပ် လက်ခံတုန်းကလဲ ဒီအရွယ်ပဲ၊ ကျုပ် ကုပေးခဲ့တဲ့ လူနာတင် တစ်ထောင်မကတော့ဘူး၊ နဂါးအရိုးဟာ သွေးလို့ သေးမသွားပါဘူး၊ ဒီအတိုင်းက ဒီအတိုင်းပါပဲ"

"ကျွန်တော် ကိုင်ကြည့်ပါရစေ ဆရာကြီး"

"ကိုင်ကြည့်ပါလေ၊ မောင်ရင်က ယောကျ်ားလေးပဲ၊ မိန်းမ တွေ ကိုင်ရင်သာ အာနိသင် ပျက်ပြယ်တတ်တာပါ"

ဆရာဖေခင်က ခွင့်ပြုလိုက်သည်နှင့် ဒေါက်တာသိဒ္ဓိသည် ဆရာဖေခင် လက်ဝါးထဲမှ နဂါးအရိုးကို အငမ်းမရစွာ ဆတ်ခနဲ ကောက်ယူလိုက်လေ၏။

ဆရာဖေခင်သည် ဣန္ဒြေမဲ့လှသော ဆရာဝန်ကို အလိုမကျစွာ မျက်မှောင်ကြုတ်၍ ကြည့်လိုက်လေသည်။ ဒေါက်တာသိဒ္ဓိက သူ့လက်ထဲရောက်လာသော နဂါးအရိုးသေးသေးလေးကို ဖင်ပြန် ခေါင်းပြန် ဟိုလှည့်သည်လှည့်ဖြင့် အသေးစိတ်ကြည့်လျက်ရှိလေ၏။

"နဂါးအရိုး၊ နဂါးအရိုး၊အင်း‥ဒါ နဂါးအရိုးပါလားနော်"

ဒေါက်တာသိဒ္ဓိကတစ်ကိုယ်တည်းမချင့်မရဲရေရွတ်နေလေ၏။

ဒေါက်တာသိဒ္ဓိသည် နဂါးအရိုးကို သူ၏လက်ထဲတွင် ပိုင် ပိုင် နိုင်နိုင် ဆုပ်ကိုင်လိုက်ကာ…

"ဆရာကြီး၊ ကျွန်တော် တစ်ခု ပြောပါရစေ"

"အင်း…"

"နားနဲ့မနာ ဖဝါးနဲ့နာပါခင်ဗျာ"

"မောင်ရင့်ဟာက ဘယ်လိုတုံးကွယ့်၊ ယောကျ်ားအချင်းချင်း ဘယ့်နှယ် ဖဝါးနဲ့ နာစရာရှိသလဲ၊ ပြောစရာရှိ ပြောပေါ့"

"ဆောရီး ဆရာကြီး၊ ကျွန်တော်က နိုင်ငံခြားမှာ အနေကြာတော့ မြန်မာအသုံးအနှုန်းတွေ သိပ်မတတ်တော့လို့ပါ၊ စကားပြောတာ အံမဝင်ရင် ခွင့်လွှတ်ပါ"

"ပြောမှသာ ပြောပါလေ"

"ဟို…ဟို…နဂါးအရိုးကို…"

ဒေါက်တာသိဒ္ဓိက မပြောသေးပဲ တွန့်ဆုတ်နေသေး၏။

"ဒီနဂါးအရိုးကို ကျွန်တော့်ကို ရောင်းပါလားဟင်၊ ကျွန်တော် ဒေါ်လာတစ်ထောင် ပေးပါ့မယ်"

ဆရာဖေခင်က ဒေါက်တာသိဒ္ဓိအားအံ့သြစွာကြည့်လိုက်သည်။

"မောင်ရင့်ကို ပြောခဲ့ပြီပဲ၊ ကျုပ်တို့ မျိုးရိုးထဲကလူ ကုမှသာ နဂါးအရိုးဟာ အစွမ်းထက်မြက်တာပါလို့၊ မောင်ရင် ကုလို့ မရဘူး မောင်ရင်"

"အို…ကျွန်တော်က ဆေးကုဖို့မဟုတ်ဘူးဗျ၊ ကျွန်တော့်မှာ တခြားတစ်မျိုး သုံးစရာရှိလို့ပါ"

"မဖြစ်ပါဘူး မောင်ရင်၊ ဘယ်နည်းနဲ့မှ ရောင်းလို့ မဖြစ်ဘူး၊ တစ်ခါမှလဲ စိတ်တောင် မကူးဖူးပေါင်ကွယ်"

"ဒေါ်လာ နှစ်ထောင်ပေးမယ်ဗျာ"

"ဟေ့…မောင်ရင်၊ မရောင်းပါဘူးဆို"

"တစ်ဒေါ်လာကို ပေါက်ဈေး ဘယ်လောက်ရှိသလဲ သိသလား ဆရာကြီး၊ ဒေါ်လာနှစ်ထောင်ဆိုတာ မြန်မာငွေနဲ့ တွက်ရင် အများကြီးဗျ"

"ဟေ့…ငါ့ နဂါးအရိုးကို ပြန်ပေး၊ အရောင်းအဝယ်စကား နောက်ထပ် မပြောနဲ့၊ ပေးစမ်း…ငါ့ ပစ္စည်း"

ဆရာဖေခင်က ဩဇာအပြည့်ပါသောအာဏာသံဖြင့်တောင်းလိုက်သည့်အခါ ဒေါက်တာသိဒ္ဓိသည် ကြောက်ကြောက်လန့်လန့်ဖြင့် နဂါးအရိုးကို ဆရာဖေခင်လက်ထဲသို့ ပြန်ပေးလိုက်လေ၏။

ဆရာဖေခင်က နဂါးအရိုးကို သားရေ ရှုံ့အိတ်လေးအတွင်းသို့ ပြန်ထည့်လိုက်လေသည်။

"စိတ်မရှိပါနဲ့ ဆရာကြီးရယ်၊ ဆရာကြီး နဂါးအရိုးနဲ့ ဆေးကုပေးရင် လူနာတစ်ယောက်ကို ဘယ်လောက်ရ သလဲဟင်"

"ငါက ဆေးဖိုးဝါးခကို သတ်မှတ်မထားဘူးကွယ့်၊ လူနာတွေ ကန်တော့သလောက်ပဲ ယူတယ်၊ ငါ့မှာ လောဘ လဲ မရှိဘူး"

ဆရာဖေခင်က ပြတ်သားစွာပြောလိုက်သည်။

"ဆရာကြီးရယ်…၊ ဒါနဲ့များဗျာ၊ ကျွန်တော် ဆရာကြီးကို သေသည်အထိ လုပ်ကျွေးပြုစုပါ့မယ်၊ ရန်ကုန်မှာ တိုက်နဲ့ကားနဲ့ ထားပါ့မယ်၊ နိုင်ငံခြားလိုက်နေရင်လဲ လိုက်နေပါ၊ ဆေးမကုပါနဲ့တော့ဗျာ၊ နဂါးအရိုးကို ကျွန်တော့်ကိုသာ ပေးလိုက်ပါတော့"

"မောင်ရင် ရူးများနေသလားကွယ့်၊ ငါဟာ လောဘလဲ မရှိဘူး၊ ငါ့ဇာတိကနေ ဘယ်မှလဲ မသွားဘူး၊ နိုင်ငံခြား ဝေးလို့ ရန်ကုန်တောင် မလိုက်ဘူးကွ"

"ဆရာကြီးသေရင် ဒီနဂါးအရိုးကို ဘယ်သူ့ပေးခဲ့မလဲဟင်"

"ငါ့သားကို ပေးမှာပေါ့၊ အေး…ငါ့သားကတော့ ခုချိန်ထိ နဂါးအရိုးနဲ့ ဆေးကုဖို့ စိတ်မဝင်စားသေးဘူး၊ သေခါနီးလို့ သူ့ကို နဂါးအရိုး လွှဲပေးချိန်အထိ သူက ဆေးကုဖို့ စိတ်မပါဘူးဆိုရင်တော့ ငါသေတော့ ငါ့အလောင်း နဲ့အတူ မီးရှို့ပစ်ဖို့ပဲ၊ ငါ့သားကိုလဲ ဒီအတိုင်း မှာထားတယ်"

"အောင်မယ်လေးဗျာ…၊ နမြောစရာကြီး၊ ဒါဖြင့် ကျွန်တော် ဆရာကြီးသားဆီက ဒီပစ္စည်းကို ဝယ်မယ်ဗျာ"

ဆရာဖေခင်သည် အသက်အရွယ်နှင့်မလိုက်အောင် လျင်မြန်စွာ ထိုင်ရာမှ ထလိုက်၏။ ဆရာဖေခင် လက်ထဲမှ တောင်ဝှေးကြီးကို လေထဲတွင် ဝင့်ရင်း ဒေါက်တာသိဒ္ဓိအား ရိုက်မည့်ဟန်ပြုလိုက်သည်။

"ဟေ့…ဆရာဝန်၊ ငါကတော့ မင်းကို ဆရာဝန်တစ်ယောက်ဆိုလို့ တရားထိုင်နေတာကိုတောင် ဖျက်ပြီး တလေးတစား စကားလက်ခံပြောခဲ့တယ်၊ မင်းကတော့ ငါ့ကို စော်ကားတယ်၊ ဟေ့ကောင်၊ မင်း ငါ့အိမ်ထဲက ထွက်သွား စမ်း၊ သွား…ခု သွား၊ ငါ ရိုက်မိတော့မယ်နော်"

ဒေါက်တာသိဒ္ဓိသည် တကယ်ရိုက်တော့မည့်ဟန်ကြောင့် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင်ပြေးလေ၏။

သူသည် ဝဖိုင့်ဆူဖြိုးသော ခန္ဓာကိုယ်ကြီးကို မနိုင်မနင်း သယ်ပိုးကာ ကားဆီသို့အရောက် အိပ့် အိပ့်နှင့် ပြေးခဲ့ လေသည်။

ကားနားအရောက်တွင် မောဟိုက်ကာ ချွေးများစီးကျပြီး ချွေးစက်များက အင်္ကျီတစ်ထည်လုံးကို ရေများရွှဲစို သကဲ့သို့ ရွှဲစိုနေလေ၏။

ဒေါက်တာသိဒ္ဓိက မောဟိုက်စွာ အသက်ကိုရှူရင်း ဆရာဖေခင်၏ အိမ်ဆီသို့ တစ်ချက် လှည့်ကြည့်လိုက်သည်။

"ဟင်း…ဒါဟာ နဂါးတစ်ကောင်ရဲ့အရိုး တကယ်ဖြစ်နိုင်တယ်၊ ယူမယ်၊ ယူမယ်၊ နဂါးအရိုးကို ရအောင် ယူမယ်၊ ကောင်းကောင်းမွန်မွန် ဈေးကောင်းပေးပြီး ဝယ်တာမှ မရောင်းရင် မရ,ရတဲ့ နည်းနဲ့ ယူရမယ်ကွ၊ ဟင်း… ဟင်း…ဟင်း…"

သူက မချင့်မရဲ ညည်းတွားရေရွတ်လိုက်လေသည်။

။

▶

တစ်ခုသော သီတင်းကျွတ်လပြည့်နေ့ ည။

ဆရာဖေခင်နေသော အညာမြို့ကြီးတွင် နှစ်စဉ် ကျင်းပမြဲအတိုင်း မြို့ထောင့်စေတီဘုရားပွဲ ကျင်းပနေသည့် ရက်တစ်ရက် ဖြစ်ပေသည်။

ဆရာဖေခင်၏ သားနှင့်ချွေးမသည် မြို့ထောင့်စေတီဘုရားပွဲတွင် ကွမ်းယာဆိုင် သွားဖွင့်နေကြ၍ အိမ်၌ ဆရာဖေခင် တစ်ယောက်တည်း ရှိနေပေသည်။

ည သန်းခေါင်တိုင်သည်အထိ ဆရာဖေခင်၏ ဘုရားရှိခိုးသံ၊ မေတ္တာပို့ အမျှဝေသံများကို ကြားနေရလေသည်။ ဆရာဖေခင်က ကြေးစည်လေးကိုထုကာ အမျှဝေလိုက်ပြီးနောက် အသံများတိတ်ဆိတ်သွားကာ ဘုရားခန်းမီးလည်း ပိတ်သွားလေသည်။

ထိုအချိန်တွင် လူငါးယောက်သည် ဆရာဖေခင်၏ အိမ်ဆီသို့ တိတ်ဆိတ်စွာ ချဉ်းကပ်လာကြလေ၏။ လူငါးယောက်သည် အနက်ရောင်ဘောင်းဘီပွနှင့် အနက်ရောင်အင်္ကျီများ ဝတ်ဆင်ထားကာ အမှောင်ထုထဲ၌ မမြင်သာအောင် ဖန်တီးထားလေသည်။ သူတို့အားလုံး၏ မျက်နှာများတွင်လည်း ပဝါအနက်ရောင်ကိုယ်စီကို စည်းနှောင်ထားကြလေ၏။

လူငါးယောက်၏ သွင်ပြင်ကို မြင်ရုံမျှဖြင့် မကောင်းမှုဒုစရိုက်ကို ကျူးလွန်ရန် ကြံရွယ်ထားကြောင်း သိသာလှလေသည်။

မြို့ထောင့်စေတီဘုရားပွဲမှာ ဆရာဖေခင်၏အိမ်နှင့် အလှမ်းကွာဝေးသည့်အတွက် အိမ်ပတ်ဝန်းကျင်သည် တိတ်ဆိတ်ခြောက်ကပ်နေပေ၏။ လူအများစုမှာလည်း ပွင့်လင်းရာသီ၏ ပထမဆုံးပွဲဖြစ်သည့်အပြင် မြို့၏ အစည်ကားဆုံးပွဲလမ်းသဘင်မို့ ဘုရားပွဲသို့ ရောက်ရှိနေကြလေ၏။

လူငါးယောက်ထဲမှ နှစ်ယောက်သည် အိမ်ရှေ့သို့ ချဉ်းကပ်သွားကာ ကျန်တစ်ယောက်က တံခါးကို ခေါက်လိုက်လေသည်။ ကျန်သုံးယောက်က အမှောင်ရိပ်အကွယ်တွင် စောင့်နေကြလေ၏။

တံခါးခေါက်သံကြောင့် အတွင်းမှ ပြန်မေးလိုက်သော အသံတစ်သံ ထွက်ပေါ်လာလေသည်။ ဆရာဖေခင်၏ အသံပင်ဖြစ်ပါသည်။

"ဘယ်သူလဲဟေ့…ညကြီးမင်းကြီး၊ မောင်သော်ဇင်လား ကွယ့်"

မောင်သော်ဇင်ဆိုသည်မှာ ဆရာဖေခင်၏ တစ်ဦးတည်းသောသား ဖြစ်သည်။

သူ့သား ဘုရားပွဲမှ ပြန်လာသည်အထင်နှင့် ဆရာဖေခင်က မေးလိုက်ခြင်းဖြစ်ပါသည်။

"မဟုတ်ပါဘူးဆရာကြီး၊ ကျွန်တော် လူနာပါ"

"ဘာကွယ့်…လူနာ၊ အချိန်မတော်ကြီးပါလားဟေ့၊ မနက် ဆေးခန်းဖွင့်ချိန်မှ လာခဲ့လကွယ်"

"အရေးကြီးလို့ပါ ဆရာကြီး၊ တံခါးဖွင့်ပါဦးဗျာ"

"ဘာ အရေးကြီးစရာ လိုသလဲကွယ့်၊ ကျုပ် ကုပေးတဲ့ရောဂါက အရေးပေါ်ရောဂါမျိုးမဟုတ်ဘူး၊ အေးအေးဆေးဆေးမှ ကုပေးလို့ ရတယ်၊ မနက်လင်းမှ လာခဲ့ကြပါ"

"ခဏဖွင့်ပါ ဆရာကြီး၊ ကျွန်တော်တို့က အာဂန္တုဧည့်သည်မို့ပါ၊ ဘုရားပွဲလာရင်း ဝင်လာတာပါ"

"ခက်တာပဲ ကွယ်ရို၊ ညကြီးမင်းကြီး မမြင်မစမ်းနဲ့ကွယ်"

ဆရာဖေခင်က ညည်းညူသံပြုကာ တုတ်ကောက်နှင့်လျှောက်လာသည့်အသံ တဒေါက်ဒေါက်ကို ကြားနေရလေသည်။

ဆရာဖေခင်က တံခါးမကြီးအနီးသို့ ရောက်လာကာ တံခါး ကန့်လန့်ကို ဆွဲဖွင့်လိုက်၏။

တံခါးပွင့်သွားသည်နှင့် အပြင်မှ လူနှစ်ယောက်သည် အတွင်းဘက်သို့ လျင်မြန်စွာ ဝင်လိုက်လေသည်။

အမှောင်တွင် ကွယ်ရပ်နေသော လူသုံးယောက်ကလည်း ထွက်လာကြကာ အိမ်ထဲသို့ အလျင်အမြန် ဝင်လိုက်ကြလေသည်။

လူငါးယောက်သည် အိမ်အတွင်းထဲ ရောက်သည်နှင့် တံခါးမကြီး၏ တံခါးချပ်ကို အတွင်းမှ ချက်ထိုး၍ ပိတ်လိုက်ကြလေ၏။

"ဘယ့်နှယ်လဲကွယ့်…မောင်ရင်တို့၊ မင်းတို့ဟာက…"

"အဘိုးကြီး…စကားမရှည်နဲ့၊ တိတ်"

ခေါင်းဆောင်ဖြစ်ဟန်တူသူက မာထန်စွာပြောလိုက်ကာ ဆရာဖေခင်၏ လက်မောင်းကို ချုပ်ကိုင်ထားလိုက်လေသည်။

"အဘိုးကြီး၊ နဂါးအရိုးဆိုတာ ဘယ်မှာလဲ၊ ကျုပ်တို့ကို အခု ထုတ်ပေးစမ်း"

"ဟေ့…သူငယ်၊ ဘာသဘောလဲကွယ့်၊ နဂါးအရိုးကို မင်းတို့ရလဲ မင်းတို့အတွက် ဘာမှ အကျိုးမထူးဘူး"

“ထူးထူး မထူးထူးဗျာ။ နဂါးအရိုးကို ကျုပ်တို့ လိုချင်တယ်၊ ခု ချက်ချင်းပေးပါ”

“မပေးနိုင်ဘူးကွယ့်…၊ နဂါးအရိုးဟာ ငါကိုယ်တိုင် ကုပေးမှ အစွမ်းထက်တာ၊ မင်းတို့ လက်ထဲရောက်တိုင်း မင်းတို့ ဆေးကုလို့ရမယ် မထင်နဲ့”

“အာ…ဒီအဘိုးကြီး လျှာရှည်လိုက်တာ၊ ခင်ဗျားပစ္စည်းကို ဆေးကုဖို့ တောင်းနေတာမဟုတ်ဘူးဗျ၊ ပေးမှာ ပေးစမ်းဗျာ၊ ဘယ်မှာ ထားသလဲ”

“မပေးနိုင်ဘူးဟေ့…၊ မပေးနိုင်ဘူးကွ၊ ဒါဟာ လူတွေကို ကယ်တင်ဖို့ရထားတဲ့ အထွတ်အမြတ်ပစ္စည်းတစ်ခုကွ၊ မင်းတို့ လက်ထဲကို မထည့်နိုင်ဘူး၊ ငါ သေတောင်မရဘူး မှတ်ထားကွ”

“တောက်…လျှာရှည်လိုက်တဲ့ အဘိုးကြီး…၊ ကဲကွာ”

စိတ်မြန်သော လူဆိုးတစ်ယောက်က ဆရာဖေခင်၏ ဝမ်းဗိုက်ဆီသို့ ဓားဖြင့် ထိုးချလိုက်ရာ ဆရာဖေခင်သည် ပီသစွာပင် မအော်နိုင်ပဲ နေရာမှာပင် လဲကျသွားလေ၏။

“ဟေ့ကောင် မင်း ဘယ်လိုလုပ်လိုက်တာလဲ”

ခေါင်းဆောင်လုပ်သူက ဓားဖြင့်ထိုးလိုက်သူက ဟန့်တားလိုက်သည်။ သို့သော် နောက်ကျသွားပေပြီ။ ဆရာ ဖေခင်က ကြမ်းပြင်ပေါ် လဲကျရင်း သွေးများအိုင်ထွန်းကာ အသက်ထွက်သွားလေပြီတည်း။

“ကဲ…ကဲ…မထူးတော့ဘူး၊ နဂါးအရိုးကို တစ်အိမ်လုံး အနှံ့ တွေ့အောင်သာ လိုက်ရှာပေတော့”

ခေါင်းဆောင်ကအမိန့်ပေးလိုက်ရာ ကျန်သူများသည် ဆရာဖေခင့်အလောင်းပေါ် ကျော်ခွရင်း အိမ်အနှံ့သို့ လိုက်လံ မွှေနှောက် ကြလေသည်။

နှစ်ယောက်က ခေါင်းရင်းဘက်တွင် အဖီဆွယ်ထားသော ဆေးခန်းထဲသို့ ရောက်သွားကြသည်။

နှစ်ယောက်က အောက်ထပ်တွင် ရှာကြကာ အပေါ်ထပ်သို့ ခေါင်းဆောင်ဖြစ်သူ တစ်ယောက်တည်း တက်သွား လေ၏။

သူတို့သည် မီးများဖွင့်ကာ အိမ်အနှံ့ အကြိုအကြားမကျန် လိုက်လံ မွှေနှောက် ရှာဖွေကြလေ၏။

တစ်အိမ်လုံး မီးများဖွင့်ပြီး ဝရုန်းသုန်းကားဖြစ်နေသည့်တိုင် ပတ်ဝန်းကျင်သည် ဆရာဖေခင့်အိမ်မှ ဖြစ်အင်ကို သတိမပြုမိကြပေ။ တစ်မြို့လုံးလိုလို ဘုရားပွဲသို့ ရောက်ရှိနေကြရာ ခြံဝင်းကျယ်ကြီးများဖြင့် တိတ်ဆိတ်သော ရပ်ကွက် တွင် ထူးခြားမှု မရှိဘဲဖြစ် နေလေ၏။

အောက်ထပ်မှ လူဆိုးများသည် အကြိုအကြားအနှံ့ ဖျက်ဆီး၍ ရှာဖွေနေကြ၏။ ဆေးခန်းထဲရောက် လူဆိုး နှစ်ယောက်က ဗျာအောက်မကျန် လှန်လှောရှာဖွေသည်။ ဆေးခန်းထဲတွင် ပစ္စည်းပစ္စယ မများလှပေ။ သူတို့သည် ဆေးခန်းထဲမှ ဘူးခွက်မကျန် လှန်လှောရှာဖွေသော်လည်း နဂါးအရိုးနှင့် ဆင်ဆင်တူသောအရာကိုပင် မတွေ့။

အိမ်အောက်ထပ်မှ လူဆိုးနှစ်ယောက်သည်လည်း အိမ်ခန်းထဲဝင်ကာ ခေါင်းအုံးများ၊ မွေ့ရာများ၊ စောင်များ၏ အကြိုအကြားမကျန် ရှာကြ၏။ မတွေ့တော့ မီးဖိုခန်းမှ ဆန်အိုး၊ ဆီအိုးများပါမကျန် သွန်မှောက် ရှာကြပြန်လေသည်။

အမှန်တကယ်တွင် လူသားများကို ဆေးကုကယ်တင်ပေးနေသည့် နေ့စဉ် ဆေးကုသရာတွင် သုံးသောပစ္စည်းကို ထိုကဲ့သို့သော နေရာမျိုးတွင် သိုဝှက်ထားပါမည်လား။ လူဆိုးများကား ဦးနှောက်မရှိ၊ စဉ်းစားဉာဏ်နုံ့နဲ့သူများဖြစ်ကြောင်း သိသာလှပေသည်။

အိမ်ပေါ်ထပ်သို့ တက်သွားသော ခေါင်းဆောင်လူဆိုးတစ်ယောက်သာ ဖြစ်နိုင်ခြေကို စဉ်းစားတတ်သော ဉာဏ် ရှိပေ၏။ သို့ကြောင့်လည်း ဦးနှောက်မဲ့ မိုက်ရူးရဲများအပေါ် ဆရာလုပ် အုပ်ချုပ်နိုင်ခြင်းဖြစ်ပေမည်။

သူသည် အပေါ်ထပ်ရောက်သည်နှင့် ဘုရားခန်းသို့ သွားသည်။ ဘုရားခန်းမီးကို ဖွင့်သည်။ ဘုရားခန်းထဲဝင်ကာ နဂါးအရိုးအား ထားနိုင်ခြေရှိသည့် နေရာများကို စေ့စေ့စပ်စပ် ရှာဖွေလေ၏။

နေ့စဉ် ဆေးကုပေးနေသော နဂါးအရိုးကို အထွတ်အမြတ်ထားသည့် နေရာတွင်သာ ထားပေမည်။

သူက ဘုရားကျောင်းဆောင်ထဲတွင် အရင်ရှာ၏။ ဘုရားဆင်းတုတော်များကို လှန်လှော၍ ရှာသည်။ ဘုရား စင်ရှေ့မှ သောက်တော်ရေချမ်းခွက်များ၊ အမွှေးတိုင်၊ ဖယောင်းတိုင်ထွန်းသည့် ကလပ်ကလေးများမကျန် စုံစေ့အောင် လှန်လှောကြည့်လေသည်။

တစ်နေရာတွင် ကလပ်တစ်ခုနှင့်တင်ထားသော ယွန်းဘူးကလေးတစ်ခုကိုတွေ့ရာ သူက ဆွဲယူကြည့်လိုက်လေ သည်။

ယွန်းဘူးလေးကို လှန်၍ကြည့်လိုက်ရာ အတွင်းမှ သားရေရုံ့အိတ်လေးကို တွေ့လိုက်ရလေ၏။ သားရေ ရုံ့အိတ် လေး၏ ကြိုးကို ဖြေ၍ကြည့်လိုက်သည့်အခါ လက်သည်းခွံခန့်သာရှိသော ဖြူဖွေးသည့်အတုံးလေး တစ်တုံးကို တွေ့လိုက်ရလေသည်။

သူက အိတ်ရုံ့ကလေးကို မှောက်၍ အိတ်ထဲမှ အရာကို သူ၏ လက်ဝါးပေါ်သို့ သွန်ချလိုက်၏။

သူက အတုံးလေးကို ကိုင်၍ လှည့်ပတ်ကြည့်လိုက်သည့်အခါ သွေးထားသော အရာများကို တွေ့လိုက်ရလေ၏။

လူဆိုးခေါင်းဆောင်သည် စိတ်ကျေနပ်သွားကာ သားရေရုံ့အိတ်လေးထဲသို့ ထိုအရာကို ပြန်ထည့်ပြီး အိတ်ကို သူ၏ အင်္ကျီအိတ်ကပ်ထဲသို့ ထည့်လိုက်လေသည်။ သူသည် အေးဆေးစွာပင် အောက်ထပ်သို့ ပြန်ဆင်းလာခဲ့၏။

အောက်ထပ်တွင် သူ့တပည့်များ ရှာဖွေမွှေနှောက်ထားသည့်အတွက် တစ်အိမ်လုံးမွှစာတက်ကာ ရစရာမရှိအောင် ရှုပ်ပွနေပေသည်။

"ဟေ့ကောင်တွေ…၊ တော်တော့၊ ပြန်ကြမယ်၊ သိုသိုသိပ်သိပ် အိမ်ထဲက ထွက်ကြ"

"ဟာ…ဆရာ၊ နဂါးအရိုးကြီးကို ရခဲ့ပြီလား ဆရာ၊ ဘယ်မှာလဲ ဆရာ"

"ဟေ့ကောင်…တိတ်စမ်း၊ အသံမထွက်နဲ့၊ သွား…တစ်ယောက်ချင်း ထွက်၊ လူချင်းခွဲသွား၊ ငါတို့ စုရပ် ကျမှဆုံမယ်၊ သွားကြ"

ခေါင်းဆောင်က ငေါက်လွှတ်လိုက်သည့်အခါ တစ်ယောက်ပြီးတစ်ယောက် အိမ်ထဲမှ ပုန်းလျှိုးကွယ်လျှိုး ထွက်ခွာသွားကြလေ သည်။

သီတင်းကျွတ်လပြည့်နေ့တွင် ဆေးဆရာကြီးဦးဖေခင်အိမ်သို့ ဝင်ရောက် ဓားပြတိုက်ပြီး ဆရာဖေခင်ကို သတ်၍ နဂါးအရိုးကို ရယူသွားသည့်အကြောင်းကို ထိုည လွန်မြောက်သည်ထိ မည်သူမှ မသိလိုက်ပါချေ။

■

►

ကျွန်ုပ် ဒေါက်တာစိုးထိုက်သည် ထူးဆန်းအံ့သြဖွယ်ကောင်းသော အဖြစ်အပျက် အမှုအခင်းများကို ကြုံတွေ့ခဲ့ဖူးပေါင်း များလှပေပြီ။

ကျွန်ုပ်သည် မနောဝိညာဉ်သုတေသီတစ်ဦးဖြစ်သည့်အားလျော်စွာ ကိုယ်တိုင် လေ့လာခြင်းအားဖြင့်လည်းကောင်း၊ ဖိတ်ကြားခံရခြင်းအားဖြင့်လည်းကောင်း ထူးခြားဆန်းကြယ်သော အဖြစ်အပျက်များစွာကို ကြုံတွေ့ခဲ့ရလေ၏။

ယခု ဖော်ပြမည့် အမှုတွဲသည်ကား ကျွန်ုပ် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက် အမှုတွဲများထက် ပိုမိုဆန်းကြယ်ကာ ရင်ခုန်ချောက်ချားဖွယ်ကောင်းသည့်ဘက်တွင်လည်း စံတင်လောက်ပါပေ၏။ ကျွန်ုပ်အနေနှင့် ယခုအဖြစ်အပျက်ထက်ဆန်းကြယ်သောအဖြစ်ကို ကိုယ်တိုင်မျက်မြင်ကိုယ်တွေ့ မကြုံခဲ့ဖူးပါသေးချေ။

အဖြစ်အပျက်မှာ ဆန်းကြယ်လွန်းရကား ကျွန်ုပ် ကြုံတွေ့ခဲ့သည်မှာ အမှန်တကယ်မှ ဟုတ်ရဲ့လား၊ အိပ်မက်များလားဟုပင် ပြန်တွေးတောရပေ၏။

ထူးခြားဆန်းကြယ် အံ့သြဖွယ်ဖြစ်ရပ်များကို တန်ဆာဆင်ရေးသားလေ့ရှိသည့် စာရေးဆရာ များပင် ယခု အဖြစ်အပျက်မျိုးကို စိတ်ကူးယဉ်ဖူးမည် မဟုတ်ပေ။

ကျွန်ုပ်သည် ယင်းဖြစ်ရပ် မည်မျှဆန်းကြယ်ကြောင်းကို နိဒါန်းစကားရှည်မနေတော့ပဲ အဖြစ်အပျက်အား ကျွန်ုပ် ကြုံတွေ့ခဲ့ရသည့်အတိုင်း ပြောပြပါတော့မည်။

မိတ်ဆွေများအနေနှင့်သာ မည်မျှထူးခြားဆန်းကြယ် အံ့သြဖွယ်ဖြစ်ကြောင်းကို ကိုယ်တိုင် ဖတ်ရှု၍ အကဲဖြတ်ကြပါကုန်။

■

▶

မိုးနှောင်းကာလ၏ တစ်နေ့၌ ကျွန်ုပ် ဒေါက်တာစိုးထိုက်သည် အိမ်တွင် အနားယူရင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စိတ်နယ်လွန်ဖြစ်ရပ်ဆန်းများအကြောင်း စာအုပ်တစ်အုပ်ကို ဖတ်ရှုလျက်ရှိပေသည်။

အပြင်၌ မိုးများသဲသဲမဲမဲ ရွာလျက်ရှိရာ မိုးအေးအေးနှင့် မိမိစိတ်ဝင်စားသော စာအုပ်တစ်အုပ်ကို ဖတ်၍ ဇိမ်နှင့် ကွေးနေရခြင်းမှာ အရသာတစ်မျိုးထူးလှပေ၏။

ယင်းသို့ ကျွန်ုပ် စာအုပ်ထဲတွင် စိတ်ဝင်စားရင်းစျာန်ဝင်နေစဉ် အိမ်ရှေ့မှ ရှည်လျားစွာ တီးလိုက်သော ကားဟွန်းသံကို ကျယ်လောင်စွာ ကြားလိုက်ရပေရာ ကျွန်ုပ်မှာ အလန့်တကြားနှင့် ဇိမ်ပျက်သွားရလေတော့သည်။

ကျွန်ုပ်သည် ဒရင်းဘတ်ပေါ် လဲလျောင်းနေရာမှ ပျင်းရိစွာ ထရင်း အိမ်ရှေ့ဘက်ဆီသို့ ကဲကြည့်လိုက်လေသည်။

ထိုအခါ အိမ်ရှေ့၌ ဗင်ကားတစ်စီး ရပ်ထားပြီး ကားပြူတင်းပေါက်မှခေါင်းပြူထွက်ကြည့်နေသော လူဝကြီးတစ်ယောက်ကို မြင်လိုက်ရလေသည်။ ကျွန်ုပ်မှာ ထိုသူကို ယခင်က သိကျွမ်းဖူးခြင်း မရှိသောကြောင့် မိုးအေးအေးထဲ ဇိမ်ပျက်အောင် လာလုပ်လေခြင်းဆိုကာ စိတ်တိုမိလေ၏။

သို့ရာတွင် အိမ်ရှင်တို့ ဝတ္တရားရှိသည့်အတိုင်း ထီးကိုဆွဲကာ မိုးရွာထဲတွင် အိမ်ရှေ့ဝင်းခြံအထိ သွား၍ ခြံတံခါးကို ဖွင့်ပေးရလေ၏။

ကျွန်ုပ် ခြံတံခါးဖွင့်လိုက်သည်နှင့် ကားသည် အိမ်အတွင်းထဲသို့ ဝူးခနဲ အရှိန်ပြင်းစွာ မောင်းဝင်လိုက်လေ၏။

ကျွန်ုပ်က ဝင်ခွင့် တောင်းလည်း မတောင်း၊ သူ့ကိုယ်သူ မည်သူမည်ဝါဖြစ်ကြောင်းလည်း မိတ်မဆက်ပါပဲ ပိုင်စိုးပိုင်နင်း ဝင်သွားသည့် ဧည့်သည်လူဝကြီးကို နောက်တစ်ကြိမ် စိတ်တိုမိပြန် သည်။

လူဝကြီးသည် ကားတံခါးကိုဖွင့်ကာ ဆင်းလိုက်ရာ ကျွန်ုပ် ထင်သည်ထက် ပိုမိုဝဖြိုးနေသည်ကို တွေ့လိုက်ရပေသည်။ သူ၏ ဝမ်းဗိုက်သားနှင့် ခါးသားကြီးများမှာ ဆူဖြိုးအိတွဲနေပေရာ ဘောင်းဘီ ခါးပတ်ကိုပင် ပြန်၍ ဖုံးအုပ်သည်အထိ အိတွဲကျဆင်းနေပေ၏။ သူသည် အသက်ငါးဆယ်ကျော် အရွယ်လောက်ရှိပြီး ကျွန်ုပ်ထက် ပိုမိုအသက်ကြီးပုံရသော်လည်း အဝတ်အစားကို ထက်အောက်ဆင်တူ ဝတ်ဆင်ထားပေ၏။

အဝါရောင်ဝတ်စုံ အင်္ကျီရော ဘောင်းဘီပါ တူညီသော အစတစ်မျိုးတည်းဖြင့် ချုပ်လုပ်ထားပေ၏။

မကြီးမငယ်နှင့် ကလေးကလား ဝတ်ဆင်ထားသော လူဝကြီးကို ကြည့်ရသည်မှာ ဆပ်ကပ်ထဲမှ ကရောင်း (Crown) ခေါ် ဆပ်ကပ်လူပြက်ကြီးနှင့် တူလှပေသည်။

"ဟေ့…ခင်ဗျား ဒေါက်တာစိုးထိုက်မဟုတ်လားဗျ၊ ဟဲ…ဟဲ…ဟဲ…"

သူက ကားပေါ်မှ ဆင်း၍ မိုးရေထဲတွင် ခပ်သွက်သွက် လျှောက်လာကာ မိုးလွတ်သော ပေါ်တီကို အောက်သို့ ဝင်ခိုလိုက်ရင်း ကျွန်ုပ်အား အထက်စီးဆန်ဆန် မေးမြန်းလိုက်လေသည်။

"ဟုတ်တယ်၊ ဘာကိစ္စရှိလို့လဲ"

ကျွန်ုပ်လည်း စိတ်ထဲ ခပ်ချဉ်ချဉ်ရှိသည်နှင့် ခပ်ပြတ်ပြတ်ပင် ပြန်ပြောလိုက်လေသည်။

"အိုး…ဟန်ကျလိုက်လေဗျာ၊ ခင်ဗျားနဲ့ တန်းတိုးတာ ဝမ်းသာစရာပဲ၊ လာ…လာ…အိမ်ထဲသွားကြမယ်၊ ခင်ဗျားကို ပြောစရာ ရှိတယ်၊ ဟဲ…ဟဲ…"

သူကပင် အိမ်ရှင်ကြီးသဖွယ် ကျွန်ုပ်အား အိမ်ထဲသို့ ဆွဲခေါ်နေပြန်ပါပကော။

ကျွန်ုပ်သည် သူ ဆွဲခေါ်သည့်အတိုင်း အိမ်ထဲသို့ ကန့်လန့် ကန့်လန့် ပါသွားရလေ၏။

ဘယ်လိုလူကြီးပါလိမ့်။

"ခင်ဗျား ကျုပ်ကို သိသလား၊ ဒေါက်တာသိဒ္ဓိလေ၊ ဟီး… ဟီး…ဟီး"

သူ့ကိုယ်သူ မိတ်ဆက်ပုံကလည်း နှစ်မြို့ဖွယ်မကောင်းလှပါပေ။

"ဟင့်အင်း၊ မသိပါဘူး၊ တစ်ခါမှတောင်မကြားဖူးဘူး"

ကျွန်ုပ်က ခပ်ချဉ်ချဉ်ရှိသည်နှင့် ဘုတောလိုက်လေသည်။

သို့သော် သူက အမူအရာပျက်မသွားချေ။ ကျွန်ုပ် အဖြေကို သဘောကျသည့်အလား တခစ်ခစ်ရယ်မောနေလေ၏။ ရယ်မောလိုက်သည့်အခါ ပါးစုံ့ကြီးများ ဖောင်းထွက်လာပြီး မျက်လုံးများ ပျောက်ကွယ်သွားလေသည်။

"ဟီး…ဟီး…ဟီး…ဟား…ဟား…ဟား…၊ ဟုတ်တာပေ့ါ၊ ခင်ဗျား ကျုပ်ကို ဘယ်သိမလဲ၊ ကျုပ်က ဆရာဝန်ဆိုပေမယ့် ခင်ဗျားတို့လို မြန်မာပြည်ကရထားတဲ့ ဆရာဝန်မဟုတ်ဘူးဗျ၊ ကျုပ်က အမေရိကန်နိုင်ငံ ဆေးတက္ကသိုလ်ကြီးက

ဆရာဝန်ဘွဲ့ ရထားတာ၊ ဟီ…ဟီ…ဟီ…''

သည်လူသည် ဘာကြောင့် အသားလွတ် ရယ်မောနေပါလိမ့်။

''ခင်ဗျားကိုတော့ ကျုပ်က သိပါတယ်၊ ခင်ဗျားဆောင်းပါးတွေ ကျုပ် ဖတ်ဖူးတယ်လေ၊ ခင်ဗျားက ဆရာဝန်ဆိုပေမယ့် စုပါနချရယ်တွေ လေ့လာနေတဲ့သူမို့လို့ ကျုပ် ခင်ဗျားဆီ လာခဲ့တာပဲ၊ ဟဲ…ဟဲ…''

ရယ်ပြန်ပြီ။

''အခုလာတာ ဘာကိစ္စများလဲ''

''ဟီ…ဟီ…ဟီ…ကျုပ်လာတာလား၊ ကျုပ်လာတာက တော့…ဟဲ…ဟဲ…ဟဲ…''

''ကျွန်တော့်ကို ရယ်ပြဖို့လာတာများလားဗျာ''

''ဟင်…''

ကျွန်ုပ်က အရွဲ့တိုက်မေးလိုက်သည့်အခါတွင်ကား ဒေါက်တာသိဒ္ဓိဆိုသူ၏ မျက်နှာကြီးသည် ရုတ်တရက် တည်သွားလေသည်။ သူက မျက်နှာပိုးကို သတ်လိုက်လေ၏။

''ပျော်လွန်းလို့ပါဗျာ၊ ပျော်လွန်းလို့ ရယ်မိတာပါ၊ ဟဲ… ဟဲ…ဟဲ…''

ရယ်နေပြန်ပါပြီ။

''ဒီလိုဗျ၊ ကျုပ် စမ်းသပ်တီထွင်မှု တစ်ခုကို လုပ်ခဲ့တာ အောင်မြင်သွားတယ်၊ ဟဲ…ဟဲ…ဟဲ''

''သြော်…ဟုတ်လား၊ ဟဲ…ဟဲ…ဟဲ…၊ ခင်ဗျားအောင်မြင်မှုရခဲ့တယ်ဆိုလို့ ကျွန်တော်လဲ ဝမ်းသာပါတယ်ဗျာ၊ ဟဲ..ဟဲ.. ဟဲ…''

ကျွန်ုပ်က တမင်အရွဲ့တိုက်၍ ရယ်ပြကာနောက်ပြောင်လိုက်ခြင်းဖြစ်ပါသည်။ ဒါကိုသူက ရိပ်မိပုံမရ။ ကျွန်ုပ်နှင့်ရော၍ ရယ်နေပြန်လေသည်။

''ဟဲ…ဟဲ…ဟဲ၊ ဟီ…ဟီ…ဟီ…''

ကျွန်ုပ်ကလည်း ရွဲ့၍ ပြန်ရယ်ပြလိုက်၏။

''ဟီ…ဟီ…ဟီ၊ ဟဲ…ဟဲ…ဟဲ…''

''ဟဲ…ဟဲ…''

''ဟီ…ဟီ…''

''ဟီ…ဟီ…ဟဲ…ဟဲ…''

ကျွန်ုပ်နှင့် ဒေါက်တာသိဒ္ဓိသည် မြင်းကြီးနှစ်ကောင်သဖွယ် တစ်ယောက်နှင့်တစ်ယောက် ဟီပြနေကြလေ၏။ အတန်ကြာ ဟီလို့ ဝမှ ဒေါက်တာသိဒ္ဓိက မျက်နှာပိုးသပ်လိုက်ကာ သူပြောလိုသောစကားကို စ,လေ၏။

''ဒီလိုဗျ၊ ကျုပ် မြန်မာပြန်ကို ပြန်ရောက်တာ ငါးနှစ်ရှိပြီ''

''ဟုတ်လား''

''ငါးနှစ်အတွင်းမှာ ကျုပ်ဟာ တီထွင်စမ်းသပ်မှုတစ်ခုကို လုပ်ခဲ့တယ်၊ ကျုပ် မြန်မာပြည်ပြန်လာတာလဲ အဲဒီစမ်းသပ်မှုကို အကောင်အထည်ဖော်ချင်လို့ပဲ''

''သြော…သြော…နိုင်ငံခြားမှာ လုပ်လို့ရော မရဘူးလားဗျာ''

''မရဘူး ဒေါက်တာစိုးထိုက်ရဲ့၊ ကျုပ်လုပ်မယ့် တီထွင်မှုရဲ့ အရင်းအမြစ်က ဟောဒီနိုင်ငံမှာပဲရှိတာ၊ ဟီ…ဟီ…ဟီ…''

ဒေါက်တာသိဒ္ဓိက ကျေနပ်အားရဟန်ဖြင့် အတန်ကြာရယ်မောနေပြန်သည်။

''နောက်ဆုံးတော့ ခင်ဗျားရဲ့ တီထွင်မှုဟာ အောင်မြင်သွားတယ်ဆိုပါတော့''

ကျွန်ုပ်က စိတ်မရှည်နိုင်ဘဲ သူ့စကား မြန်မြန်နိဂုံးချုပ်ရန် လမ်းကြောင်းပေးလိုက်သည်။

ဒေါက်တာသိဒ္ဓိသည် ရယ်မောမှုကို တိခနဲ ရပ်လိုက်ရာ အစ်ခနဲ မြည်သွားလေသည်။

''ဟီ…ဟီ…ဟီ၊ အစ်…အစ်…၊ ဟုတ်တယ်ဗျ၊ ဟုတ်တယ်၊ ကျုပ် အောင်မြင်ခဲ့တယ်၊ ဟား…ဟား…ဟား…ဟဲ…''

''ဘယ်လိုအောင်မြင်မှုများလဲဗျာ၊ သိပါရစေ''

ဒေါက်တာသိဒ္ဓိက သူ၏ ဆူဖြိုးသော ပေါင်သားကြီးကို လက်ဖြင့် ဖြန်းခနဲ ရိုက်လိုက်သည်။

''အဲဒါပေါ့ဗျာ၊ အဲဒါပေါ့…၊ ကျုပ် အောင်မြင်မှုကို ခင်ဗျား သိစေချင်လို့ ကျုပ်က ခင်ဗျားကို လာဖိတ်တာပဲ ဒေါက်တာစိုးထိုက်ရဲ့''

''ခင်ဗျာ…''

''ကျုပ် အောင်မြင်မှုကို မကြာခင်မှာ ကမ္ဘာကို အသိပေးတော့မယ်၊ ကမ္ဘာ့အရပ်ရပ်က သတင်းသမားတွေကို ဖိတ်ပြီး သတင်းစာရှင်းလင်းပွဲ လုပ်တော့မှာပါ၊ အဲဒီလို မလုပ်ခင် ခင်ဗျားအရင် သိစေချင်လို့ လာဖိတ်တာပဲ ဒေါက်တာ

စိုးထိုက်၊ ဟဲ…ဟဲ…ဟဲ… ဟဲ…"

"ဘာလို့ ကျွန်တော့်ကို အရင် အသိပေးတာလဲဗျာ"

"ခင်ဗျားဟာ မနောဝိညဉ် သုတေသီတစ်ယောက်ဖြစ်နေတယ်လေ၊ ခင်ဗျားဟာ စုပါနချရယ်တွေကို လေ့လာနေတဲ့ သုတေသီ တစ်ယောက်ကိုးဗျ၊ ဟီ…ဟီ…ဒီတော့ ခင်ဗျား အရင်ဆုံး သိသင့်တာပေါ့၊ ကျုပ်ဖြင့် မြန်မာပြည်မှာ ဒီကိစ္စ အဖက်လုပ်ဆွေးနွေးစရာ လူဆိုလို့ တွေးကြည့်တော့ ခင်ဗျားတစ်ယောက်ပဲ တွေ့တယ်၊ ဟဲ… ဟဲ…၊ ဒါကြောင့် ခင်ဗျားကို လာဖိတ်တာပဲဗျ"

"ထားပါတော့၊ ခင်ဗျား အောင်မြင်မှုက ဘယ်လိုဟာမျိုးလဲ"

"အိုး…နိုး…နိုး…မပြောသေးဘူး၊ မပြောသေးဘူး၊ ဟီ… ဟီ…၊ မပြောသေးဘူးဗျို့၊ ကြို ပြောမထားချင်ဘူးလေဗျာ၊ ခင်ဗျား အံ့သြသွားအောင် ကျုပ်က လက်တွေ့ပြမှာ၊ သည်တော့ ကျုပ်ဖိတ်တဲ့နေရာကို ခင်ဗျား လာခဲ့ပေတော့၊ ဟဲ…ဟဲ…ဟဲ…"

"ဘယ်ကိုလာရမှာလဲ ဒေါက်တာသိဒ္ဓိရဲ့"

"ဒီလိုဗျ၊ ကျုပ်ဟာ ဒီစမ်းသပ်မှုကို အကောင်အထည်ဖော်ဖို့ လူသူ ရှင်းလင်းတိတ်ဆိတ်တဲ့နေရာတစ်ခုကို ရွေးခဲ့တယ်၊ ကျုပ်အလုပ်ဟာ မအောင်မြင်ခင်မှာ လူသိခံလို့မဖြစ်သေးဘူးဗျ၊ ဟဲ… ဟဲ…၊ နောက်ပြီး လူတောသူတောနဲ့ သိပ်ကွာလှမ်းလို့ကလဲ မဖြစ်ပြန်ဘူး၊ လိုအပ်တဲ့ ပစ္စည်းပစ္စယတွေ ဖြည့်ဆည်းဖို့ သယ်ဖို့ ပြုဖို့ကလဲ ရှိသေးတာကိုး၊ ဒီတော့ကာ ကျုပ် ဘယ်နေရာကို ရွေးလိုက်တယ် ထင်သလဲ"

"မထင်တတ်ပေါင်ဗျာ၊ ခင်ဗျားပြောမှ သိရတော့မှာပဲ"

"ဟဲ..ဟဲ..ဟဲ…မန္တလေးက ပြင်ဦးလွင်အထွက်၊ ပြင်ဦးလွင် မရောက်ခင်မှာ ကျွဲနဖားဆိုတဲ့ ရွာတစ်ရွာရှိတယ်ဗျ၊ ဒုတ္တဝတီ မြစ်ကမ်းဘေးမှာပေါ့"

"ကျွန်တော် သိပါတယ်"

"အဲ…အဲဒီရွာနားမှာ ကျုပ်ကဧကေတစ်ရာလောက်ကျယ်တဲ့မြေကွက်တစ်ကွက် ဝယ်လိုက်တာပေါ့၊ ဟဲ…ဟဲ…"

"ကျယ်လှချည်လားဗျာ"

"ဟဲ…ဟဲ…ကျယ်ဆို ကျုပ် စမ်းသပ်မယ့် လုပ်ငန်းကလဲ ကြီးကျယ်သကိုး၊ ဟီ…ဟီ…ဟီ၊ ခင်ဗျားရောက်ရင် တွေ့ပါလိမ့်မယ်၊ ခင်ဗျား သိပ် အံ့သြသွားမှာ မြင်ယောင်သေးသဗျာ၊ ဟီ… ဟီ…ဟီ…"

"ဟုတ်ကဲ့၊ ကျွန်တော်လဲ အံ့သြချင်လှပါပြီ၊ အဲဒီတော့ မြန်မြန် အံ့သြရအောင် ကျွန်တော် ဘယ်လိုလုပ်ရမလဲ ဒေါက်တာသိဒ္ဓိ"

"ဟဲ…ဟဲ…၊ ခင်ဗျား ကျုပ်ဆီ လာခဲ့ပေါ့ဗျ"

"ခင်ဗျာ"

"ဟုတ်တယ်၊ ခင်ဗျား ကျွဲနဖားက ကျုပ်ရဲ့ စမ်းသပ်ကွင်းကို လာခဲ့ရမယ်၊ ခင်ဗျားလာမှပဲ ကျုပ်ကလဲ ကျုပ်ရဲ့ တီထွင်စမ်းသပ် မှုကို အပြီးသတ်တော့မယ်ဗျို့"

"ထားပါတော့၊ ခင်ဗျား စမ်းသပ်နေတာ ဘာလဲဆိုတာတော့ ကျွန်တော် သိထားပါရစေလား"

"မသိချင်နဲ့ဦးဗျ၊ ဟဲ…ဟဲ…ဟိုရောက်လို့ သိလိုက်ရမှ ခင်ဗျား အံ့လဲ အံ့သြသွားမယ်၊ ချက်ချင်းသိ ချက်ချင်းမြင်ရမှ အရသာရှိတာဗျ…ဟီ…ဟီ…"

ကျွန်ုပ်မှာ ဒေါက်တာသိဒ္ဓိစကားကြောင့် ပို၍ပင် စိတ်ဝင်စားလာမိပေသည်။ သို့ရာတွင် ဒေါက်တာသိဒ္ဓိသည် မည်သို့သော လူစားမျိုးပေနည်း။ လောလောဆယ် အကဲခတ်ရသည်မှာ သူသည် စိတ်ပုံမှန်မရချေ။ ရူးနေသည်ဟုတော့ ကျွန်ုပ်ဆိုလိုခြင်းမဟုတ်ပါပေ။

အကြောင်းမဲ့သက်သက် ရယ်မောနေခြင်း၊ အလိုလိုအူရှူင်နေခြင်းများကို ကြည့်ရသည်မှာ ဝမ်းတွင်းရူးတစ်ယောက်ပေလော။

ဆရာဝန်တစ်ယောက်က…၊ အထူးသဖြင့် အမေရိကန် တက္ကသိုလ်ကြီးမှ ဆရာဝန်ဘွဲ့ရလာသူတစ်ယောက်ကို သည်လိုထင်ရခြင်းမှာ မသင့်လျော်ကြောင်း ကျွန်ုပ် သိပါသည်။ သို့သော် သူ၏ အမူအရာများက အကဲမရလှချေ။

ကျွန်ုပ်သည် ဒေါက်တာသိဒ္ဓိအကြောင်းကို စုံစမ်းရန်လိုအပ်ပါသေး၏။

"ဒါနဲ့ ဒေါက်တာက မြန်မာပြည်ကနေ ဘယ်အရွယ်ကတည်းက ထွက်သွားတာလဲဗျ၊ ဆယ်တန်းအောင်ပြီးမှ နိုင်ငံခြားမှာ ပညာသွားသင်တာလား"

"အိုး…နိုး…နိုး…၊ ဒီလိုထင်ရင် မှားမှာပေါ့၊ ကျုပ်က မြန်မာပြည်မှ ခြောက်တန်းအထိပဲ နေဖူးတယ်၊ အသက် ၁၂-နှစ် အရွယ်ကတည်းက အမေရိကားကို ရောက်သွားတာ၊ ဟီ…ဟီ…"

"သြော်…အားကျစရာပါပဲ"

"ကျုပ်အဖေက သူဌေးလေ၊ ဟိုခေတ်က ထီးစက်တွေ၊ ဆန်စက်တွေ၊ သကြားစက်တွေ အများကြီးပိုင်တာ၊

ကျုပ် အဖေပိုင်တဲ့ စက်ရုံတွေမှ မြန်မာပြည်အနှံ့ အများကြီးဗျ၊ ဟဲ…ဟဲ…သူဌေးကြီး ဦးဘသင်ဆိုတာ ခင်ဗျား ကြားဖူးမှာပေါ့''

''သြော…ခင်ဗျားက ဦးဘသင် သားကိုး''

''ကျုပ်အဖေက အမြော်အမြင်ရှိတယ်လေ၊ ကျုပ်ကို နိုင်ငံခြားလွှတ်ပြီး ပညာသင်ပေးတယ်၊ ကျုပ်ကလဲ တော်တာကိုးဗျ၊ ဟဲ…ဟဲ…''

''ဟုတ်ကဲ့၊ တော်လို့လဲ နိုင်ငံခြားတက္ကသိုလ်ကြီးက ဘွဲ့ထူး ဂုဏ်ထူး ရခဲ့တာပေါ့ ခင်ဗျာ''

ကျွန်ုပ်မှာ အိမ်ရှင်ကောင်းပီသရန် အလိုက်အထိုက် မြှောက်၍ ပြောနေရပေသည်။

''အို…တော်တာတော့ မပြောနဲ့၊ သူများနိုင်ငံမှာ ကျုပ်က ထိပ်တန်းကချည်းပဲ၊ စကောလားရှစ်တောင် ရခဲ့သေးတယ်၊ မြန်မာလူမျိုးတစ်ယောက် အမေရိကားမှာ ဒီလို ထင်ပေါ်တာကို ခင်ဗျားလဲ ဂုဏ်ယူသင့်တယ်ဗျ''

''ဟုတ်ကဲ့၊ ဂုဏ်ယူပါတယ်ဗျာ''

''မနုဿဗေဒဘက်မှာတော့ ကျုပ်ဟာ တော်တော် ထင်ရှားတဲ့ လူတစ်ယောက်ပေါ့ဗျာ''

''သြော်…ဟုတ်ကဲ့''

''ကျုပ် မြန်မာပြည် ပြန်လာတာ တခြားကြောင့် မဟုတ်ဘူး၊ ကမ္ဘာ့အလယ်မှာ မြန်မာဆိုတဲ့နာမည် ထင်ရှား ကျော်ကြားစေချင်လို့ပဲ''

''ဗျာ…''

''ကျုပ်တီထွင်မှုကို ကမ္ဘာကို ချပြပြီး ဒါ မြန်မာလူမျိုးတစ်ယောက်ရဲ့ စွမ်းဆောင်ချက်ဆိုတာ သိစေချင်လို့ ပြန်လာခဲ့တာပဲဗျ၊ ကျုပ်ရဲ့ တီထွင်မှုကြောင့် ကျုပ်သာမက မြန်မာတစ်မျိုးသားလုံးပါ ဂုဏ်ယူရတော့မှာပေါ့ဗျာ၊ ကျုပ်ကြောင့် မြန်မာပြည်ကြီးကို ကမ္ဘာက သတိထားမိလာမှာ မြင်ယောင်သေးသဗျာ…ဟီ…ဟီ''

ဒေါက်တာသိဒ္ဓိ၏ အောင်မြင်မှုသည် မည်သို့သော အောင်မြင်မှုပါလိမ့်။ ပြောလိမ့်မည်မဟုတ်၍ ကျွန်ုပ်လည်း မမေးတော့ချေ။ စကားပြောရင်း ပြောရင်းမှ ကိုယ်ရည်သွေးစကားများ ပါလာလေရာ ဒေါက်တာသိဒ္ဓိ၏ စိတ်ဓာတ်ကို ပုံမှန်မှ ဟုတ်ပါ၏လောဟု ကျွန်ုပ်မှာ တိုး၍ သံသယဝင်လာမိလေသည်။

''ခင်ဗျားကို လာဖိတ်တာလဲ တခြားကြောင့် မဟုတ်ဘူး၊ ခင်ဗျားဟာ မနောဝိညာဉ် သုတေသီတစ်ယောက်လဲ ဖြစ်တယ်၊ ကမ္ဘာမှာ အထိုက်အလျောက်လဲ နာမည်ကျော်ကြားတယ်၊ ကျုပ်ရဲ့ အောင်မြင်မှုကို ပြသဖို့ စဉ်းစားလိုက်တော့ ဒီနိုင်ငံမှာ ခင်ဗျားတစ်ယောက်ပဲ လူလူသူသူ တွေ့တယ်ဗျို့၊ ဟဲ…ဟဲ…ဒါကြောင့် ကျုပ်က ခင်ဗျားကို လာဖိတ်တာပဲ၊ ခင်ဗျား ဂုဏ်ယူသင့်တယ်ဗျို့''

''ဂုဏ်ယူပါတယ်ဗျာ''

''ဒီတော့…၊ ခင်ဗျား ကျုပ်ရဲ့ ဓာတ်ခွဲစမ်းသပ်ခန်းကို လာခဲ့ပေတော့၊ ပြီးတော့ ကျုပ်ရဲ့ အောင်မြင်မှုကို ကမ္ဘာကသိအောင် ဆောင်းပါး ရေးပေတော့''

''ဗျာ…''

''ဒါဟာ…ခင်ဗျားအတွက် အခွင့်ထူးပဲ၊ ကံကောင်းတာပဲ အဟေး…ဟေး…''

ကျွန်ုပ်က သူ၏ ဖိတ်ခေါ်မှုကို လက်ခံ မခံ မပြောသေးပဲနှင့် ကျွန်ုပ်ကို မဖြစ်မနေလာရောက်ရန် အမိန့်ပေးနေပြန်သေးသည်။ ခက်ပါသော်ကော။

''ကောင်းပြီလေ၊ လောလောဆယ်တော့ ကျွန်တော် မအားလပ်သေးလို့ပါ၊ ဒေါက်တာ့ရဲ့ လိပ်စာသာ ပေးခဲ့ပါ၊ ကျွန်တော် လာဖြစ်အောင် လာပါ့မယ်''

''ခင်ဗျား သိပ်နောက်ကျလို့ မဖြစ်ဘူး၊ ကျုပ်က ဒီအကြောင်းကို ကမ္ဘာက သိအောင် ကြော်ငြာချင်နေပြီ၊ အဲဒီတော့ ခင်ဗျား တစ်ပတ်အတွင်း လာခဲ့ပေတော့၊ ဟုတ်ပြီလား၊ ဟဲ…ဟဲ…ဟဲ''

''လိပ်စာသာ ပေးခဲ့ပါဗျာ၊ ကျွန်တော် လာဖြစ်မယ့် အချိန်ကို ကြို အကြောင်းကြားလိုက်ပါ့မယ်''

''ကောင်းပြီလေ၊ ကျုပ်ရဲ့ တီထွင်အောင်မြင်မှုကို ပထမဆုံး သိရတဲ့ လူတစ်ယောက်အနေနဲ့ ခင်ဗျားအတွက် ဝမ်းသာစရာ၊ ဂုဏ်ယူစရာပဲ၊ ဆောင်းပါးသာ ကောင်းကောင်းရေးပေးဗျို့…ဟဲ…ဟဲ… ဟဲ…''

ဒေါက်တာသိဒ္ဓိက သူ၏ အဆမတန် ခန္ဓာကိုယ်ကြီးကို နွေးကွေးလေးလံစွာ သယ်မ,ရင်း ပြန်သွားလေတော့သည်။

။

ဒေါက်တာသိဒ္ဓိက သူ၏ လိပ်စာနှင့် တယ်လီဖုန်းနံပါတ်ကို ပေးခဲ့ကာ တဟီးဟီး တဟားဟားရယ်မောရင်း ပြန်သွားလေပြီ။

ကျွန်ုပ်အဖို့မူ ဒေါက်တာသိဒ္ဓိဆိုသူ၏စကားကို ယုံရခက်၊ မယုံရခက်နှင့် ကျန်ခဲ့လေ၏။

ကျွန်ုပ်သည် ဒေါက်တာသိဒ္ဓိ ပြောသွားသော စကားများကြောင့် သူ၏ ဖိတ်ခေါ်ချက်ကို ဥပေက္ခာမပြုလိုပေ။ သူသည် ခပ်ကြောင်ကြောင်လူသားတစ်ဦးဖြစ်သည် မှန်သော်လည်း လူတော်တစ်ဦးလည်း ဖြစ်ကောင်း ဖြစ်နိုင်ပေသည်။ တော်လွန်း တတ်လွန်းသော သူများမှာ တစ်ခုမဟုတ် တစ်ခု ချို့ယွင်းမှုရှိကြစမြဲ မဟုတ်ပါလော။

သူ၏ တီထွင်အောင်မြင်မှုဆိုသည်မှာ မည်သို့သော ကိစ္စမျိုး ဖြစ်လေမည်နည်း။ ကျွန်ုပ် စိတ်ဝင်စားနေမိပေသည်။ လူတို့၏ သဘောသဘာဝအတိုင်း တိတိကျကျ ပြောမပြခဲ့၍ ပို၍ပင်စိတ်ဝင်စားကာ သိချင်နေမိလေ၏။

သို့ဖြင့် ကျွန်ုပ်မှာ ဒေါက်တာသိဒ္ဓိပြန်သွားပြီး နောက်ပိုင်းအလုပ်များရလေတော့သည်။ ဒေါက်တာသိဒ္ဓိအကြောင်းကို စုံစမ်းမေးမြန်းရခြင်းပင်ဖြစ်ပါ၏။

အမေရိကန်နိုင်ငံတွင် ကျွန်ုပ်၏ မိတ်ဆွေအချို့ ရှိပေသည်။ ထို မိတ်ဆွေများထဲမှ ဆရာဝန်ဖြစ်သူသုံးဦးထံ အီးမေးလ် ပို့၍ ဒေါက်တာသိဒ္ဓိဆိုသူကို သိ, မသိ၊ သူ ဘယ်လိုလူစားမျိုးဖြစ်ကြောင်း ပြန်ကြားပေးရန် မေးမြန်းရလေသည်။

ပထမ သုံးရက်အတွင်းတွင် ဒေါက်တာမင်းလွင်နှင့် ဒေါက်တာအေးအေးဆွေတို့ထံမှ အီးမေးလ်ဖြင့် ပြန်ကြားချက် ရောက်ရှိလာလေသည်။

ဒေါက်တာမင်းလွင်က ဒေါက်တာသိဒ္ဓိဆိုသူကို လုံးဝမသိကြောင်း ပြန်ကြားထားကာ ဒေါက်တာအေးအေးဆွေကမူ ဒေါက်တာသိဒ္ဓိနှင့် သူမတို့ ဆုံဖူးကြောင်း၊ သူမနှင့် တွေ့ဆုံစဉ်က ဒေါက်တာသိဒ္ဓိသည် နယူးယောက်မြို့တွင် နေထိုင်လျက်ရှိကြောင်း၊ သုံးကြိမ်ထက်ပို၍ မဆုံခဲ့ဖူးကြောင်း၊ မြန်မာအချင်းချင်းမိတ်ဖွဲ့သည့်အတွက် သိမ်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ပြန်ကြားထားလေသည်။

ဒေါက်တာအေးအေးဆွေ၏ ပြန်ကြားချက်ကြောင့် ဒေါက်တာသိဒ္ဓိမှာ ဆရာဝန်တစ်ဦး အမှန်ဖြစ်၍ အမေရိကန်နိုင်ငံတွင် တကယ်နေထိုင်ခဲ့ဖူးသူဖြစ်ကြောင်း သိရသော်လည်း ကျေနပ်လောက်ဖွယ်တော့ မဟုတ်သေးချေ။ ကျွန်ုပ်အနေဖြင့် ဒေါက်တာသိဒ္ဓိ အကြောင်းကို သည့်ထက်ပို၍ သိချင်နေမိပေ၏။

ကျွန်ုပ်နောက်ထပ် မေးမြန်းထားသောသူတစ်ယောက်မှာ အသက်ခြောက်ဆယ်ကျော်အရွယ်ရှိ ဆရာဝန်ကြီးတစ်ဦးဖြစ်သည်။ ဒေါက်တာပက်ထရစ်တင်မောင်သည် အမေရိကန်နိုင်ငံသို့ လွန်ခဲ့သော နှစ်သုံးဆယ်လောက်ကပင် ရောက်ရှိနေသူဖြစ်ပြီး ဆေးတက္ကသိုလ်တစ်ခု၌ ပါမောက္ခရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ဒေါက်တာပက်ထရစ်တင်မောင်ထံမှ ပြည့်စုံသောပြန် ကြားချက်ရမည်ဟု မျှော်လင့်ရပေသည်။

ရက်နှစ်ဆယ်ခန့်ကြာမှပင် ကျွန်ုပ် မျှော်လင့်နေသော ဒေါက်တာပက်ထရစ်တင်မောင်ထံမှ ပြန်ကြားချက်ကို အီးမေးလ်မှတစ်ဆင့် လက်ခံရရှိလေသည်။

မိတ်ဆွေ မောင်စိုးထိုက်,

အီးမေးလ်ဖြင့် မေးမြန်းထားသော စုံစမ်းချက်ကို နောက်ကျ၍ ပြန်ကြားရသည့်အတွက် ခွင့်လွှတ်စေလိုပါသည်။ ဆရာ ခရီးထွက်နေ၍ ယခုမှ ပြန်ကြားရပါသည်။

မောင်သိဒ္ဓိ မြန်မာပြည် ရောက်နေသည် ကြားရ၍ အံ့သြမိပါသည်။

သူ့ကို သတိထား၍ ပေါင်းသင်းဆက်ဆံပါ။ သူသည် လူထူးလူဆန်းတစ်ဦးဖြစ်ပါသည်။ မည်ကဲ့သို့ဆန်းပြားကြောင်းကိုမူ ပြောရခက်ပါသည်။

သူသည် အမေရိကကို ဆရာ့ထက်ပင် စော၍ရောက်ရှိနေသူဖြစ်ပါသည်။ မြန်မာအချင်းချင်းမို့ သိကျွမ်းရင်းနှီးခဲ့ပါသည်။ သို့ရာတွင် သူ၏ အကြွားသန်မှုကြောင့် ဆရာ သူ့ကို ခင်မင်ချင်စိတ်မပေါ်ခဲ့ပါ။ သူက သူသည် မြန်မာမင်းမျိုးမင်းနွယ်တစ်ယောက်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံတွင် လျှောက်၍ ကြွားဝါထားပါသည်။ အမှန်တကယ်က သူသည် မင်းမျိုးမင်းနွယ်ထဲက မဟုတ်ပါ။ မြန်မာပြည်က လာသူအချင်းချင်းမို့ ဆရာက အစင်းသိသိပါသည်။ သူ၏ ကြွားလုံးကြောင့် ဆရာ သူ့ကို ချဉ်မိခြင်းဖြစ်ပါသည်။

သို့သော် ပညာမှာတော့ အတော်ပင် တော်တဲ့လူငယ်တစ်ယောက်ဖြစ်ကြောင်း ဝန်ခံရပါမည်။ ကျောင်းနေစဉ်ကပင် အတန်းထဲ၌ အများထက် ထူးချွန်ပါသည်။ ခန္ဓာဗေဒဘက်တွင် အတော်ပင် ထူးချွန်သော

လူတစ်ဦးဖြစ်ပါသည်။ ဖန်ပြွန်သန္ဓေသားဖန်တီးရာ၌ ကျွမ်းကျင်၍ သူ့ကို ဆေးရုံကြီးများမှပင် အားကိုးအားထားပြုရပါသည်။

အမေရိကန်တွင် သူ့ပညာဖြင့် ကြွယ်ဝချမ်းသာနေပါလျက် မြန်မာပြည် ပြန်ရောက်နေကြောင်း သိရ၍ ဆရာအံ့ဩ မိသည်။ သူသည် မြန်မာလူမျိုးဖြစ်သော်လည်း မြန်မာပြည်ကိုလည်းကောင်း၊ မြန်မာလူမျိုးကိုလည်းကောင်း အထင်အမြင်သေးသူ ဖြစ်ပါသည်။ မြန်မာပြည်ထဲတွင် သူသာ အတော်ဆုံး၊ အတတ်ဆုံးဖြစ်ကြောင်း ပြောင်ကြွားဝါတတ်သူလည်း ဖြစ်ပါသည်။ မြန်မာပြည် ပြန်ရောက်နေတာ အကြံအစည်တစ်ခုခု ရှိပုံရသည်။

သူ့ကို မနှစ်မြို့သည်မှာ ဆရာတစ်ယောက်တည်း၏သဘောဖြစ်ပါသည်။ အကျင့်စာရိတ္တပိုင်းနှင့် ပတ်သက်၍ သတင်းဆိုး မကြားဖူးပါ။ သူ့မှာ အိမ်ထောင်မရှိပါ။ အိမ်ထောင် မပြုပါ။ မိန်းမများကို စိတ်မဝင်စားကြောင်းလည်း သူကိုယ်တိုင် ပြောဖူးပါသည်။

ထူးခြားချက်မှာ သူသည် အစားအသောက်ကျူးသူတစ်ဦး ဖြစ်ပါသည်။ မည်မျှ ဈေးကြီးကြီး အစားကောင်းကိုတော့ အငမ်းမရ စားတတ်ပါသည်။

အစားအသောက်အထူးအဆန်းရသည်ဆိုသော နိုင်ငံရပ်ခြားအထိ သွားရောက်စားသောက်တတ်သူပင် ဖြစ်ပါသည်။ အစားကြီး၊ မကြီး သူ၏ ကိုယ်လုံးကိုယ်ထည်ကို ကြည့်ပါလေ။

မောင်စိုးထိုက်မေးမြန်း၍ ဆရာ သိသမျှ ပြန်ကြားပါသည်။

ကျန်းမာပါစေ

**ဒေါက်တာပက်ထရစ်တင်မောင်**

ဒေါက်တာပက်ထရစ်၏ ပြန်ကြားချက်မှာ ပြည့်စုံသည်ဟု ဆိုလောက်ပါသည်။

သည်ကြားထဲတွင် ဒေါက်တာသိဒ္ဓိ ထံမှ ကျွန်ုပ်ထံသို့ တယ် လီဖုန်း ဝင်လာသေး၏။ မလာသေးဘူးလား၊ အမြန်လာခဲ့ပါတော့ ဟု သူက တောင်းဆိုနေပေ၏။

သို့ဖြင့် ဒေါက်တာပက်ထရစ်ထံမှ ပြန်ကြားချက်ရပြီး နောက် တစ်နေ့မှာပင် ကျွန်ုပ် လာရောက်မည့်အကြောင်းကို ဒေါက်တာသိဒ္ဓိ ထံ ဖုန်းဆက်၍ ပြောလိုက်လေ၏။

သူက ကျွန်ုပ်အား မန္တလေးမှ လာကြိုနေမည်ဟု ကတိပေး လေသည်။

II

▶

ဒေါက်တာသိဒ္ဓိသည် ကျွန်ုပ်ကို တံတားဦးလေဆိပ်အထိ လာရောက်ကြိုဆိုပေးပေ၏။ သူသည် ကျွန်ုပ် ရောက်လာသည့်အတွက် အတော် ဝမ်းသာနေပုံရပေသည်။

နဂိုကမှ မတည်ငြိမ်လှသောသူ့အမူအရာများသည် ကျွန်ုပ်လာရောက်သည့်အတွက် ဝမ်းသာကြောင်းကို ဖော်ပြလျက်ရှိပေ၏။

သူက လေယာဉ်ကွင်းမှလာသော ကျွန်ုပ်ကို ငယ်ပေါင်းကြီးဖော်သဖွယ် ဖက်လှဲတကင်းနှုတ်ဆက်နေပေသည်။

ကားပေါ်တွင် သူသည် စကားတွေ ဖောင်နေအောင်ပြောလာ၏။ ကျွန်ုပ်ဘက်လှည့်၍ စကားပြောနေသည့်အတွက် လမ်းကို ကြည့်မောင်းရန် ကျွန်ုပ်က သတိပေးရသေးသည်။

"မန္တလေး မြို့ထဲ မဝင်တော့ဘူးနော်၊ ကျွဲနဖားကို တန်းမောင်းလိုက်တော့မယ်"

"ခင်ဗျားဆီ လာလည်တာပဲ၊ ခင်ဗျားသဘောပါဗျာ"

ဒေါက်တာသိဒ္ဓိက မန္တလေးမြို့ကိုဖြတ်မမောင်းတော့ဘဲ အသစ်ဖောက်လုပ်ထားသည့် သိပ္ပံလမ်းမှချိုး၍ ပြင်ဦးလွင်ဘက်သို့ ကားကို ဦးတည်လိုက်သည်။

ကျွန်ုပ်သည် ပြင်ဦးလွင်သို့သွားသော ကားလမ်းအတိုင်းလိုက်ပါရင်း အပြင်ရှုခင်းများကို ငေးမောကာ လိုက်ပါလာခဲ့လေ၏။

"ရောက်ပြီဗျို့"

ဒေါက်တာသိဒ္ဓိအော်လိုက်သဖြင့် ကျွန်ုပ်လည်း အငေးလွန်နေရာမှ သတိပြန်လည်ဝင်လာပေ၏။

ကားလေးက မန္တလေး-ပြင်ဦးလွင်လမ်းမှ ညာဘက်သို့ချိုး၍ဝင်လာရာ ဒုတ္တဝတီမြစ်ကမ်းဘေး၌ရပ်သွားလေသည်။

ကျွဲနဖားရွာသည် ပြင်ဦးလွင်နှင့် မနီးဘဲ မန္တလေးမှအထွက် ခပ်လှမ်းလှမ်း၌ တည်ရှိနေပေ၏။

ဒုတ္တဝတီမြစ်ကမ်းဘေးတွင် တည်ထားသောကြောင့် သာယာလှပေသည်။

ဒေါက်တာသိဒ္ဓိက ခြံတစ်ခြံ ရှေ့တွင် ရပ်လိုက်လေသည်။

ပိတ်ထားသော ခြံတံခါးကို သူ ကိုယ်တိုင် ဆင်းကာ သော့ဖြင့် ဖွင့်လေသည်။

ကျွန်ုပ်သည် ခြံထဲမှအဆောက်အဦးကြီးကိုကြည့်ပြီးအံ့သြသွားလေ၏။ အဆောက်အဦးကြီးမှာ ကြီးမားလှပေသည်။ ပုံစံကတော့ ဆန်းဆန်းပြားပြား မဟုတ်။ ဂိုထောင်သဖွယ် လေးထောင့်စပ်စပ် ဆောက်လုပ်ထားခြင်းပင် ဖြစ်လေသည်။ ဂိုထောင်လည်း ဖြစ်ကောင်းဖြစ်ပေမည်။

အဘယ့်ကြောင့်ဆိုသော် အဆောက်အဦးတွင် ပြူတင်းပေါက်များ မတွေ့ရသောကြောင့်ဖြစ်သည်။ အဆောက်အဦးကြီးတစ်ခုလုံးကို သွပ်မိုး၍ သွပ်ပြားများကာထားလေသည်။ အဆောက်အဦးကြီး၏အမြင့်မှာ ပေနှစ်ဆယ်ခန့်ပင်ရှိလေ၏။

ဒေါက်တာသိဒ္ဓိက ကားဆီသို့ ပြန်လာကာ ကားကို ခြံထဲသို့ မောင်းဝင်လိုက်လေ၏။ သည်မျှကြီးမား၍ ကျယ်ပြန့်သော ခြံကျယ်ကြီးတွင်နေနေပါလျက် သူ့တွင် အခိုင်းအစေတစ်ယောက်မှ မရှိဘူးလား။ ခြံတံခါးကို သူ ကိုယ်တိုင်ဆင်းဖွင့်နေရ၍ ကျွန်ုပ်က တွေးမိခြင်းဖြစ်ပါ၏။

ကားကို ဂိုထောင်ထဲသို့ အဆောက်အဦးကြီးအား ကွေ့၍ မောင်းလိုက်ရာ သပ်ရပ်သော တစ်ထပ်တိုက်ကလေး တစ်လုံးကို တွေ့လိုက်ရလေသည်။ အဆောက်အဦးကြီး ကွယ်နေ၍ မမြင်ရခြင်းဖြစ်သည်။

"အဲဒါ ကျုပ်နေတဲ့ အိမ်လေးပဲ၊ ကျုပ် တစ်ယောက်တည်း နေတာ"

"ခင်ဗျား ခိုင်းဖို့ စေဖို့ လူတစ်ယောက်လောက်မှ ခေါ်မထားဘူးလားဗျာ"

"မခေါ်ပါဘူးဗျာ…၊ ကျုပ် လုပ်နေတဲ့အလုပ်က ဘယ်သူမှ သိလို့ မဖြစ်ဘူးလေ၊ ပေါက်ကြားလို့ မဖြစ်ဘူးလေ၊ ကျုပ် တစ်ယောက်တည်း ကြိတ်လုပ်နေတာ၊ ခု…အောင်မြင်မှ ခင်ဗျားကို ဖိတ်ပြတာပဲ၊ ဟဲ…ဟဲ…ဟဲ…၊ ခင်ဗျားကို ဒီညတော့ ညစာကောင်းကောင်းနဲ့ ဧည့်ခံရတော့မယ် ဗျို့၊ ဟီ…ဟီ…၊ ဒီအချိန်ကို ကျုပ် မျှော်လင့်နေတာ ကြာပြီဗျ၊ လာ…လာ…ကိုစိုးထိုက်၊ အိမ်ထဲဝင်ပါ၊ ခဏတစ်ဖြုတ် နားလိုက်ဦး"

။

►

အိမ်ကလေးမှာ နေချင့်စဖွယ် သာယာလှပေသည်။

အိမ်ကလေးကို ဒုတ္တဝတီမြစ်ကမ်း ဘေးတွင် ဆောက်လုပ်ထားပေ၏။

ရှေ့မှကြည့်လျှင် ဂိုထောင်အဆောက်အဦးကြီး ကွယ်နေ၍ နောက်ဘက်မှ အိမ်ကလေးကို မမြင်နိုင်ပေ။

ကျွန်ုပ်သည် နောက်ဘက်မှဒုတ္တဝတီမြစ်ကိုငေးကြည့်နေမိသည်။ မြစ်ရှုခင်းကြောင့် ကျွန်ုပ်စိတ်မှာ လန်းဆန်းသွားရလေ၏။

ကျွဲနဖားရွာမှာ ယခင်ကထက် များစွာတိုးတက်ပြောင်းလဲနေသည်ကို တွေ့ရပေသည်။ ခေတ်အခြေအနေနှင့်အတူ ကြီးမားသားနားသောအဆောက်အဦးများကို မြို့နှင့်တန်းတူတွေ့ရှိနေရ၏။ မလှမ်းမကမ်းတွင် ရဲရွာရေအားလျှပ်စစ် စီမံကိန်းနှင့် တည်ဆောက်ပြီး ပုဂ္ဂလိက ဘိလပ်မြေစက်ရုံများကို တွေ့ခဲ့ရလေသည်။

ဒေါက်တာသိဒ္ဓိနေထိုင်သည့် အိမ်ကတော့ ရွာနှင့် အနည်းငယ် လှမ်းပေသည်။ လူနေအိမ်ခြေနှင့် ဝေးကွာစွာ တည်ရှိပေ၏။ သုတေသနစမ်းသပ်လုပ်ငန်းဆိုတော့လည်း လူသူနှင့် ဝေးကွာတိတ်ဆိတ်မှုရှိသည့် နေရာတွင် ထားသည်မှာ သဘာဝကျပါသည်။

"ရေမိုးချိုးဦးမလား ဒေါက်တာစိုးထိုက်"

ရာသီဥတုမှာ တန်ဆောင်မုန်းလ ဆောင်းဝင်စမို့ ညနေစောင်းအချိန်တွင် အေးစိမ့်နေပေပြီ။ တောရိပ်တောင်ရိပ်ရှိသော မြစ်ကမ်းဘေးဖြစ်သည်မို့ ပူလောင်အိုက်စပ်ခြင်း မရှိပါပေ။

"မချိုးတော့ပါဘူး ဒေါက်တာ၊ လေယာဉ်စီးလာရလို့ သိပ်လဲ မပင်ပန်းပါဘူး"

ကျွန်ုပ်က ရေမချိုးတော့ကြောင်း ဒေါက်တာသိဒ္ဓိကို ပြောလိုက်သည်။

"ဒါဖြင့် ကျုပ်ရဲ့ သုတေသနလုပ်ငန်းကို လေ့လာတော့"

ဒေါက်တာသိဒ္ဓိက လက်ကိုမြှောက်၍ လက်ပတ်နာရီကို ကြည့်လိုက်ရင်း…

"ညနေ ခြောက်နာရီဆိုတော့ အတော်ပဲဗျ၊ ခင်ဗျားကို ရှင်းပြမှာနဲ့ ညစာ စားမယ့်အချိန်နဲ့၊ ဟီ…ဟီ…"

"ဟုတ်ကဲ့၊ ကျွန်တော်လဲ အကြာကြီးနေနိုင်မှာမဟုတ်ဘူး၊ ဒေါက်တာ့ဆီက လေ့လာစရာ လေ့လာပြီးတာနဲ့

ပြန်ချင်တယ်၊ အလွန်ဆုံး နှစ်ရက်လောက်ပဲ နေနိုင်မယ်''

''ဟဲ…ဟဲ…ဟဲ…ဟဲ…''

ဒေါက်တာသိဒ္ဓိက အဓိပ္ပာယ်မဲ့ ရယ်လိုက်လေသည်။

''ဟဲ…ဟဲ…လေ့လာစရာတွေက ဒီ တစ်ညတည်း အပြီးသတ် လေ့လာနိုင်ပါတယ်ဗျာ၊ ဟဲ…ဟဲ…''

''သြော်…''

''ကျုပ်လဲ ဒီအချိန်ကို စောင့်မျှော်နေတာ ကြာပြီဗျို့၊ ကျုပ်ရဲ့ အောင်မြင်မှုကို သက်သေတစ်ယောက်ရှေ့မှာ လုပ်ပြချင်လို့ဗျ၊ အထူးသဖြင့် ခင်ဗျားရှေ့မှာပေါ့၊ ခင်ဗျား ရောက်လာတာ ဝမ်းသာပါတယ်ဗျာ၊ ကဲ…ကဲ…ကျုပ်တို့ စကားပြောရအောင်''

သူက ဧည့်ခန်း ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရာ ကျွန်ုပ်လည်း သူနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်လေ၏။

''အမေရိကမှာ ကျုပ် ဘာတွေလုပ်ခဲ့တယ်ဆိုတာ စ,ပြီး ပြောရမယ်ဗျ၊ ဒါမှ အခု ကျုပ် အောင်မြင်ခဲ့တဲ့ တီထွင်စမ်းသပ်မှုကို လုပ်ဖို့ စိတ်ကူးရခဲ့တာကို ရှင်းသွားမယ်''

''ကောင်းပါလေ့ဗျာ၊ ဒေါက်တာ့အကြောင်းတွေလဲ ကျွန်တော် သိရတာပေါ့''

''ဒီလိုဗျ၊ ကျုပ်ဟာ တီထွင်စမ်းသပ်မှုမှာ သိပ်တော်တဲ့ လူတစ်ယောက်ဖြစ်တော့ကာ ရိုးရိုးတန်းတန်း ဆေးကုတဲ့ အလုပ်ကို ကျုပ်က ငြီးငွေ့တယ်၊ ဒီတော့ကာ ကျုပ် ဘာလုပ်တယ်ထင်လဲ…''

''ဟုတ်ကဲ့…၊ ပြောပါ''

''၁၉၈၀-၁၉၉၀ ကာလများတုန်းက ကျုပ်ဟာ ဖန်ပြွန်သန္ဓေသား စမ်းသပ်တဲ့အလုပ်ကို လုပ်ခဲ့တယ်ဗျ''

''တစ်ယောက်တည်းလား''

''ဘယ်ဟုတ်မလဲ…၊ အဖွဲ့နဲ့ပေါ့၊ ဖန်ပြွန်သန္ဓေသားကို တီထွင်စမ်းသပ်ခဲ့တဲ့ ပုဂ္ဂိုလ်များထဲမှာ ကျုပ်ဟာ တစ်ယောက်အပါအဝင်ပေါ့''

''ဂုဏ်ယူစရာပါပဲ ဒေါက်တာ''

''အဲဒီအချိန်တုန်းကတော့ ဖန်ပြွန်သန္ဓေသား အောင်မြင်မှုဟာ မဟာအောင်မြင်မှုကြီး တစ်ခုပေါ့ဗျာ၊ အခု ပြန်တွေးကြည့်တော့ ရယ်စရာပဲဗျ''

''ဗျာ…''

''ကျုပ် အခု စမ်းသပ်အောင်မြင်တဲ့ အောင်မြင်မှုနဲ့စာရင်လေ၊ ဖန်ပြွန်သန္ဓေသားဟာ ဘာဟုတ်လို့တုံး၊ အသေးအမွှားလေးပဲ၊ ကလေးကစားစရာပဲ''

''ဟင်…ဒေါက်တာပြောမှ ကျွန်တော် ပိုစိတ်ဝင်စားလာပြီဗျို့၊ တကယ်တော့ ဖန်ပြွန်သန္ဓေသားလုပ်ငန်းဟာလဲ ပညာသားပါတဲ့ လုပ်ငန်းတစ်ခုပါဗျာ၊ မွန်မြတ်တဲ့ အလုပ်လို့လဲ ပြောလို့ရပါတယ်၊ သားသမီးမရနိုင်တဲ့ မိန်းမတွေကို ကလေးရအောင် ဆေးပညာနဲ့ စွမ်းဆောင်ပေးတာကိုး…၊ ဒေါက်တာကသာ ကလေးကစားစရာ ပြောနေ၊ ကျွန်တော်တို့ မြန်မာပြည်မှာဖြင့် ဖန်ပြွန်သန္ဓေသားကို ခုထိ လုပ်မပေးနိုင်သေးပါဘူးဗျာ''

''ဟီ…ဟီ…ဟီ…ဟစ်…ဟစ်…''

ဒေါက်တာသိဒ္ဓိသည် အသိရခက်စွာ ခပ်အစ်အစ်ရယ်မောလိုက်ပြန်၏။

''အခု ခင်ဗျားတို့ မြန်မာတွေ ဂုဏ်ယူရတော့မှာပေါ့ဗျာ၊ ကျုပ်လို မြန်မာဆရာဝန်တစ်ယောက်ရဲ့ တီထွင်အောင်မြင်မှုကို ကမ္ဘာကိုချပြလိုက်ရင် တစ်ကမ္ဘာလုံးက ဝိုင်းပြီးချီးကျူးကြပါလိမ့်မယ်…ဟီ…ဟီ…ဟဲ…ဟဲ…ဟဲ…''

''သြော်…ဟုတ်လား''

''ကျုပ်အခု ဘာလုပ်ငန်း လုပ်နေသလဲ သိလား…''

''ဒေါက်တာပြောမှ သိရတော့မှာပါပဲဗျာ''

''ကျုပ်လုပ်နေတာ **ကလုံးဗျ…ကလုံး၊ Clone** ''

''ဗျာ…''

။

▶

ဒေါက်တာ သိဒ္ဓိ အပြောကြောင့် ကျွန်ုပ် အံ့သြသွားရလေသည်။

ကလုံး (Clone)ဆိုသည်ကို ရုတ်တရက် နားမလည်လိုက်ဘဲ ခေတ္တစဉ်းစားလိုက်ရသေးသည်။

"ကလုံး...၊ ဟုတ်လား၊ ပုံတူမျိုးပွားတာကို ပြောတာလားဗျာ"

"ဟုတ်လိုက်လေ ဒေါက်တာစိုးထိုက်ရေ..."

ဒေါက်တာသိဒ္ဓိက သူ့ပေါင်ကြီးကို လက်နှစ်ဖက်ဖြင့် ရိုက်လိုက်ရင်း အားရပါးရ ပြောလိုက်သည်။

"ပုံတူမျိုးပွားတယ်၊ ပုံတူမျိုးပွားလုပ်ငန်းကို ကျွန်တော် စာထဲမှာ နည်းနည်းပဲ ဖတ်ဖူးတယ်၊ သိပ်မသိပါဘူး ဒေါက်တာ၊ ကျွန် တော့်ကို ရှင်းပြပါဦး"

"တရားဝင် ပုံတူမျိုးပွားလုပ်ငန်းကို ကမ္ဘာကို အသိပေးခဲ့တာ မကြာသေးဘူးဗျ၊ ခင်ဗျား ကြားမှာပေါ့၊ သိုးမလေးဒေါ်လီကို ပုံတူမျိုးပွားပေးလို့ အောင်မြင်မှုရခဲ့တာဟာ ပထမဆုံးအောင်မြင်မှုရယ်လို့ မှတ်တမ်းဝင်နေတယ်လေ"

"ဟုတ်ပါတယ်၊ သတင်းတွေထဲမှာ ကျွန်တော်ဖတ်ရပါတယ်၊ ဒါဟာ ဆေးပညာအနေနဲ့ရော လူ့အသိုင်းအဝိုင်း အနေနဲ့ပါ ဂုဏ်ယူလောက်စရာ အောင်မြင်မှုတစ်ခုပါပဲ ဒေါက်တာ"

"ထပ်တရီး"

ဒေါက်တာသိဒ္ဓိက မျက်နှာကို ရှုံ့မဲ့၍ စုတ်သတ်လိုက်ကာ ခေါင်းကို ခါရမ်းလိုက်သည်။

"အလကား...၊ အဲဒါဟာ ပထမဆုံး အောင်မြင်မှုမဟုတ်ဘူး၊ ကျုပ်နဲ့ ကျုပ်ရဲ့ အဖွဲ့ဟာ အဲဒီထက် နှစ် အတော်စောစောကတည်းက ပုံတူမျိုးပွားလုပ်ငန်းမှာ အောင်မြင်မှုရခဲ့ပြီးသား"

"ခင်ဗျာ..."

"ကျုပ်တို့ဟာ ပုးလို..., ကြွက်လို သတ္တဝါလေးတွေကအစ ခွေးတို့၊ ကြောင်တို့အထိ ပုံတူမျိုးပွား လုပ်ကြည့်ကြဖူးတယ်၊ အကြောင်းအမျိုးမျိုးကြောင့် ကမ္ဘာကိုချမပြခဲ့တာပဲ၊ သိုးမလေးဒေါ်လီရဲ့ အောင်မြင်မှုဟာ ကျုပ်တို့ထက် အများကြီးနောက်ကျတာပေါ့"

"ဟုတ်လား ဒေါက်တာ၊ အံ့သြစရာပါလား၊ ဒေါက်တာနဲ့အတူ ဘယ်သူတွေပါခဲ့သလဲ"

"ကျုပ်နဲ့ တခြား ဆရာဝန်သုံးယောက်ရယ်၊ ဆေးပညာနယ်ပယ်ကမဟုတ်တဲ့ ပညာရှင်တစ်ယောက်ရယ် ပေါင်း ငါးယောက်ဗျ၊ ကျုပ်တို့စမ်းသပ်မှုဟာ သုံးနှစ်အတွင်းမှာ အောင်မြင်ခဲ့တာပဲ"

"ဒါနဲ့ ဘာကြောင့် ကမ္ဘာကိုအသိမပေးခဲ့တာလဲ ဒေါက်တာ"

"အခြေအနေအရပ်ရပ်ကို လေ့လာနေလို့ပဲ၊ ကျုပ်တို့စဉ်းစားနေဆဲမှာပဲ နောက်တစ်ဖွဲ့က သူတို့ရဲ့ သိုးမလေး ဒေါ်လီ အောင်မြင်မှုကို ကြေညာလိုက်တာလေ"

"ဖြစ်ရလေဗျာ၊ တကယ်ဆို ဒေါက်တာတို့ရဲ့ အောင်မြင်မှုဟာ သူတို့ထက် စောလျက်သားနဲ့ ဆေးပညာ မှတ်တမ်းမှာရော ပထမဆုံး အောင်မြင်တဲ့အဖွဲ့အနေနဲ့ မှတ်တမ်းမဝင်သွားတာ နမြောစရာပဲ"

"ကျုပ်တို့က အဲဒီလို ကျော်ကြားမှုလဲ သိပ်မမက်ပါဘူးလေ၊ ကျုပ်တို့စဉ်းစားတာက ဒီတွေ့ရှိမှုကို တစ်ကမ္ဘာလုံး အသိပေးလိုက်ရင် လိုက်လုပ်ကြမှာစိုးလို့ပဲ"

"ဘာကြောင့်လဲ ဒေါက်တာ"

"အန္တရာယ် သိပ်ကြီးလို့ပေါ့ဗျာ"

"ဆိုပါဦး ဒေါက်တာ၊ ကျွန်တော်ကတော့ ကလုံးဆိုတဲ့ ပုံတူမျိုးပွားပညာရပ်ကို သတင်းအနေနဲ့သာ သိလိုက်တာ၊ သေချာနားမလည်လို့ပါ"

ဒေါက်တာသိဒ္ဓိက သူတတ်ကျွမ်းသော ပညာရပ်ကို ရှင်းလင်းပြခွင့်ရသည့်အတွက် ကျေနပ်ပြုံး ပြုံးလိုက်လေသည်။

"ပုံတူမျိုးပွားတယ်ဆိုတဲ့ စကားလုံးမှာတင် စကားရပ် နှစ်မျိုး အကျုံးဝင်နေတယ်လေ၊ မျိုးပွားခြင်းဆိုတဲ့ Reproduction ရယ်၊ ပုံတူဆိုတဲ့ Duplicate ရယ်၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်လိုက်လေ ဒေါက်တာ"

"မျိုးပွားခြင်းဆိုတာကတော့ မဆန်းဘူးဗျ၊ လူတွေလဲ မျိုးပွားနေကြတာပဲ၊ တခြားသတ္တဝါတွေလဲ မျိုးပွားကြတာပဲ၊ သစ်ပင်တွေလဲ မျိုးပွားကြတာပဲ"

"ဟုတ်ပါတယ်"

"အသိဉာဏ်မရှိတဲ့ သတ္တဝါတွေတောင် မျိုးပွားကြတယ်၊ သူတို့ကတော့ မေထုံမှီဝဲခြင်းကြောင့်မျိုးပွားတာပေါ့၊

လူတွေလဲ အတူတူပဲ လိင်ဆက်ဆံခြင်းကြောင့် မျိုးပွားကြတယ်၊ ဒါဟာ ကမ္ဘာဦး အစကတည်းကပဲ၊ မဆန်းပြားတဲ့ သဘာဝဖြစ်ရပ်တစ်ခုပါပဲ ကိုစိုးထိုက်''

''ဟုတ်ပါတယ်''

''သို့ပေမယ့် လူတွေမှာတော့ အသိဉာဏ်ရှိတော့ကာ မျိုးမပွားနိုင်တဲ့သူတွေဟာ မျိုးပွားနိုင်ဖို့ ကြိုးစားတာမျိုး ရှိလာခဲ့တာပေါ့၊ ဆိုလိုတာက ကလေးမရနိုင်တဲ့လူတွေဟာ ကလေးရဖို့ နည်းလမ်းအမျိုးမျိုးသုံးပြီး ကြိုးစားလာကြတာ ပေါ့ဗျာ''

''ဟုတ်လိုက်လေဗျို့၊ လူနဲ့ တိရစ္ဆာန် ကွာခြားချက်ဟာ ဒါပါပဲ''

''လူတွေဟာ မျိုးမပွားနိုင်၊ သားသမီး မရနိုင်လို့ ရအောင် ကြံဆောင်ကြရုံတင်မဟုတ်သေးဘူး၊ သားသမီး အများကြီး ရမှာစိုးလို့ဖြစ်စေ၊ မလိုချင်လို့ဖြစ်စေ ကလေးမရအောင် တားဆီးတာလဲ လုပ်သေးသဗျ၊ သားဆက်ခြားတဲ့ကိစ္စ ကိုတော့ ကိုစိုးထိုက် နားလည်ပြီးသားမို့ ဒီနေရာမှာ ထည့်မပြောတော့ပါဘူးဗျာ၊ ကျုပ်ဆိုလိုချင်တာက လူတွေဟာ အသိဉာဏ်ရှိကြတော့ တိရစ္ဆာန်တွေလို မဟုတ်ဘဲ အမျိုးမျိုး ကြံဆကြတာကို ဆိုချင်တာပါ''

''ဟုတ်ပါတယ်''

''ကလေးမရတဲ့လူကို ကလေးရအောင် ကြံဆတဲ့နေရာမှာ အဆင့်မြင့်လာတဲ့ ဆေးပညာအရ ဖန်ပြွန်သန္ဓေသား အထိ ဖြစ်လာခဲ့တယ်လေ''

''ဟုတ်ကဲ့''

''ပုံတူမျိုးပွားခြင်းCloneနဲ့ ရိုးရိုးမျိုးပွားခြင်းReproductionတို့ကြားမှာ ကွာခြားချက်ကတော့ ရိုးရိုးမျိုးပွားတဲ့ အခါမှာ ကလေးကိုသာ ရတယ်''

''ခင်ဗျာ...''

ကျွန်ုပ်က ဒေါက်တာသိဒ္ဓိ စကားကို နားမလည်လိုက်ပဲရှိ လေသည်။

''ကိုစိုးထိုက် နားထွေးသွားပုံရတယ်၊ ကျုပ် ဆိုလိုတာက မျိုးပွားတယ်ဆိုမှတော့ ကလေးပဲ မွေးမှာပေါ့ဗျ၊ မဟုတ်ဘူးလား''

''အင်း...ဟုတ်တယ်လေ''

''ကလုံးကျတော့ ဒီလိုမဟုတ်တော့ဘူးလေဗျာ၊ ပုံတူ မျိုးပွားတယ်ဆိုမှတော့ မျိုးပွားပြီးရလာတဲ့ ကိုယ်ပွားဟာ ပုံတူဖြစ်နေမှာပေါ့၊ နားလည်လား၊ ခင်ဗျားကို ပုံတူမျိုးပွားလိုက်ရင် ခင်ဗျားရဲ့ အခုလက်ရှိ အသက်အရွယ်အတိုင်း ပုံတူ လူတစ်ယောက် ထွက်လာလိမ့်မယ်''

''အယ်...အင်း...ဟုတ်ပါရဲ့ဗျာ''

''ခင်ဗျား မျိုးပွားလိုက်တာဟာ ကလေးလေး မဟုတ်ဘူး၊ ကလေးဆိုရင် ရှင်းတယ်၊ သူ့ဟာသူ တစ်စစ ကြီးပြင်းပြီး ရှင်သန်လာလိမ့်မယ်၊ သူဟာ ခင်ဗျားရဲ့ သားသမီးမှန်ပေမယ့် ခင်ဗျားနဲ့ ချွတ်စွပ်ကြီးတော့ တူမှာမဟုတ်ဘူး၊ သူ့စိတ်, သူ့ကိုယ်, သူ့ဉာဏ်ရည်အတိုင်း ကြီးပြင်းလာမှာပဲ၊ ခင်ဗျားကို ပုံတူမျိုးပွားထားတဲ့ ကိုယ်ပွားကတော့ ခင်ဗျားနဲ့ ချွတ်စွပ်တူနေဦးမယ်၊ ဒီနေရာမှာ ပြဿနာတွေ တစ်ပုံတစ်ခေါင်းရှိလာနိုင်တာပေါ့ဗျ''

''ဟုတ်တာပေါ့နော်''

ကျွန်ုပ်က ဒေါက်တာသိဒ္ဓိ နမူနာအဖြစ် ပြောလိုက်သော ကျွန်ုပ်၏ ပုံတူလူတစ်ယောက်ကို စိတ်ကူးထဲ၌ တွေးကြည့်ရင်း ကြက်သီး ထ,သွားမိလေသည်။

''ဒါနဲ့ ဒေါက်တာ၊ ပုံတူပွားတယ်ဆိုတာ ဘယ်လိုလုပ်ယူတာလဲ၊ ကျွန်တော်လဲ ဆရာဝန်တစ်ယောက်သာဖြစ်တယ် မလေ့ လာဖူးလို့ နားမလည်ဘူး ဒေါက်တာ''

''ကလုံးကို ဘယ်လိုလုပ်သလဲဆိုတော့ သတ္တဝါတစ်ခုရဲ့ မည်သည့် အစိတ်အပိုင်းကမဆို လုပ်လို့ရတယ်၊ ဥပမာ...အရိုး၊ အသား၊ အသွေး၊ သွေးပေါ့ဗျာ၊ နောက်ပြီး ရိုးတွင်းခြင်ဆီ၊ အို... ဘယ်နေရာက ဘယ်အစိတ် အပိုင်းကိုမဆို အရင်းပြုပြီး ပုံတူမျိုးပွားလို့ ရတာပါပဲ''

''ဆန်းလှချည်လားဗျာ...''

''တကယ်တော့ မဆန်းပါဘူး၊ သက်ရှိသတ္တဝါတွေဟာ လိင်ဆက်ဆံခြင်းနဲ့ပဲ မျိုးပွားနေကြတော့ လိင် ဆက်ဆံမှုမပါဘဲ မျိုးပွားတာကို အဆန်းလို့ ထင်နေကြတာပေါ့၊ သစ်ပင်တွေကို ကြည့်၊ အထီးအမလို့ မရှိဘူး၊ တစ်ပင်နဲ့ တစ်ပင်အသစ်တွေ မျိုးပွား လိမ်ယှက်ခြင်းမရှိဘူး၊ နောက်ထပ် သစ်ပင်အသစ်တွေ မျိုးပွားနေကြတာပဲ၊ အဲဒီ သဘောသဘာဝကိုကြည့်ပြီး ပုံတူမျိုးပွားလုပ်ငန်းကို စမ်းသပ်ခဲ့တာပဲ ကိုစိုးထိုက်''

''စမ်းသပ်မှုဟာ အောင်မြင်ခဲ့တယ်ပေါ့၊ ဒါနဲ့ ဒေါက်တာ ပုံတူမျိုးပွားရာမှာ စံအဖြစ် သတ်မှတ်ခံရတဲ့ သတ္တဝါရဲ့ အရွယ်အစားအတိုင်း ထွက်လာတာဆိုတော့ အဲဒီ သတ္တဝါရဲ့ အသိဉာဏ်ကရော...၊ ဘယ်လို အဆင့်မှာရှိပါသလဲ၊ ကျွန်တော် သိချင်တာက ကျွန်တော့်ကို ပုံတူမျိုးပွားလိုက်လို့ ကျွန်တော်နဲ့ ရုပ်တူ၊ ရုပ်ချင်း ချွတ်စွပ်တူတဲ့

လူတစ်ယောက်ထွက်လာပြီဆိုပါတော့၊ အဲဒီ လူဟာ ကျွန်တော်သိတဲ့ အသိဉာဏ်မျိုး ရှိမလား၊ ကျွန်တော် တတ်ထားတဲ့ အတတ်ပညာမျိုး သူ့မှာ အလိုလို ပါလာမှာလား''

''အဲဒါပဲ ကိုစိုးထိုက်၊ လူကို မျိုးပွားရင် ကြုံရမယ့် ပြဿနာက အဲဒါပဲ၊ သေးသေးမွှားမွှားပြဿနာ မဟုတ်ဘူးဗျို့၊ အကြီးအကျယ် ပြဿနာပဲ၊ သူ့မှာ အသိဉာဏ် မရှိဘူး၊ လူဆိုရင်တော့ ခက်ပြီဗျို့၊ ဒါပေမယ့် လူကို စမ်းသပ်ပြီး ပုံတူမျိုးပွားတာမျိုး မလုပ်ဖူးသေးလို့ အဲဒီ လူပုံတူဟာ မူရင်းလူသားရဲ့ အသိဉာဏ်မျိုး ရှိနိုင်မယ် မထင်ဘူး၊ ပုံတူပွားတယ်ဆိုမှတော့ ပုံသာ တူမှာပေါ့၊ ပုံစံတူ အရုပ်တစ်ခု အဖြစ်သာ ထွက်လာမှာပေါ့ဗျာ၊ အဲ···သက်ရှိအရုပ် ဆိုပါတော့၊ စိတ်ချင်း တူ မတူတော့ မသိနိုင်ဘူး···''

''ဒါပေမယ့် သူဟာ အသွေးအသားနဲ့ ဖွဲ့စည်းထားတဲ့ တကယ့်လူတစ်ယောက်လို ရှိနေမှာနော်၊ သူ့မှာ ခံစားချက်ရှိမှာပေါ့''

''ဒါကြောင့်လဲ ကျုပ်တို့ဟာ လူကို မစမ်းသပ်ခဲ့သေးတာ ပဲပေါ့ ကိုစိုးထိုက်''

''လူကို မစမ်းသပ်ဖူးသေးဘူး၊ တကယ်လို့ လူသားကို ပုံတူမျိုးပွားရင် ဘယ်လို အကျိုးရှိမယ်၊ ဘယ်လို အကျိုးယုတ်မယ် ဆိုတာကို စဉ်းစားကြည့်ကြစို့လား ဒေါက်တာ''

''အကျိုးယုတ်တဲ့ဘက်က များလိမ့်မယ်၊ အကျိုး ရှိမှာက တော့ ခင်ဗျားမှာ ဇနီး သားသမီးရှိလို့ သူတို့ အရွယ်မတိုင်ခင်သေသွားရင် သူတို့ ခန္ဓာကိုယ်က တစ်စိတ်တစ်ပိုင်းကို ယူပြီး ကလုံးလုပ်ပြီး ဖြေသိမ့်နိုင်တာပေါ့ဗျာ''

''အဲဒီလို ကလုံးလုပ် အစားထိုးလိုက်တဲ့လူဟာ···ဆိုပါစို့ ဆယ်တန်းကျောင်းသားတစ်ယောက်ဆိုရင် ကလုံးက ဆယ်တန်းစာတွေကို အလိုလို တတ်နေလိမ့်မယ်လို့ ယူဆသလားဟင်''

''ကျုပ်တော့ မယူဆဘူး၊ သူ့ကို သူဟာ ကလုံးဖြစ်ကြောင်း မူရင်း လူသားမဟုတ်ကြောင်း ရှင်းပြရလိမ့်မယ်၊ ကလုံးအဖြစ် ဖန်တီးပြီး နောက်ပိုင်းမှ အတတ်ပညာသင်လို့ တတ်ကျွမ်း မကျွမ်းကတော့ သူ့ ဉာဏ်ရည်အတိုင်းပေါ့''

''အင်း···ကလုံးဟာ လူသားတစ်ယောက်ဖြစ်လာပြီမို့ သူ့ကို လူ့အခွင့်အရေးတွေ ပေးရတော့မယ်၊ သူ့ကို လူတစ်ယောက်အနေနဲ့ သတ်မှတ်တဲ့နေရာမှာ ဥပမာ···မှတ်ပုံတင်လုပ်ပေးတဲ့အခါမှာ ကလေးရဲ့ မိဘကို ဘယ်သူ့အနေနဲ့ မှတ်တမ်းတင်မလဲ၊ တကယ်တော့ သူဟာ မွေးဖွားပြီး လူဖြစ်လာတာမဟုတ်ဘူးလေ၊ မူရင်းလူသားရဲ့ မိဘနာမည်ကိုပဲ သူ့ မိဘအဖြစ် အသုံးပြုရင် သင့်တော်ပါ့မလား၊ သူဟာ ကလေးမွေးသလို တစ်စတစ်စ ကြီးပြင်းလာတာမဟုတ်ဘဲ ချက်ချင်း ကြီး လူအကောင်အထည်ပေါ်လာတာဆိုတော့ သူ့ကိုလူသားစစ်စစ်တစ်ယောက်အနေနဲ့ သတ်မှတ်ဖို့ ခက်သား''

''အရှုပ်အရှင်းတွေကတော့ အများကြီး ရှိလာနိုင်တာပေါ့ဗျာ''

''ကလုံးဟာ သူ့ မူရင်းလူသားရဲ့ ဇာတိဇစ်မြစ်၊ အဆွေ အမျိုး၊ မိဘတွေကိုလဲ သိလိမ့်မယ် မထင်ဘူးဗျ၊ ဒီအတိုင်းဆိုရင် ဖြင့် ကလုံးဆိုတဲ့ ကိစ္စကြီးဟာ မကောင်းပါဘူးဗျာ၊ ဖရင်ကင်စတိန်း ဇာတ်လမ်းလိုဖြစ်သွားနိုင်တယ်၊ သရဲမွေးမိသလို ဖြစ်သွားနိုင်တယ်၊ ပြဿနာရှိလာနိုင်တယ်၊ ဟုတ်တယ် မဟုတ်လား ဒေါက်တာ''

''သိပ်ဖြစ်နိုင်တာပေါ့၊ ကလုံးနဲ့ မူရင်းလူသားကြားမှာလဲ အရှုပ်အရှင်းတွေ ရှိလာမယ်၊ ကလုံးက မူရင်း လူသားအယောင်ဆောင်ပြီး လိမ်လည်လှည့်ဖြားမှုတွေ ပေါ်လာနိုင်တယ်၊ ပြီးတော့ မကောင်းတဲ့ စရိုက်ရှိသူ တစ်ယောက်ယောက်ကို ကလုံးလုပ်မိရင်လဲ လူ့အဖွဲ့အစည်းမှာ အန္တရာယ်ရှိလာနိုင်သေးတယ်ဗျ၊ ဥပမာ···ဟစ်တလာလို ကမ္ဘာကို အုပ်စိုးမယ့် လူသားတစ်ယောက်ရဲ့ အစိတ်အပိုင်းတစ်ခုခုကို ရခဲ့လို့ ဟစ်တလာအသစ်တစ်ယောက်များ ပုံတူမျိုးပွားနိုင်ခဲ့ရင် ဘယ်လိုလုပ်မလဲ ကိုစိုးထိုက်''

''တွေးကြည့်ရင် အသည်းယားစရာပါပဲဗျာ''

''အနုမြူဗုံးထက်ကို ကြောက်စရာကောင်းပါတယ်လေ''

''ဒါကြောင့်လဲ ကမ္ဘာ့အရပ်ရပ်က ဘာသာရေးသမားတွေ၊ အသင်းအဖွဲ့တွေက ပုံတူမျိုးပွားလုပ်ငန်းကို ဆန့်ကျင် နေကြတာကိုး၊ နိုင်ငံတော်တော်များများမှာလဲ အာဏာပိုင်တွေ ကိုယ်တိုင်က ပိတ်ပင်တားဆီးတာ၊ ဥပဒေထုတ်တာတွေ ဖတ်နေရတာ ဒါကြောင့်ကိုးဗျ''

''ဟုတ်တာပေါ့ ကိုစိုးထိုက်ရယ်၊ ဒါကြောင့်လဲ ကျုပ်က ကလုံးကိစ္စကို တရားဝင်တွေ့ရှိတယ်လို့ မှတ်တမ်း တင်ထားတဲ့ လူတွေထက် စောပြီး အောင်မြင်တာတောင် မကြေညာဘဲ လျှို့နေခဲ့တာပေါ့၊ လူကို ကလုံးလုပ်ဖို့တော့ ကျုပ်က လုံးဝ စိတ်မဝင်စားဘူးဗျို့၊ ဟီ···ဟီ···ဒါကြောင့်လေ···ကျုပ်က···ကျုပ်က···လူကို ဘယ်တုန်းကမှ မျိုးမပွား ဘူးဗျ၊ ဟဲ···ဟဲ···''

ဒေါက်တာသိဒ္ဓိ၏ အရှုပ်နင်ပြီး အလဟဿ ရယ်မောတတ်သော စရိုက်မှာ ပြန်၍ ပေါ်လာပြန်လေသည်။ သူက သူ၏ လက်နှစ်ဖက်ကို အချင်းချင်းပွတ်သပ်ကာ အကြောင်း ရှိဘဲ ရယ်မောနေပြန်သည်။ ကြည့်ရသည်မှာ သူ၏ အောင်မြင်မှုကို ပြန်တွေးရင်း ပီတိဖြစ်နေပုံရပေ၏။

''တလောက နာမည်ကြီးသွားတဲ့ ဇာတ်ကားတစ်ကား ခင်ဗျား ကြည့်ရသေးလား၊ ဂျူရာ့ဆစ်ပဲ့ခ် (Jurasic Park)ဆိုတာ၊ ဟောလိဝုဒ်က ရိုက်တဲ့ကားလေ''

"ကြည့်ရပါတယ်၊ ဟုတ်ပါရဲ့ဗျာ၊ အဲဒီကားက ကလုံး အကြောင်း ရိုက်ထားတဲ့ ကားပဲ"

"ဒိုင်နိုဆော သတ္တဝါကို ကလုံးလုပ်ပြီး ပြန်ဖော်ထုတ်တဲ့ ဇာတ်လမ်းဗျ၊ သူတို့ ဇာတ်လမ်းဆင်ထားပုံက ဒိုင်နိုဆောကို ကိုက်ခဲ့တဲ့ ခြင်တစ်ကောင်ဟာ သစ်စေးထဲမှာ နစ်ပြီး အဲဒီသစ်စေးက ပယင်းကျောက် ဖြစ်သွားတယ်၊ ကလုံးလုပ်မယ့် ပညာရှင်တစ်စု က ပယင်းကျောက်ထဲက ခြင်ရုပ်ကြွင်းကို ထုတ်၊ ခြင်ထဲက ဒိုင်နိုဆောရဲ့ သွေးကို ထုတ်ပြီး ဒိုင်နိုဆောသတ္တဝါ ပြန်ဖန်ဆင်းတဲ့ ဇာတ်လမ်းပဲ"

"ဟုတ်တယ်၊ တော်တော့်ကို စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်ကားပဲ၊ ကျုပ် ကြည့်ရပါတယ်"

"ဟဲ…ဟဲ…၊ ကျုပ်လဲ အဲဒီ ဇာတ်ကားကြည့်ပြီး ဒီစိတ် ကူးကို ရလာခဲ့တာပဲလေ၊ ကျုပ်က ယုန်လေးတွေ၊ ကြွက်ကလေးတွေ…၊ အကောင်ကြီးကြီးမားမားဆိုလို့ ခွေးနဲ့ ကြောင်လောက်သာ ကလုံးလုပ် စမ်းသပ်ခဲ့ဖူးတာကိုးဗျ၊ သူတို့ ဇာတ်ကား ကြည့်ရမှ တိမ်မြုပ်ပျောက်ကွယ်နေတဲ့ သတ္တဝါတွေကို ကလုံးလုပ်ကြည့်ဖို့ စိတ်ကူးရတော့တယ်ဗျို့"

"သြော်…ဒေါက်တာက သတ္တဝါတစ်မျိုးမျိုးကို ကလုံး လုပ်ထားတယ်ပေါ့၊ ဒီအတွက်ပဲ ကျွန်တော့်ကို ဖိတ်လိုက်တာပေါ့ နော်၊ ဘယ်လို သတ္တဝါပါလိမ့်ဗျာ၊ သူတို့ လုပ်သလို ဒိုင်နိုဆောပဲ လား"

"ဒိုင်နိုဆောသတ္တဝါဟာ မြန်မာနိုင်ငံမှာ ရှင်သန်ခဲ့ဖူးလို့လားဗျ၊ ကြံကြံဖန်ဖန်၊ ကျုပ်က ရုပ်ရှင်ဇာတ်လမ်းထဲ ကအတိုင်း လိုက်မရူးပါဘူး ကိုစိုးထိုက်ရယ်…"

ဒေါက်တာသိဒ္ဓိက ကျွန်ုပ်၏ ထင်ကြေးကို မနှစ်မြို့သလိုပြောလိုက်၍ ကျွန်ုပ်က ပျာပျာသလဲ တောင်းပန် လိုက်ရလေသည်။

"ဆောရီးဗျာ…၊ ဒေါက်တာက ဘယ်လို သတ္တဝါမျိုးကိုများ စမ်းသပ်ထားပါလိမ့်"

"ကျုပ်က နိပါတ်တော်လာ၊ ဇာတ်တော်လာထဲက သတ္တဝါကို စမ်းသပ်ထားတာဗျ"

"ဗျာ…နိပါတ်တော်ထဲက သတ္တဝါ၊ ဇာတ်တော်ထဲက သတ္တဝါ၊ ဟုတ်လား…ဒေါက်တာ၊ ဘယ်လို သတ္တဝါ လဲဟင်"

"ဟီ…ဟီ…ဟီ…"

ဒေါက်တာသိဒ္ဓိက မဖြေသေးပဲ ရယ်နေပြန်သေးသည်။

"ကိုစိုးထိုက် ခန့်မှန်းကြည့်စမ်း၊ ဘာကောင်ဖြစ်မလဲလို့"

"ကျွန်တော် မခန့်မှန်းတတ်ပါဘူး"

"အို…ခန့်မှန်းကြည့်စမ်းပါ၊ မှားမှား မှန်မှန်"

"နိပါတ်တော်ထဲကဆိုတော့ ဘီလူးလားဗျာ"

"အလိုဗျာ…ကြံကြံစည်စည်၊ ကျုပ်က ဘီလူးအရိုး အကြွင်းအကျန် ဘယ်ကသွားရှာရမှာတုံးဗျ"

"ဇာတ်တော်ထဲကဆိုလို့ ကျွန်တော်လဲ တွေးမိတွေးရာ ပြောလိုက်တာပဲ၊ ဒါဖြင့်…"

ကျွန်ုပ်က ကြားဖူး ဖတ်ဖူးသမျှ ဇာတ်နိပါတ်တော်များကို ပြန်၍ စဉ်းစားရလေသည်။

"ရှူးပျံများဖြစ်မလား၊ ပုဂံခေတ်က သောင်းကျန်းခဲ့တဲ့ သတ္တဝါကြီးတွေထဲက ရှူးပျံလေ"

ကျွန်ုပ်အဖြေကြောင့် ဒေါက်တာသိဒ္ဓိ မျက်နှာကြီးမှာ ရှုံ့သွားပြန်သည်။

"ရှူးပျံ သဲလွန်စလဲ မရှာနိုင်ပေါင်ဗျာ"

"ကျွန်တော်ဖြင့် မစဉ်းစားတတ်တော့ဘူး ဒေါက်တာ၊ ဘုရားတွေမှာ ထုလေ့ရှိတဲ့ မနုသီဟ ဖင်နှစ်ခွဆိုတဲ့ အကောင်မျိုးများလား"

"တော်ပြီ တော်ပြီ၊ ခင်ဗျား မပြောနဲ့တော့၊ ကျုပ်ဟာ ကျုပ် ဖွင့်ပြောတော့မယ်"

"အစကတည်းက ပြောလိုက်ပါတော့လား ဒေါက်တာရယ်၊ ကျွန်တော်က ဒေါက်တာလောက် မတော်ပါဘူး၊ ကလုံးလုပ်ဖို့နေနေသာသာ ဒေါက်တာ ကလုံးလုပ်ထားတဲ့အကောင်တောင် ဘာကောင်ဆိုတာ မဖော်တတ်တာသာ ကြည့် တော့၊ ဘာကောင်များလဲ ဒေါက်တာရယ်…ပြောပါဦး"

"ဟီ…ဟီ…ဟီ…"

ဒေါက်တာသိဒ္ဓိက မပြောသေးဘဲ သူ့ ထုံးစံအတိုင်း ရယ်နေပြန်၏။

"ကျုပ် ပြောလိုက်ရင် ခင်ဗျားအံ့သြသွားမှာ အမှန်ပဲဗျ၊ ဟီ…ဟီ…"

"ဟုတ်ကဲ့…အံ့သြချင်လှပါပြီ၊ ပြောပါတော့ ဒေါက်တာ"

"ကျုပ် ကလုံး လုပ်ထားတာ တခြားအကောင်မဟုတ်ဘူး ဗျ၊ **နဂါးဗျ…နဂါး…**၊ ဟီ…ဟီ…ဟီ… ဟီ… ဟဲ… ဟဲ… ဟဲ"

။

▶

ဒေါက်တာသိဒ္ဓိအပြောကြောင့် ကျွန်ုပ် ၏ခန္ဓာကိုယ်မှာ မတ်ခနဲဖြစ်အောင် အံ့သြသွားရလေသည်။

"နဂါး…ဟုတ်လား"

"ဟုတ်ပါ့ဗျာ၊ နဂါးမှ နဂါးအစစ်၊ ဟဲ…ဟဲ…ဟဲ…"

"နဂါး…နဂါး…၊ နဂါးမျိုးစိတ်ကို ဒေါက်တာ ဘယ်က ရသလဲဟင်"

ကျွန်ုပ်က မယုံသင်္ကာစွာ မေးလိုက်သည်။

"နဂါး အရိုးတစ်ခုကို ကျုပ် ရခဲ့တယ်ဗျ၊ ဘယ်လိုဘယ်ပုံ ရခဲ့တယ်ဆိုတာတော့ ထားပါတော့ဗျာ၊ တော်တော်ခဲခဲယဉ်းယဉ်း လုပ်ယူခဲ့ရတာပေါ့၊ ဟဲ…ဟဲ…နောက်ဆုံးတော့ နဂါးအရိုးဟာ ကျုပ် လက်ထဲ ရောက်လာတာပဲလေ"

"နဂါးအရိုး ဟုတ်လား ဒေါက်တာ၊ ဒါဆို နဂါးဆိုတဲ့ သတ္တဝါဟာ တကယ်ရှိခဲ့ဖူးတယ်ပေါ့၊ ကျွန်တော်က စိတ်ကူးယဉ် ဇာတ်လမ်းထဲက သတ္တဝါတစ်ကောင်လို့ပဲ ထင်နေတာ"

"တကယ်ရှိခဲ့ဖူးတယ်ဆိုတာ ကျုပ်က ကလုံးလုပ်လို့ နဂါး သတ္တဝါကို အောင်အောင်မြင်မြင်မွေးဖွားလိုက်တာက သက်သေပေါ့ ဗျ၊ ဟီ…ဟီ…"

"ဒေါက်တာ…ဒေါက်တာ…တကယ်ပဲ နဂါးတစ်ကောင်ကို လုပ်ယူနိုင်ခဲ့တယ် ဟုတ်လား"

"ဟုတ်ပါ့ဗျာ…ဟုတ်ပါ့၊ ခင်ဗျား ဆောင်းပါး ကောင်းကောင်း ရေးပြီး ကမ္ဘာကို ကြေညာပေးဖို့သာ ပြင်ပေတော့၊ ကဲ… ကဲ…ပြောနေကြာတယ်၊ ကျုပ်လုပ်ထားတဲ့ နဂါးကို သွားကြည့်ကြ စို့ဗျို့၊ ဟီ…ဟီ…ဟီ…၊ ခင်ဗျားတော့ ပါးစပ်ကြီး အဟောင်းသားနဲ့ အံ့သြနေမှာ မြင်ယောင်နေသေးသဗျို့၊ ဟီ…ဟီ…ဟီ…"

ဒေါက်တာသိဒ္ဓိသည် ယခင်ကထက်ပင် ပို၍ ရွှင်မြူးသွက် လက်လာလေ၏။

"နဂါး…အဲဒီ နဂါးက ဘယ်မှာလဲ ဒေါက်တာ"

"ဟောဟို အဆောက်အဦကြီးထဲမှာလေ၊ အဲဒါကြီးဟာ ကျုပ်ရဲ့ ဓာတ်ခွဲခန်းကြီးပဲ"

ကျွန်ုပ် ဝင်လာစ,ကပင် ကြီးမားလှသည်ဟု သတိပြုမိသော အဆောက်အဦးကြီးကို လက်ညှိုးညွှန်ပြကာ ပြောလိုက်လေသည်။

ထိုအခါမှပင် နဂါးတစ်ကောင်ထည့်လှောင်ထားရန် ထိုမျှ ကြီးမားစွာ ဆောက်လုပ်ထားခြင်း ဖြစ်ကြောင်း ကျွန်ုပ် နားလည်လိုက်ရလေ၏။

"အဲဒီ နဂါးကြီးကို ဒေါက်တာတစ်ယောက်တည်း ကလုံးလုပ်ခဲ့တာပေါ့၊ ဟုတ်လား…ဒေါက်တာ"

"မှန်တာပေါ့ ကိုစိုးထိုက်၊ ဘယ်သူ့ အကူအညီမှ မပါဘဲ ကျုပ်တစ်ယောက်တည်း လုပ်ခဲ့တာလေ၊ ဟဲ…ဟဲ"

"ဒေါက်တာ နိုင်နင်းသလားဗျာ"

"ကျုပ်က အကောင်ငယ်လေးတွေ ကလုံးလုပ်တာ ကျွမ်းပြီးသားပဲ၊ ဘာခက်မှာလဲ၊ လုပ်နိုင်လို့ပဲ ခုအောင်မြင်နေပြီလေ၊ ကဲ…လာပါ ကိုစိုးထိုက်၊ ကျုပ် နဂါးကလုံးကို လိုက်ကြည့်လှည့်ပါဦးဗျာ"

ဒေါက်တာသိဒ္ဓိက ရှေ့မှ ဦးဆောင်ရင်း တစ်ထပ်တိုက်ကလေးထဲမှ ထွက်ခွာသွားလေသည်။ ကျွန်ုပ်သည် တွန့်ဆုတ်ဆုတ်နှင့်ပင် သူ့နောက်မှ လိုက်ခဲ့ရလေသည်။

အဆောက်အဦးကြီးထဲမှာ နဂါးတစ်ကောင်ရှိတယ်ဆိုတာ တကယ်လား။ ဒေါက်တာသိဒ္ဓိသည် ရူးသွပ်ပြီး ထင်မိထင်ရာ လျှောက်ပြောနေခြင်းလား။ နဂါးဆိုသည်မှာရော တကယ်ရှိသလား။

ကျွန်ုပ်သည် မကြာမီ မြင်ရတော့မည့် နဂါးဆိုသည့် သတ္တဝါကို ကြည့်ရန် အသည်းထိတ်စွာ၊ ရင်ခုန်စွာ၊ ကြောက်ရွံ့စွာ၊ ထိတ် လန့်စွာဖြင့် ခံစားမှုမျိုးစုံ ခံစားရင်း ဝေခွဲမရ ဖြစ်နေရလေသည်။

ဒေါက်တာသိဒ္ဓိနောက်မှ လိုက်ခဲ့ရင်း သည်နေရာသို့ လာခဲ့သည်မှာ မှားလေပြီလောဟုလည်း တွေးနေမိလေ၏။

ဒေါက်တာသိဒ္ဓိက သူ့ကိုယ်လုံးကြီးနှင့် မလိုက်ဖက်စွာ အဆောက်အဦးကြီးရှိရာသို့ သွက်လက်စွာလျှောက်သွားနေလျက်ရှိပေ၏။

။

►

အချိန်က ညနေစောင်းအချိန် ဖြစ်ပေ၏။ ဆောင်းတွင်းမို့ နေ့တာတိုပေရာ တော တောင်ရိပ် လွှမ်းနေသောနေရာတွင် အမှောင်ထု ကြီးစိုးစ ပြုပေပြီ။

အဆောက်အဦးကြီးရှေ့ အရောက်တွင် ဒေါက်တာသိဒ္ဓိက ကြီးမားသော သော့ချောင်းကြီး ဖြင့် ပိတ်ထားသော တံခါးကို ဖွင့်လိုက်လေ၏။

အဆောက်အဦးကြီး၏ ဝင်ပေါက်တံခါးကို မြင်လိုက်သည်တွင် ကျွန်ုပ်မှာ အံ့အားသင့်ရပြန်လေ၏။ အဆောက် အဦးကြီး ကြီးမားသလောက် တံခါးပေါက်ကလေးမှာကား လူခါးအမြင့် သာသာလောက်သာ ရှိလေသည်။

ဝင်ပေါက်မှာလည်း ကျဉ်းမြောင်းလှလေသည်။ ကျွန်ုပ်တို့သည် ထို တံခါးပေါက်ကို ငုံ့၍ ကိုယ်ကို ကျုံ့၍ ဝင်ရမည်ဖြစ်၏။ အတွင်းမှ နဂါးကြီးလွတ်ထွက်မသွားစေရန် ကြိုတင်စီစဉ်ထားပုံရလေသည်။

ဒေါက်တာသိဒ္ဓိက တံခါးကို ဆွဲဖွင့်ရင်း သူ့ကိုယ်လုံးဝဝကြီးကို ကျုံ့ကွေးကာ ဒူးထောက်ရင်း အတွင်းသို့ ဝင်သွားလေ၏။ ကျွန်ုပ်လည်း အတွင်း၌ တွေ့ရမည့် နဂါးကြီးကို ရင်ထိတ်စွာတွေး လိုက်မိရင်း မဝံ့မရဲလိုက်ဝင်ရလေ၏။

အတွင်းသို့ ရောက်သွားပါပြီ။

အတွင်း၌ကား ကြီးမားကျယ်ပြန့်လှသော အခန်းကျယ်ကြီး ထဲတွင် မီးချောင်းတစ်ချောင်းသာ ထွန်းထားသည်ကို တွေ့လိုက်ရ ၏။ အဆောက်အဦးက ကျယ်လွန်းပြီး မီးချောင်းတစ်ချောင်းတည်း အလင်းရောင်ကြောင့် အခန်းကျယ်ကြီးမှာ မှိန်ပျပျအလင်းသာ ရှိလေသည်။

ကျွန်ုပ် မျှော်လင့်ထားသော နဂါးကြီးကိုကား မတွေ့ရသေးပါ။

သို့သော် အခန်းနှင့်အပြည့် ကြီးမားနက်ရှိုင်းလှသော ရေကန်ကြီးတစ်ခုကိုတော့ တွေ့လိုက်ရလေ၏။ ရေကန် ကြီးမှာ ကြီးမားလွန်းလှလေရာ အဆောက်အဦးကြီး၏အကျယ်နီးပါးမျှ ရှိလေသည်။ အဆောက်အဦးကြီးမှာ ရေကန်ကို ငုံမိအောင် ဆောက်လုပ်ထားသည့်သဖွယ် ဖြစ်ပေသည်။ ကျွန်ုပ်က အမိုးအကာပြည့် အဆောက်အဦးအတွင်းတွင် ရေကန်တစ်ကန် မြင်လိုက်ရ၍ အံ့သြသွားရလေသည်။

"ဒီအဆောက်အဦးကြီးဆောက်တာ ကျုပ်သိန်းငါးရာလောက် ကုန်သွားတယ်ကိုစိုးထိုက်ရဲ့၊ ဒါတောင်လွန်ခဲ့တဲ့ ငါးနှစ်ကဈေးနော်…"

"ကုန်မှာပေါ့ ဒေါက်တာ၊ အဆောက်အဦးကြီးက သိပ်ကြီးကျယ်တာကိုး၊ အားလုံး သံမဏိပေါင်တွေ၊ သံမဏိ ယက်မတွေနဲ့ ဆောက်ထားတာပဲ"

ကျွန်ုပ်က မြင့်မားလှသောအမိုးပေါ်မှ သံယက်မကြီးများကိုလည်းကောင်း၊ နံရံအဖြစ်ကာရံထားသော သံမဏိပြား ကြီးများကိုလည်းကောင်း၊ ကြီးမားလှသော ရေကန်ကြီးကိုလည်းကောင်း ကြည့်ရင်း ပြန်ပြောလိုက်လေသည်။

"ဒါနဲ့…ဒီရေကန်ကြီးက ဘာလုပ်ဖို့လဲ ဒေါက်တာ၊ အဆောက်အဦးတစ်ခုလုံး ရေကန်နဲ့ပဲ ပြည့်နေတာပါလား၊ အခိုင်အခံ့ဆောက်ထားတာ ဘာသဘောပါလိမ့်"

"ဟား…ဟား…ဟား…ဟား…ဟီ…ဟီ…ဟီ…ဟဲ… ဟဲ…ဟဲ…"

ကျွန်ုပ် အမေးကို မဖြေသေးပဲ ဒေါက်တာသိဒ္ဓိက သူ့ဟာသူ ခွက်ထိုးခွက်လှန် ရယ်မောနေလေသည်။

"ဒါကြီးကို ဒါလောက်ကြီးကြီးဘာလို့ ဆောက်ထားရသလဲဆိုတော့ ကျုပ်ရဲ့ နဂါးကလုံးကြီး နေဖို့ပေါ့ဗျာ"

"သြော်…အင်း…ဟုတ်သားပဲ၊ ဒါနဲ့…ဒေါက်တာ့ရဲ့ နဂါးကြီးက ဘယ်မှာလဲ ဒေါက်တာ၊ မမြင်ပါလား"

"ဟား…ဟား…ဟား…ဟား…ဟီ…ဟီ…ဟီ…ဟဲ… ဟဲ…ဟဲ…"

ဒေါက်တာသိဒ္ဓိက ရယ်နေပြန်လေသည်။

"ကျုပ်ကတော့ ကျုပ် စိတ်ကူးနဲ့ ကျုပ်ပေါ့ဗျာ၊ နဂါးကြီး အကောင်အထည်ပေါ်လာရင် သူ နေဖို့ဆိုပြီး ဟောဒီ ကန်ကြီးကို ကြိုဆောက်ထားတာပဲဗျ၊ သံမဏိတွေနဲ့ ကာရံထားတာကလဲ နဂါးကြီး လွတ်မြောက် ထွက်မပြေးအောင် ပေါ့ဗျာ"

"ဟုတ်တာပေါ့ ဒေါက်တာ၊ နဂါးဆိုတာ အင်အားကြီးတဲ့ သတ္တဝါပဲ၊ ကျွန်တော်တို့ရဲ့ ဘုရားကိုတောင် အနှောင့်အယှက်ပေးခဲ့ဖူးတယ်လို့ ဆိုရိုးရှိတာကိုး"

"ဟား…ဟား…ဟား…ဟား…ဟီ…ဟီ…ဟီ…ဟဲ… ဟဲ…ဟဲ…"

ဒေါက်တာသိဒ္ဓိ ရယ်ပြန်သည်။ ယခုတစ်ခါ ရယ်ပုံက ကျွန်ုပ်ပြောသည့်စကားကို လှောင်ပြောင်လိုက်သည့်

ရယ်မောပုံမျိုး ဖြစ်၏။

“နဂါးဟာ ဘယ်အရွယ်အစားလောက်ရှိမယ်လို့ ခင်ဗျား ထင်သလဲ”

“တော်တော်ကြီးမှာပေါ့”

“ဟုတ်ပြီလေ၊ တော်တော်ကြီးမယ်ဆိုတာ ဘယ်အရွယ် လောက်လဲ…ဟီ…ဟီ…”

“အင်း…အဲ…အိမ်လောက်ကြီးမှာပေါ့”

“ဟား…ဟား…ဟား…ဟား…ဟီ…ဟီ…ဟီ…ဟဲ… ဟဲ…ဟဲ…”

“ဟင်…ဒီ အဆောက်အဦးကြီးနဲ့ မဆံ့အောင်ကို ကြီးနေလို့လား ဒေါက်တာ၊ သူ့ကို ဒေါက်တာ ဘယ်မှာထားသလဲဟင်”

ကျွန်ုပ်က နဂါးထားရန် စီမံထားသည့် အဆောက်အဦးအတွင်း နဂါးကို မမြင်၍ မေးလိုက်လေသည်။ နဂါးကြီးသည် အင်အားကြီးမားလွန်း၍ လွတ်ထွက်သွားလေသလား။

“ဟား…ဟား…ဟား…ဟား…ဟီ…ဟီ…ဟီ…ဟဲ… ဟဲ…ဟဲ…ကျုပ်လဲ အစက ဒီလိုပဲ ထင်ခဲ့တာပဲဗျ၊ တကယ်တမ်းကျတော့…ဟဲ…ဟဲ…”

“ဟုတ်ကဲ့”

“နဂါးဆိုတဲ့အကောင်ဟာ တကယ်တမ်းကျတော့ ခြောက်လက်မလောက်ပဲ ရှိတယ်ဗျ၊ ခြောက်လက်မတောင် မပြည့်ချင်ဘူး၊ ဟီ…ဟီ…”

“ဗျာ…ဒေါက်တာ ဘာပြောလိုက်တယ်”

“ဟား…ဟား…ကျုပ်လဲ ခင်ဗျားလိုပဲ နဂါးဆိုတာ အိမ်လောက်ရှိတဲ့ အကောင်ကြီးထင်ပြီး ဒီကောင်ကြီးအတွက် ဒါတွေ ကြိုပြီး ပြင်ဆင်ထားတာပေါ့ဗျာ၊ တကယ်တမ်း နဂါးအရိုးကို ကလုံးလုပ်ပြီး မွေးထုတ်လိုက်တော့ ခြောက်လက်မလောက် အကောင်လေးတွေ ထွက်လာတာပဲဗျာ”

“ဘယ်လိုလဲ ဒေါက်တာရယ်၊ ဒါဆို ဒေါက်တာရခဲ့တဲ့ အရိုးဟာ နဂါးအရိုး အစစ်မဟုတ်လို့ပေါ့”

“ဘာလို့ မဟုတ်ရမှာလဲဗျ၊ နဂါးစစ်စစ်အကောင်ပေါင်းများစွာ ကျုပ် ပွားယူလို့တောင် ပြီးနေမှဟာ၊ နဂါးအကောင်ကတော့ နဂါးအကောင် စစ်စစ်ပဲဗျို့၊ ရေမရောဘူး”

“ဗျာ…နဂါး အကောင်ပေါင်းများစွာ ပွားပြီးပြီ၊ ဟုတ်လား ဒေါက်တာ”

“ဟုတ်တယ်၊ ကျုပ် နဂါး အကောင်ခြောက်ဆယ် ပွားပြီးပြီ၊ အကုန်လုံးဟာ ခြောက်လက်မလောက် အရွယ်ချည်းပဲ”

“ဟုတ်…ဟုတ်ရဲ့လား…ဒေါက်တာရယ်”

“ကျုပ်လဲ အကောင်သေးသေးလေးတွေပဲ ထွက်လာတာနဲ့ ဒီအဆောက်အဦးကြီးကို ဒီအတိုင်း ပစ်ထားလိုက်ရတော့တာပဲဗျို့၊ ဟီ…ဟီ…ရယ်လဲ ရယ်ရတယ်ဗျ၊ ဒါနဲ့ပဲ ဟိုဘက်မှာ အခန်းလေး တစ်ခန်းထပ်ကန့်ပြီး သူတို့ကို လှောင်ထားလေရဲ့…၊ လာဗျို့၊ အဲဒီ အခန်းထဲ သွားကြစို့”

ဒေါက်တာသိဒ္ဓိက အဆောက်အဦး၏ထောင့်မှ ကန့်ထားသော အခန်းလေးထဲသို့ ဦးဆောင်ခေါ်သွားပြန်သည်။

အခန်းလေးရှေ့အရောက်တွင် သူက ရပ်၍ အခန်းရှေ့ရှိ ဗီရိုလေးကိုဖွင့်ကာ တစ်စုံတစ်ရာကို ထုတ်ယူလိုက်လေ၏။

သူ့ လက်ထဲ၌ နေကာမျက်မှန်နှစ်လက်ပါလာလေသည်။

“ရော့…နေကာမျက်မှန်ကို တပ်ထားပေတော့ ကိုစိုးထိုက်”

“ဘာဖြစ်လို့လဲဗျာ…ညကြီးမင်းကြီး”

“နဂါးကြည့်မယ်ဆိုရင် နေကာမျက်မှန် တပ်ထားဖို့လိုလို့ဗျို့၊ ဒီအတိုင်းကြည့်ရင် ခင်ဗျား မျက်လုံးကန်းသွားလိမ့်မယ်”

“ဟင်…”

“နဂါးတို့မျက်စောင်း အကြောင်းသုံးပါး မရှေးဘူးဆိုတာ ကြားဖူးတယ်မဟုတ်လား၊ နဂါးမျက်လုံးတွေဟာ သာမန်လူတွေ ကြည့်လို့မရအောင်ကို လက်လက်တောက်နေတာဗျို့၊ နေကာမျက်မှန် တပ်ကြည့်မှဖြစ်တယ်ဗျ၊ နို့မို့ မျက်လုံးကန်းသွားနိုင်တယ်”

“အောင်မယ်လေး…ကြောက်စရာကြီးပါလား ဒေါက်တာရယ်၊ ဒါလောက် အစွမ်းအစကြီးတဲ့ နဂါး မကြည့်ရဲတော့ပါဘူးဗျာ၊ ကျွန်တော် အသည်းတုန်လှတယ်၊ မကြည့်ပါရစေနဲ့တော့ ဒေါက်တာရယ်”

ကျွန်ုပ်မှာ တကယ်ပင် ကြည့်ချင်စိတ်မရှိတော့၍ ဒေါက်တာသိဒ္ဓိကို တောင်းပန်မိလေသည်။

“အိုး…ဒီအထိရောက်ပြီးမှ မကြည့်ရဲလို့ ဘယ်ဖြစ်မလဲဗျ၊ ကျုပ်က ခင်ဗျားကို လေးစားလွန်းလို့ လက်ရွေးစဉ်ဖိတ်ပြီးပြတာကို ဂုဏ်ယူတတ်စမ်းပါ၊ ရော့…တပ်၊ ကျုပ်တို့မှာ နောက်ဆက်ပြီး လုပ်စရာတွေ အများကြီး ရှိသေးတယ်၊

ဟီ…ဟီ…”

သူက ရယ်လည်းရယ်ရင်း ခပ်ပြတ်ပြတ် အမိန့်ပေးကာ ကျွန်ုပ်အား နေကာမျက်မှန်ကို တပ်ခိုင်းလေသည်။

ကျွန်ုပ်လည်း မလွှဲမရှောင်သာ နေကာမျက်မှန်ကို ယူ၍ တပ်လိုက်ရလေ၏။

သည်နေရာလာမိတာ မှားလေပြီလားဟု နောက်တစ်ကြိမ် နောင်တရမိပြန်လေသည်။

။

►

ဒေါက်တာသိဒ္ဓိသည် ကန့်ထားသော အခန်းလေး၏ တံခါးကို ဖွင့်လိုက်လေသည်။

သူနှင့် အတူ ကျွန်ုပ်လည်း အခန်းထဲသို့ လိုက်ဝင်လိုက်၏။

ထိုအခန်းကလေးကိုတော့ မီးများထိန်လင်းအောင် ထွန်းထားကြောင်း တွေ့ရလေသည်။ အခန်းကို လေအေးစက်တပ်ဆင်ထားကြောင်းလည်းတွေ့ရပေ၏။

“ဒီအခန်းကိုတော့ အပူအအေးမျှတအောင် လုပ်ထားရတယ် ဗျို့၊ နဂါးကြိုက်တဲ့ ရာသီဥတုမျိုးဖြစ်အောင်ပေါ့”

“နဂါးက ဘယ်မှာလဲဗျ”

“ဟိုမှာလေဗျာ…”

သူ လက်ညှိုးညွှန်ပြရသို့ ကျွန်ုပ်က ကြည့်လိုက်လေသည်တွင်…

အခန်းထောင့်၌ မှန်ဖြင့် လေးထောင့်စပ်စပ်ပြုလုပ်ထားသော မှန်အိမ်တစ်ခုကို တွေ့လိုက်ရလေ၏။ မှန်အိမ်သည် ခြောက်ပေပတ်လည်ခန့် ရှိကာ ကျွန်ုပ်တစ်ရပ်ကျော်ရုံလောက် ရှိပေ၏။

ထို လေးထောင့်မှန်အိမ်ထဲတွင်တော့…

**နဂါးများ…။**

အကောင်ပေါင်းများစွာသော နဂါးသေးသေးလေးများကို ကျွန်ုပ် မြင်လိုက်ရလေတော့သည်။

“အောင်မယ်လေး…နဂါးတွေ…နဂါးတွေ…၊ အဲဒါ နဂါးတွေ၊ ဟုတ်သလား”

နဂါးများမှာ ဒေါက်တာသိဒ္ဓိ ပြောခဲ့သလို ခြောက်လက်မခန့်သာရှည်၍ လက်သန်းခန့်သာ တုတ်သော အကောင်လေးများ ဖြစ်ပါသည်။

ကျွန်ုပ်သည် မဝံ့မရဲဖြင့် ရှေ့သို့ တစ်လှမ်းတိုးရင်း နဂါးများကို လှောင်ထားသော မှန်လှောင်အိမ်လေး ဆီသို့လှမ်းသွားမိသည်။

ခြောက်ပေ ပတ်လည်ကျယ်၍ မှန်ကာ၊ မှန်မိုးထားသော မှန်လှောင်အိမ်အတွင်း၌ နဂါး အကောင်ပေါင်းများစွာ သည် သဘာဝသစ်တောအုပ်အတိုင်း ဖန်ဆင်းထားသည့် တောအုပ်ကလေးအတွင်း၌ အသက်ရှင် လှုပ်ရှားလျက်ရှိကြ လေသည်။

မှန်လှောင်အိမ်၏ အောက်ခြေတွင် အလယ်တည့်တည့်၌ ရေကန်တစ်ကန်ရှိနေသည်။

ရေကန်၏ ဘေးပတ်ပတ်လည်တွင် သစ်ပင်များ၊ သစ်ပင်များသည် တောထဲတောင်ထဲတွင် သဘာဝအလျောက် ပေါက်ရောက်နေသည့်သဖွယ် တကယ့်သစ်ပင်ငယ်လေးများဖြစ်ပါ၏။

“သစ်ပင်တွေက ဘွန်ဇိုင်းလုပ်ထားတဲ့ သစ်ပင်တွေလေ၊ သူတို့ သဘာဝကျကျ ပျော်မြူးနိုင်အောင် ကျုပ်စီစဉ် ပေးထားတာ”

ဘွန်ဇိုင်း (Bonsai) ဆိုသည်မှာ တကယ့်သစ်ပင်များကို မူရင်းအချိုးအစားအတိုင်း သေးငယ်သွားအောင် ဖန်တီး ထားခြင်းဖြစ်လေသည်။ ညောင်ပင်၊ မန်ကျည်းပင်ကဲ့သို့ အပင်ကြီးများကို ဘွန်ဇိုင်းပညာဖြင့် တစ်ပေခန့် အပင်လေး ဖြစ်အောင် လုပ်ယူ၍ရပါသည်။ ဘွန်ဇိုင်းလုပ်ထားသော အပင်သည် အခက်အလက် အရွက်များမှာ မူရင်းသစ်ပင်ကြီး အတိုင်းရှိကာ အချိုးအစားကျကျ သေးငယ်သွားခြင်းဖြစ်ပါ၏။

ဒေါက်တာသိဒ္ဓိသည် မှန်လှောင်အိမ်အတွင်း ရေကန်ရော၊ သစ်ပင်များပါ တကယ့်သစ်တောအုပ်သဖွယ် ဖန်တီးထားခြင်းဖြစ်ပါ၏။

နဂါးလေးများသည် ရေကန်ထဲမှာ ကူးခပ်လျက်တချို့၊ သစ်ပင်များပေါ်တွင် နွယ်ပတ်လိမ်တက်လျက် တချို့၊ အချို့သော နဂါးကလေးများက အမြီးလေးများ လှုပ်ရမ်းကာ လေထဲ၌ ပျံဝဲနေကြလေ၏။

ဘုရားသခင်…။ ဒါဟာ တကယ့်နဂါးတွေပါလား။ ပုံပြင်များ၊ ဇာတ်နိပါတ်တော်များထဲတွင် ဖော်ပြကြသည့် အတိုင်းပင် နဂါးများသည် လေထဲ၌လည်း ပျံဝဲနိုင်ကြပါပေ၏။

ကျွန်ုပ်သည် မျက်မြင်ကိုယ်တွေ့ မြင်တွေ့နေရသော ရှုခင်းကို မယုံကြည်နိုင်သလို ရှိနေမိ၏။

နဂါးများ၏ မျက်လုံးများမှာ ဒေါက်တာသိဒ္ဓိပြောခဲ့သလို စူးရှတောက်ပ ပြောင်လက်လျက်ရှိပေ၏။ နေကာ

မျက်မှန်သာ တပ်မထားပါက တကယ်ပင် ကြည့်ရဲစရာမရှိပေ။ သူတို့ မျက်လုံး ကြည့်ရာ ရှေ့၌ အလင်းတန်းများ ထွန်းပေါ်လျက်ရှိပေသည်။ နဂါးများ ပါးစပ်အတွင်းမှ အခိုးအငွေ့များ တစ်ချက်တစ်ချက် ထွက်ပေါ်လာပေ၏။

ဘုရား…ဘုရား…။ တကယ့် နဂါးအစစ်များပါတကား။

သို့ရာတွင် ထို နဂါးများသည် အဘယ်ကြောင့် ခြောက်လက်မ အရှည်နှင့် လက်သန်းလုံးခန့် တုပ်ရုံလောက်အထိ သေးငယ်နေပါလိမ့်။

"အကောင်ပေါင်း ခြောက်ဆယ်ရှိတယ်ဗျ၊ ကျုပ် ပွားထားတာ အကောင်ခြောက်ဆယ်တိတိပဲ"

"အကောင်ခြောက်ဆယ်…၊ အများကြီးပါလား၊ ဒါပေမယ့် ဒေါက်တာ၊ ကျွန်တော် နားမလည်တာက နဂါးဟာ ဘာဖြစ်လို့ ဒီလောက်သေးနေရတာလဲ"

"သူ့ မူရင်းကိုက ဒီအရွယ်မို့ ဖြစ်မှာပေါ့"

"မဖြစ်နိုင်ဘူး၊ ဘုရားဟောဇာတ်တော်တွေထဲက နဂါးဆိုတာ အကောင်ကြီးတွေပဲ၊ ဘုရားတွေမှာ ရေးဆွဲကြတဲ့ ပန်းချီကားတွေမှာလဲ နဂါးဆိုတာ…"

"ကိုစိုးထိုက်ကလဲဗျာ၊ ဘယ်သူက နဂါးကို မြင်ဖူးလို့လဲ၊ ပုံတွေက စိတ်ကူးယဉ်ပြီး ဆွဲတာပဲ၊ နဂါးအစစ် အမှန်ကို ခင်ဗျား မြင်နေရပြီလေ၊ ဒီအရွယ်ပဲ ရှိလို့ ဒီအတိုင်း ထွက်လာတာပေါ့ဗျ"

ဒေါက်တာသိဒ္ဓိနှင့် ကျွန်ုပ် မငြင်းချင်ပေ။

ကျွန်ုပ်ရှေ့တွင် မြင်နေရသည့် နဂါးလေးများက အမောက်တထောင်ထောင်၊ အကြေးခွံ တလက်လက်၊ မျက်လုံး ဝင်းဝင်းတောက်တောက်နှင့် လေထဲတွင် ပျံသန်းကာ အသက်ရှင်နေကြသော တကယ့် နဂါးလေးများဖြစ်သည်ကတော့ အမှန်ပင်ဖြစ်ပါ၏။

နဂါးများကို သည်အရွယ်အတိုင်းတွေ့ရ၍ နဂါးဆိုသည်မှာ သည်အရွယ်လောက်သာရှိသည်ဟု ဒေါက်တာသိဒ္ဓိ မှတ်ချက်ချသလို ကျွန်ုပ်လက်မခံနိုင်ပါပေ။

နဂါးကလုံးကိုတီထွင်ရာတွင် ချွတ်ချော်တိမ်းပါးမှုတစ်ခုခုကြောင့် ဤသို့ အကောင်သေးသေးလေးတွေ ထွက်ပေါ်လာတာလည်း ဖြစ်နိုင်သည်။ သို့မဟုတ် နဂါးဆိုသည်မှာ မြွေအနွယ်ဝင်ပင်ဖြစ်ပေရာ မြွေတွင် အမျိုးအစား အသွယ်သွယ်၊ အရွယ်အစား အမျိုးမျိုးရှိသည့်အတိုင်း နဂါးတွင်လည်း ထိုသို့ရှိဟန်တူသည်ဟု ယူဆရပေသည်။

မြွေများတွင် လက်သန်းခန့်တုတ်၍ တစ်ထွာလောက်ရှည်သော မြက်လျှောမြွေအမျိုးအစားမှစ၍ မီးရထားတွဲ လောက်ရှိသော တွင်းအောင်းကမ္ဘာ့မြွေကြီးများအထိ ရှိပေသည်။ နဂါးတွင်လည်း ထိုသို့ ရှိပုံရပေ၏။

ဒေါက်တာသိဒ္ဓိရလိုက်သော နဂါးအရိုးမှာ ထိုသို့ သေးငယ်သော နဂါးအမျိုးအစားအရိုးပင် ဖြစ်ကောင်းဖြစ်နိုင်ပေသည်။

"ကဲ…ကိုစိုးထိုက်၊ ကျုပ်ရဲ့ အောင်မြင်မှုကို ခင်ဗျား တွေ့ရပြီ၊ ဘယ့်နှယ်လဲဗျို့"

"ချီးကျူးပါတယ် ဒေါက်တာ၊ ဒေါက်တာဟာ တကယ်တော်တဲ့ လူတစ်ယောက်ပါ"

ကျွန်ုပ်က စိတ်ပါလက်ပါပင် လှိုက်လှိုက်လှဲလှဲချီးကျူးလိုက်ပေ၏။

တကယ်လည်း ဒဏ္ဍာရီထဲက သတ္တဝါ၏ သဲလွန်စကို ရှာနိုင်ခြင်း၊ တိမ်မြုပ်ပျောက်ကွယ်၍ အမှန်တကယ် ရှိမရှိ ဝိဝါဒ ကွဲပြားရသော သတ္တဝါကို ပြန်လည်ဖော်ထုတ်တီထွင်နိုင်ခြင်းမှာ ချီးကျူးရမည်ဖြစ်သော အရည်အချင်းများ ပင်ဖြစ်ပေသည်။

"ခင်ဗျား ဆောင်းပါးရေးဖို့ အချက်အလက်တွေ စုဆောင်းပေတော့ဗျို့၊ ကျုပ်လဲ နဂါးကလုံး မလုပ်ခင်က နဂါးဆိုတာ ပုံပြင်ထဲကလို အကောင်ကြီးကြီးထင်ပြီး သူ့အတွက် ကြိုတင်ပြင်ဆင်ထားတာတွေ ခင်ဗျား အမြင်ပဲ၊ တကယ် ထွက်လာတော့သာ သေးသေးလေး ဖြစ်နေတာလေ"

"ဟုတ်ကဲ့ ဒေါက်တာ"

"နဂါးဟာ ကျုပ်ထင်သလို အကောင်ကြီးကြီးမဟုတ်ဘူးဆိုတာ တွေ့လိုက်ရတော့ ကျုပ်ရဲ့ နဂို စိတ်ကူးတွေဟာ ပြောင်းသွားတယ်ဗျ"

"ဘယ်လိုလဲ ဒေါက်တာ"

"ခုဆို ကျုပ်ဟာ နဂါးကို ပွားချင်တိုင်းပွားလို့ ရနေပြီ၊ သူတို့ အချင်းချင်း မိတ်လိုက်ပြီး ပွားလာဦးမယ်လို့လဲ ယူဆရတယ်၊ ဟီ…ဟီ…"

ပြောရင်း ဒေါက်တာသိဒ္ဓိသည် အူရွှင်လာလေ၏။ ရယ်သံများ စွက်လာပြန်လေပြီ။

"နဂါးဆိုတာလဲ ကမ္ဘာပေါ်မှာ ကျုပ်တစ်ယောက်ပဲ ပြန်ရှာ တွေ့သေးတာလေ၊ ဒီတော့ ကျုပ်ဘာလုပ်မယ် ထင်သလဲ"

"ပြောပါ ဒေါက်တာ"

**"အကောင်တွေ များများ ပွားပြီး ရောင်းစားမှာပေါ့ဗျ"**

“ခင်ဗျာ”

“ရောင်းစားမယ်လေ…၊ ဟီ…ဟီ…ရိုးရိုးရောင်းမှာ မဟုတ်ဘူးဗျ၊ ကျုပ်က နဂါးအရှင်ကို ရောင်းမှာမဟုတ်ဘူး၊ သတ်ပြီးတော့ ရောင်းမှာ…”

“ဗျာ…”

**“သတ်ပြီးတော့ ဟင်းချက်ပြီး ရောင်းစားမှာဗျ၊ ဟား… ဟား…ဟား…”**

။

▶

“ကြံကြံစည်စည် ဒေါက်တာရယ်”

ဒေါက်တာသိဒ္ဓိ အကြံကိုသိလိုက်ရသည့်အခါ ကျွန်ုပ်မှာ ကြက်သီးမွေးညင်း ထသွားမိလေ၏။

“မနောက်ပါနဲ့ ဒေါက်တာရယ်၊ ကြံ ကြံဖန်ဖန်ဗျာ”

“ကြံကြံဖန်ဖန်မို့ကို ကျုပ်က လုပ်တာပေါ့ဗျာ၊ ကျုပ် ဝါသနာက ကြံကြံဖန်ဖန်ကိစ္စတွေကို မဖြစ် ဖြစ်အောင် လုပ်ဖို့ပဲ၊ ဟဲ…ဟဲ…နဂါးကို ကလုံး လုပ်နိုင်တဲ့ ကျုပ်အစွမ်းအစကို ကြည့်လေ…”

“ဟုတ်ပါတယ်၊ ဒေါက်တာ တော်ပါတယ်၊ နဂါးကို ဟင်းချက်ရောင်းမယ်ဆိုတာကြီးကတော့ လူကြားလို့ မကောင်းပါဘူး ဒေါက်တာရယ်၊ ကျွန်တော်တို့ ဇာတ်နိပါတ်တော်လာဗုဒ္ဓဝင် ဖြစ်စဉ်တွေထဲက သတ္တဝါအဆန်းတစ်မျိုး မဟုတ်လား၊ မလုပ်သင့်ပါဘူး ဒေါက်တာ”

“ဘာဆိုင်လို့လဲဗျ၊ သတ္တဝါဆိုတာ လူတွေအကျိုးအတွက် ဖြစ်လာရတာ တိရစ္ဆာန် လူ့ချွတ်မှ ကျွတ်တယ်တဲ့၊ ဟီ…ဟီ… ပြီးတော့ ဒီအကောင်တွေဟာ ကျုပ် ဖော်ထုတ်လိုက်လို့ တစ်ဖန် ပြန်ပေါ်လာရတာ၊ သူတို့ဟာ ကမ္ဘာပေါ်မှာ မျိုးတုံးပြီးသား အကောင်တွေဗျ၊ ကျုပ် ဖော်ထုတ်လို့ ဖြစ်လာတဲ့ သတ္တဝါတွေကို ကျုပ်ပိုင် တယ်၊ သူတို့နဲ့ ပတ်သက်ပြီး ကျုပ်မှာ မူပိုင်ခွင့် ရှိတယ်ဆိုပါတော့ဗျာ”

“မူပိုင်ခွင့်”

“ဟုတ်တယ်၊ နဂါးဆိုတာ ကမ္ဘာပေါ်မှာ ကျုပ်တစ်ယောက်တည်းပိုင် သတ္တဝါဖြစ်သွားပြီ၊ ဟဲ…ဟဲ…ဟီ…၊ ဒီတော့ ကျုပ် လုပ်ချင်ရာ လုပ်မှာပေါ့ဗျာ၊ ကိုစိုးထိုက်ရယ် နဂါးဟင်းကို ပထမဆုံး စားဖူးမယ့် လူတစ်ယောက်အနေနဲ့ ခင်ဗျား ဂုဏ်ယူစမ်းပါ”

“ပထမဆုံး စားဖူးတဲ့လူ…ဟုတ်လား၊ ကျွန်တော့်ကို…၊ ကျွန်တော့်ကို နဂါးဟင်း စားခိုင်းမလို့လား ဒေါက်တာ”

“ဒါပေါ့ဗျ၊ ခင်ဗျားကိုခင်လွန်းလို့ ကျုပ် လက်ရွေးစဉ်ရွေးပြီး ဖိတ်ထားတာ၊ နဂါးကို ကျုပ်ဟာကျုပ်တောင် တစ်ခါမှ ချက်မစားရသေးဘူး၊ ခင်ဗျားနဲ့ဆုံမှ လက်ဆုံစားကြဖို့ ကျုပ်မှာ အောင့်ထားလိုက်ရတာ ကြာပြီ၊ ဟီ…ဟီ…၊ ကျုပ် ဟင်းကောင်းကောင်း ချက်တတ်ပါတယ်ဗျ၊ ခင်ဗျား လျှာလည်သွားစေရမယ်၊ ဟဲ…ဟဲ… ဟဲ…”

“တော်ပါပြီ ဒေါက်တာ၊ တော်ပါပြီ၊ ကျွန်တော် မစားပါရစေနဲ့ ဒေါက်တာရယ်”

“အို…အသာနေစမ်းပါ၊ ဟင်းချက်ပြီးမှ ဟင်းနံ့ရလို့ ခင်ဗျား မစားဘဲ မနေနိုင်ဖြစ်မှာ မြင်ယောင်သေးတယ်၊ ကျုပ်က ဟင်းချက် သိပ်ကောင်းတဲ့လူဗျ၊ ဟင်းကောင်း အစားကောင်း ကြိုက်လွန်းလို့ ကိုယ်တိုင် ချက်တတ်အောင် နိုင်ငံတကာဟိုတယ်ကြီးတွေမှာ အချက်အပြုတ်သင်တန်းတွေ တက်ထားတာ၊ ဟာဟ…ကဲ… ကဲ…ကိုစိုးထိုက်၊ ခဏ စောင့်ပေတော့၊ ကျုပ် ဟင်းချက်လိုက်ဦးမယ်”

။

▶

ဒေါက်တာသိဒ္ဒိသည် အခန်းနောက် က်ထောင့်သို့ လျှောက်သွားသည့်အတွက် ကျွန်ုပ် ကြည့်လိုက်ရာ အခန်းထောင့်၌ မီးဖိုခန်းတစ်ခုသဖွယ် အစစအရာရာ ပြင်ဆင်ထားသည်ကို တွေ့လိုက်ရလေ၏။

စားပွဲခုံရှည်တစ်လုံးပေါ်ဝယ် ဂက်စ်မီးဖိုတစ်ခု၊ ကြက်သွန်များ၊ ချင်းတက်များ၊ ဆားဘူး၊ အချိုမှုန့်ပုလင်း၊ ဆီပုလင်း စသည်တို့ကို စုံလင်စွာတွေ့လိုက်ရလေသည်။

ဒေါက်တာသိဒ္ဒိက ဦးစွာ ဂက်စ်မီးဖိုကို မီးညှိ၍ မီးမွှေးထားလိုက်သည်။

"ကိုစိုးထိုက် ခင်ဗျား ဘယ်လိုဟင်းလျာမျိုး စားချင်သလဲဗျ၊ ပြော၊ ကျုပ် ဘာမဆို ချက်တတ်တယ်၊ အကြော် အလှော် ကြိုက်သလား၊ အသုပ်ကြိုက်သလား၊ အသုပ်မှာလဲ အစိမ်းသုပ်နဲ့ အကျက်သုပ် ရှိသေးတယ်၊ အရည်နဲ့ ကြိုက်လား၊ ဟင်းချိုလား၊ ဟင်းခါးလား၊ ဟင်းကို အစပ်ချက်တာ ကြိုက်လား၊ အချိုချက်မှ ကြိုက်လား၊ ကြိုက်သလို ပြောဗျို့၊ နဂါးအကောင် ခြောက်ဆယ်တောင်ရှိတာ ကျုပ်တို့ နှစ်ယောက်စာဆို ဆယ့်ငါးကောင်…အကောင်နှစ်ဆယ်ဆို လောက်ပါ တယ်၊ ဟီ…ဟီ…"

"တော်…တော်ပါပြီ ဒေါက်တာရယ်၊ ကျွန်တော် မစားပါရစေနဲ့"

"ဘယ်ရမလဲဗျ၊ စားရမှာပေါ့"

"ဟို…ဟို…ကျွန်တော် သက်သတ်လွတ် စားနေလို့ပါ ဒေါက်တာ"

ကျွန်ုပ်က ဆင်ခြေပေးကာ မစားဖြစ်အောင် ရှောင်ကြည့် လိုက်သည်။

"အလိုဗျာ…၊ သက်သတ်လွတ်စားတာ အဓိပ္ပာယ် မရှိပါဘူး၊ ဘုရားကလဲ သက်သတ်လွတ်စားရမယ်လို့ မဟောခဲ့ပါဘူးတဲ့ဗျာ၊ ခင်ဗျားကလဲ ဆရာဝန်တစ်ယောက်လုပ်နေပြီး လူဆိုတာ အသားစားမှ အားရှိတယ်၊ အသက်ရှည် တယ်ဆိုတာကို ခင်ဗျားလဲ သိသားနဲ့"

ဖွတ်တရွတ်နိုင်လှသော ဒေါက်တာသိဒ္ဒိကို ကျွန်ုပ်မည်သို့ တောင်းပန်ရမည် မသိတော့ချေ။ ကျွန်ုပ်မှာ နဂါး ဆိုသောသတ္တဝါကို သက်ရှိထင်ရှား မျက်မြင်ကိုယ်တွေ့ မြင်တွေ့လိုက်ရ၍ ရင်တုန် ပန်းတုန် အံ့သြမကုန် ဖြစ်လို့မှ မဆုံးသေး ထိုနဂါးအသားကို ဟင်းချက်ကျွေးမည်ဆိုသောကြောင့် အူထဲ အသည်းထဲက လှိုက်၍ သည်းတုန်အူတုန်ဖြစ်၍ နေလေသည်။

ဒေါက်တာသိဒ္ဒိကတော့ အေးဆေးစွာပင် နဂါးများကို လှောင်ထားသော မှန်လှောင်အိမ်ကြီးနားသို့ ညှပ်ကြီး တစ်ခုကို ကိုင်ရင်း လျှောက်သွားလေသည်။

ကျွန်ုပ်မှာ ဤအခန်းထဲ၌ နေလိုစိတ်ပင် မရှိတော့သော်လည်း ဒေါက်တာသိဒ္ဒိက အခန်းတံခါး သော့ခတ်၍ အသေပိတ်ထားသောကြောင့် မည်သို့အကြောင်းပြ၍ ထွက်ရမည်ကို စဉ်းစားမရအောင်ရှိလေသည်။ ကုလားထိုင်တစ်လုံး ပေါ် ထိုင်ရင်းသာ ဒေါက်တာသိဒ္ဒိ လုပ်သမျှကို ထိုင်ကြည့်နေရတော့၏။

ဒေါက်တာသိဒ္ဒိက မှန်လှောင်အိမ်၏ အပေါ်မှ မှန်တံခါးချပ်လေးကို လှပ်လိုက်ကာ ကျွန်ုပ်ဘက်သို့ လှည့်ကြည့် ၍…

"အကောင်နှစ်ဆယ်ဆို များမလား၊ ဆယ့်ငါးကောင်ပဲ ဖမ်းလိုက်မယ်နော်၊ ဆယ့်ငါးကောင်ဆို ကျုပ်တို့ နှစ်ယောက် လောက်ပါတယ်"

ကျွန်ုပ်မှာ စိတ်ကုန်လှသောကြောင့် ဘာမှ ပြန်မပြောတော့၊ သည်တိုင်း ထိုင်ကြည့်နေလိုက်သည်။

ဒေါက်တာသိဒ္ဒိက မှန်လှောင်အိမ်ပေါ်မှ အပေါက်ကလေးအတွင်းသို့ ညှပ်ကြီးကို သွင်းလိုက်ကာ အတွင်းမှ နဂါးလေးများကို ဖမ်းဆီးရန် ပြင်လေသည်။

မှန်အိမ်ထဲမှ နဂါးများသည် သူတို့၏ ကံကြမ္မာကို မသိကြပဲ ဘာသာဘာဝ မြူးထူးပျော်ပါးနေကြပေ၏။

ရေထဲတွင် ကူးသည့်အကောင်က ကူး၊ လေဟုန်စီးသည့် အကောင်က စီး၊ သစ်ပင်နွယ်ဒါန်းများပေါ်တွင် ရစ်ပတ်တွယ်တက်နေသည့် အကောင်များ၊ တစ်နေရာတွင် ရစ်ခွေပတ်ကာ မြူးထူး ဆော့ကစားနေသည့် အကောင်များဖြင့် နဂါးများသည် သူတို့တိုင်းပြည်လေးအတွင်း ဘာသာဘာဝ ပျော်မြူးနေကြလေ၏။

နဂါးတို့တိုင်းပြည်ကို ဖျက်ဆီးမည့်လက်နက်ကြီးဖြစ်သော ဒေါက်တာသိဒ္ဒိလက်ထဲမှ ညှပ်ကြီးသည် စတေးခံရ တော့မည့် ကံဆိုးသော နဂါးလေးများအား မှန်အိမ်ထဲတွင် တရမ်းရမ်းနှင့် လှည့်လည်ရှာဖွေနေလေသည်။

သစ်ပင်ပေါ်ရောက်နေသော နဂါးများမှာ အထက်ကောင်းကင်မှ ကျလာသော ဝရဇိန်လက်နက်ကြီးနှင့် အနီးဆုံး ဖြစ်နေပေရာ သစ်ပင်ပေါ်မှ အကောင်များကို ဒေါက်တာသိဒ္ဒိ၏ ညှပ်ကြီးက တစ်ကောင်ပြီးတစ်ကောင် သုတ်ချီပစ် လိုက်လေ၏။

နဂါးလေးများသည် ညုပ်ကြီးနှင့် အညှပ်ခံရကာ တွန့်လိမ် တွန့်လိမ်နှင့် ပါလာသော မြင်ကွင်းကို ကျွန်ုပ်မှာ အသည်းတယားယားနှင့် ကြည့်နေရလေ၏။ နဂါးလေးများသည် ညှပ်ကြီးကို ခေါင်းဖြင့် ပေါက်ကာပေါက်ကာ ဖယ်ရှားရှာ၏။ ပါးစပ်ထဲမှ အစွယ်ဖြင့် ကိုက်၍ ကိုက်၍ ဖယ်ထုတ်ရှာ၏။ သူတို့ ပါးစပ်တွင်းမှ ထွက်လာသော နဂါးငွေ့များဖြင့် ညှပ်ကြီးကို အရည်ပျော်သွားရန် ကြိုးစည်ကြရှာသေး၏။ သို့ရာတွင် နဂါးလေးများက သေးငယ်နေပေရာ သံမဏိညှပ်ကြီး၏ ရန်ကို မတွန်းလှန်နိုင်ရှာပေ။

ဒေါက်တာသိဒ္ဓိသည် တစ်ကောင်ကို ညှပ်မိသည်နှင့် ဆွဲထုတ်ကာ မှန်ပေါက်ကို ပြန်ပိတ်လိုက်၏။ ပါလာသော အကောင်၏ ဦးခေါင်းကို ဓားဖြင့် လည်ပင်းဆီမှ ပိုင်းချလိုက်ရာ နဂါးလေးသည် ခေါင်းတခြား ကိုယ်တခြားဖြစ်ပြီး ဆန့်ငင်ဆန့်ငင်နှင့် အသက်ထွက်သွားလေသည်။

ဒေါက်တာသိဒ္ဓိသည် နဂါးများကို ထိုနည်းအတိုင်း ဆယ့်ငါးကောင် ပြည့်သည်အထိတစ်ကောင်ပြီးတစ်ကောင် ဖမ်းယူ သတ်ဖြတ်နေလေ၏။

"ဒေါက်တာရယ်…မလုပ်ပါနဲ့ဗျာ၊ သနားပါတယ်၊ ဒီအကောင်လေးတွေဟာ ဒေါက်တာကိုယ်တိုင် မွေးထုတ်ထားတဲ့ အကောင်လေးတွေပါဗျာ"

"အို…နောက်ထပ် ပွားချင်တိုင်း ပွားလို့ ရသေးတယ်၊ ကိစ္စမရှိဘူး"

ကျွန်ုပ်၏ တောင်းပန်စကားမှာ အချည်းအနှီးသာ ဖြစ်လေသည်။

ဆယ့်ငါးမိနစ်ခန့် အကြာတွင် နဂါး ဆယ့်ငါးကောင်ပြည့်အောင် ဖမ်းယူရရှိပြီး သတ်ဖြတ်ပြီး ဖြစ်သွားတော့သည်။

"ဟီး…ဟီး…"

ဒေါက်တာသိဒ္ဓိက ကျွန်ုပ်ဘက်သို့ လှည့်၍ အကြောင်းမဲ့ သက်သက် ရယ်ပြလိုက်သည်။

"ခင်ဗျား ဘယ်လိုချက်တာကြိုက်လဲ ပြောလေ"

"မပြောတတ်ဘူးဗျာ"

"ဒါဆိုလဲ အကောင်လိုက်ကြော်တဲ့ အခြောက်ကြော် တစ်ပွဲ၊ ချိုချဉ်ကြော်တစ်ပွဲ လုပ်လိုက်မယ်၊ ဟီး…ဟီး… စားကောင်းမှာတော့ သေချာတယ်ဗျ"

သူက ဟင်းချက်စရာ ပစ္စည်းပစ္စယများ တင်ထားသည့် စားပွဲပေါ်တွင် ဟင်းချက်ရန် စတင်ပြင်ဆင်လေ၏။ ဒယ်အိုးကြီး တစ်လုံးကို မီးမွေးပြီးဖြစ်သော မီးဖိုပေါ်တင်လိုက်ကာ ဆီပုလင်းထဲမှ ဆီများကို လောင်းထည့်လိုက်သည်။

ဆီအိုး တည်ထားပြီးနောက် သတ်ထားသော နဂါးများကို စ၍ ကိုင်လေ၏။

သူက အကောင် ခြောက်ကောင်ကို အခြောက်ကြော် ကြော်ရန် ရွေးထုတ်လိုက်လေသည်။ အခြောက်ကြော်မည့် အကောင်များကို ဆား နနွင်း နယ်သည်။ အချိုမှုန့် ဖြူးသည်။

နဂါးအသေလေးများသည် ခေါင်းတခြား ကိုယ်တခြားဖြင့် ခေါင်းပိုင်းတွင် ပြူးကျယ်လင်းလက်သော မျက်လုံးကလေးများက အသက်ရှင်စဉ်ကအတိုင်းပင် ထိန်လင်းတောက်ပကာ ရှိနေလေ၏။

"ခေါင်းတွေကိုတော့ အကုန် ကြော်စားရမယ်ဗျို့"

ဒေါက်တာသိဒ္ဓိက အလုပ်လည်းလုပ်ရင်း နှုတ်မှလည်း စကားကို အမျှင်မပြတ် ပြောနေလေသည်။

သူက ကြက်သွန်နီများကို အခွံခွာကာခပ်ပါးပါးလှီးသည်။ ကြက်သွန်ဖြူများကိုတော့ လေးစိပ်စိပ်၍ ဓားပြားဖြင့် ရိုက်သည်။ လုပ်ပြီးသော အမည်များကို အပုံလေးများပုံကာ လင်ပန်းထဲ ထည့်ထားသည်။ လုပ်ပုံလုပ်နည်းကတော့ သေသေသပ်သပ်နှင့် ကျွမ်းကျွမ်းကျင်ကျင် ရှိလှလေ၏။

ဒေါက်တာသိဒ္ဓိက ချင်းတက်များကို အခွံခွာနေပြန်သည်။

"ကျုပ်က နဂါးကလုံးကို သတင်းစာ ရှင်းလင်းပွဲ လုပ်မယ်၊ အဲဒီပွဲမှာ နဂါးဟင်းကို ချက်ကျွေးပြီး ဧည့်ခံမယ်၊ ကျုပ်ရဲ့ နဂါးကို ဖြန့်တဲ့အခါမှာ ကမ္ဘာပေါ်မှာ နာမည်အကြီးဆုံး ဟိုတယ်ကြီးတွေ၊ စားသောက်ဆိုင်ကြီးတွေကိုပဲ အရင်ဖြန့်မှာဗျ၊ ဒါမှလဲ ဈေးကောင်းကောင်း ရမှာလေ၊ သူတို့က တစ်နှစ်အတွင်း မှာမယ့် အကောင်ရေကို စာချုပ်ချုပ်ပြီး ကျုပ်က လုံလုံလောက်လောက် ထုတ်ပေးရမှာပေါ့"

ဖြစ်မှဖြစ်ရလေ။ စိတ်ကူးကတော့ ကြီးကျယ်ပါပေ့။

ဆား၊ နနွင်း နယ်ပြီးသော အကောင်လေး ခြောက်ကောင်မှာ ကြော်ရန် အဆင်သင့်ဖြစ်နေပေပြီ။

ဒေါက်တာသိဒ္ဓိက စန့်စန့်ရန့်ရန့်နှင့် ခေါင်းပြတ်နေသော နဂါးလေးများကို ပွက်ပွက်ဆူကာ ကျက်နေသော ဆီပူအိုးထဲသို့ တစ်ကောင်ပြီးတစ်ကောင် ဖြည်းညင်းစွာ ကောက်ထည့်လိုက်လေသည်။

ရှဲခနဲ မြည်သံနှင့် အတူ နဂါးသားများသည် ကြွပ်၍သွားကာ မွှေးကြိုင်သော အနံ့တစ်မျိုးသည် တစ်ခန်းလုံးကို သင်းပျံ့သွားလေ၏။ နဂါးသားကို မစားရန် ဆုံးဖြတ်ထားသော ကျွန်ုပ်သည်ပင် သွားရည်များကျလာ၍ တံထွေးကို မျိုချလိုက်ရလေသည်။

"အောင်မယ်လေးဗျာ…ကောင်းလိုက်မယ့် အရသာ၊ ကျုပ်တော့ ချက်ချင်းတောင် ကောက်စားချင်လာပြီဗျို့၊ ဟီ…ဟီ…"

ဒေါက်တာသိဒ္ဓိက ကျလာသော သွားရည်များကို ရှုတ်ခနဲ သိမ်းဆည်းလိုက်ရင်း ပြောလေ၏။

ခဏချင်းမှာပင် နဂါးခြောက်ကောင်ကို အကြွပ်ကြော် ကြော်ပြီးသွားလေရာ နဂါးကြော်များသည် ပန်းကန်ထဲ၌ ကော့ပျံကာ မွှေးကြိုင်သော ရနံ့များ သင်း၍ အနံ့ရသူ အပေါင်းကို စားချင်စိတ်ပေါက်အောင် ဖိတ်ခေါ်နေလေသည်။

ထို့နောက် နဂါးဦးခေါင်းများကိုချည်း ဒယ်အိုးထဲထည့်၍ ကြော်ပြန်လေသည်။ ဦးခေါင်းများကို ကြော်လိုက်သည့်အခါ နဂါးမျက်လုံးလေးများသည် ပြူတ်ထွက်သည့် မျက်လုံးက ပြူတ်ထွက်ကာ မျက်လုံး လက်လက်တောက်တောက်လေးများသည် ဒယ်အိုးထဲ၌ ခုန်ဆွခုန်ဆွ ဖြစ်နေလေ၏။ မျက်လုံးဆီမှ လင်းလက်တောက်ပသော အလင်းရောင်တန်းများကား အသက်ရှင်စဉ်ကအတိုင်း တောက်ပနေဆဲရှိပေသည်။

ဒေါက်တာသိဒ္ဓိက နဂါးဦးခေါင်းကြော်များကို ပန်းကန်လုံးလေးနှင့် သီးသန့် ထည့်ထားလိုက်လေ၏။ နဂါးကြော်နှစ်ပန်းကန်မှ အခိုးအငွေ့များ ထောင်းထောင်းထနေကာ အနံ့များကလည်း သင်းပျံ့နေပေသည်။

ဒေါက်တာသိဒ္ဓိက ချိုချဉ်ကြော်အတွက် ထပ်မံ ပြင်ဆင်ပြန်လေသည်။

နဂါးလေးများကို အတုံးလေးများဖြစ်အောင် ညီညာစွာ တုံးလိုက်၏။ လိုအပ်သော ကြက်သွန်၊ ချင်း၊ ဆား၊ ပဲငန်ပြာရည်၊ အချိုမှုန့် စသည်များကို ကော်ရည်များလောင်းကာ ချိုချဉ်ကြော်ကို စတင် ချက်ပြုတ်ပြန်လေသည်။

ကျွန်ုပ်သည် ဤအခန်းထဲမှ ထွက်ခွင့်ရရန် အမျိုးမျိုးစဉ်းစားနေသော်လည်း အကြံပေါ်မလာခဲ့ချေ။ အိမ်သာတက်ရန်အပေါ့အပါးသွားရန် အကြောင်း ပြပြန်လျှင်လည်း အိမ်သာက ဤအဆောက်အဦးထဲမှာပင် ရှိနေလေ၏။

"ဟေ…ဟေ…ပြီးပါတော့မယ် ကိုစိုးထိုက်ရယ်၊ ဆာနေပြီလားဗျ"

"ဗျာ…ကျွန်တော် မဆာပါဘူး၊ စားချင်စိတ်လဲမရှိပါဘူး"

"ခင်ဗျား စားတော့ စားရမယ်ဗျ၊ အခု ဟင်းနံ့ရတော့ကော ခင်ဗျား စားချင်စိတ်ပေါက်မလာဘူးလား ကိုစိုးထိုက်ရဲ့…ဟဲ… ဟဲ"

"အနံ့ကတော့ မွှေးပါ့ဗျာ"

"စားသောက်ပြီးမှ ခင်ဗျားကို ကျုပ်ရဲ့ ဓာတ်ခွဲခန်းထဲလိုက် ပို့ပြီး ရှင်းပြရမယ်၊ ကျုပ် နဂါးကလုံးကို ဘယ်လိုလုပ်ခဲ့တယ်ဆိုတာ ခင်ဗျားကို ရှင်းပြမယ်လေ"

"ဓာတ်ခွဲခန်းက ဘယ်မှာလဲဗျ"

"ဒီအခန်းရဲ့ ဟိုဘက်မှာလေ"

"သြော်…"

ထို့နောက် ဒေါက်တာ သိဒ္ဓိသည် စကားသိပ်မပြောတော့ပဲ ဟင်းကိုသာ စိတ်ဝင်တစား ကုန်းချက်နေတော့၏။

ကျွန်ုပ်သည် ဒေါက်တာသိဒ္ဓိ အစားအသောက်တွင် စိတ်ဝင်စားပုံကိုလက်တွေ့မြင်နေရလေပြီ။ ဒေါက်တာပက်ထရစ်၏ ပြန်ကြားချက်တွင်လည်း ဒေါက်တာသိဒ္ဓိသည် အစားအသောက်ကောင်း သတင်းကို ရပါက နိုင်ငံရပ်ခြားတိုင်းပြည်များအထိပင် သွားရောက် စားသောက်တတ်ကြောင်း ဖော်ပြထားသည် မဟုတ်ပါလား။

သို့ဖြင့် အချိန်အတန်ကြာလင့်လာရာ ဒေါက်တာသိဒ္ဓိ၏ ချက်ပြုတ်ကြော်လှော်မှုများလည်း အဆုံးသတ်သွားလေသည်။ သူလည်း အတော်ပင်ပန်းသွားပုံပေါက်ကာ ချွေးများ တစ်ကိုယ်လုံး ရွှဲနစ်နေပြီး မျက်နှာတစ်ခုလုံး အဆီများ ပြန်နေလေသည်။

"ရေလေးဘာလေး ချိုးလိုက်ပါဦးလား ဒေါက်တာ"

ကျွန်ုပ်က အချိန်ရနိုင်သမျှဆွဲချင်၍ သူ့ကို အကြံပေးလိုက်သည်။

"မချိုးတော့ပါဘူးဗျာ၊ ကျုပ် မနေနိုင်တော့ဘူး၊ စားတော့မယ်၊ ကဲ…စားပွဲ သောက်ပွဲ စ,ကြစို့ဗျို့"

သူက စားပွဲသောက်ပွဲဟု သုံးနှုန်းလိုက်မှပင် ကျွန်ုပ်သည် နဂါးဟင်းကို စားရခြင်းမှ ရှောင်ရှားရန် အကြံတစ်ခု ရလိုက်လေတော့၏။

"ကျွန်တော် အစာမစားခင် အရက်သောက်တတ်တဲ့အကျင့် ရှိတယ် ဒေါက်တာ၊ အရက်တစ်မျိုးမျိုးမသောက်ရပဲ ထမင်းစားလို့ မရဘူး"

ဒေါက်တာသိဒ္ဓိမျက်နှာကြီးက အလိုမကျသလို တွေဝေသွားလေသည်။

"ခင်ဗျားကလဲဗျာ…၊ ဒါလောက်ကောင်းတဲ့ အစားအစာကို အရက်မပါဘဲ သုံ့ချည်း အရသာခံစမ်းပါ"

"မရဘူးဗျ၊ ကျွန်တော် အရက်သောက်ရမှ ဖြစ်မှာ"

ကျွန်ုပ်က နဂါးအသားကို မစားဖြစ်ရန်၊ သို့မဟုတ် အချိန်နောက်ကျနိုင်သမျှ နောက်ကျပြီးမှ စားဖြစ်ရန် အချိန်ဆွဲနေခြင်းဖြစ်သည်။ နဂါးဟင်းသည် မွှေးကြိုင်သင်းပျံ့စွာဖြင့် ဆွဲဆောင်နေသည် မှန်သော်လည်း နဂါး၏အသားကို စားရန် ကျွန်ုပ် မဝံ့ရဲပါပေ။

ဒေါက်တာသိဒ္ဒက သက်ပြင်းချလိုက်ကာ…

"ခင်ဗျားက ဧည့်သည်ဆိုတော့ ခင်ဗျားဆန္ဒကို ဦးစားပေးရမှာပေါ့လေ၊ ကျုပ်မှာ ဝီစကီတစ်လုံးတော့ ရှိပါတယ်"

ဒေါက်တာသိဒ္ဒိက ရေခဲသေတ္တာထဲမှ ဝီစကီကို ကျွန်ုပ်အတွက် ထုတ်ပေးလေသည်။

ကျွန်ုပ်လည်း ရေခဲသေတ္တာထဲမှ ရေဘူး၊ ဖန်ခွက်များကို ကိုယ့်ဟာကိုယ် ထုတ်ယူကာ အချိန်ဆွဲသောက်ရန် ပြင်ဆင်ရလေ၏။ ဒေါက်တာသိဒ္ဒိထံ၌ ဝီစကီတစ်လုံး ရှိနေသည်မှာ ကျွန်ုပ်အတွက် ဟန်ကျသွားလေသည်။

ဝီစကီကို ဖိမ်ဆွဲသောက်ရင်း အရက်မူးချင်ယောင်ဆောင်ကာ အစားမစားတော့ပဲ သည်နေ့ညစာကို အငတ်ခံသင့်က ခံရပေတော့မည်။

**။**

▶

"ကျုပ်တော့ မနေနိုင်တော့ဘူးဗျို့၊ ဆာလဲ ဆာနေပြီ၊ ဟင်းနံ့ကလဲ ဆွဲဆောင်နေပြီ၊ ခင်ဗျားကိုတော့ အားနာပါတယ်ဗျာ၊ ကျုပ် စားနှင့်တော့မယ်ဗျို့"

"ရပါတယ်ဒေါက်တာ၊ စားသာစားနှင့်ပါ၊ ကျွန်တော့်အတွက် မကျန်လဲ အရေးမကြီးပါဘူး"

"ဒီလိုတော့ ဘယ်ဟုတ်မလဲဗျ၊ ခင်ဗျားအတွက် သပ်သပ် ခွဲချန်ထားမှာပေါ့"

ဒေါက်တာသိဒ္ဒိက နဂါးအကြွပ်ကြော်၊ နဂါးဦးခေါင်းကြော်နှင့် နဂါးချိုချဉ်ကြော် ဟင်းသုံးမျိုးကို ကျွန်ုပ်အတွက် ပန်းကန်သုံးလုံးတွင် တစ်ဝက်စီ ခွဲထည့်ထားလိုက်သည်။

"ကျုပ်တော့ စားပြီဗျို့၊ ဟီး…ဟီး…ကောင်းလိုက်မယ့်ဖြစ်ခြင်း"

ဒေါက်တာသိဒ္ဒိက ပြောပြောဆိုဆို နဂါးဦးခေါင်းကြော်များကို ဇွန်းဖြင့် ခပ်ကာ ကြွပ်ကြွပ်မြည်အောင် ကိုက်ဝါးစားလိုက်လေ၏။

"အောင်မယ်လေး…ကောင်းလှချည်ရဲ့၊ ကောင်းလှချည်ရဲ့၊ ဒီလို အရသာမျိုး တစ်ခါမှ မခံစားဖူးပါဘူးဗျာ၊ ကိုစိုးထိုက်၊ ခင်ဗျားလဲ အရက်နဲ့ မြည်းလေ"

သူက ကျွန်ုပ်အတွက် ခွဲထားသော နဂါးခေါင်းကြော်ပန်းကန်ကို ကျွန်ုပ်ရှေ့သို့ တိုးပေးလိုက်လေသည်။

"ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့…"

ကျွန်ုပ်က အရက်ကိုလည်း ငုံ့ရုံ ငုံ့ထားပြီး မသောက်သေး။ ဟင်းပန်းကန်များကိုလည်း မထိဘဲ ဒေါက်တာသိဒ္ဒိ စားသောက်သည်ကိုသာ အကဲခတ်နေခဲ့လေသည်။

ဒေါက်တာသိဒ္ဒိအတွက် ခွဲထားသည့် နဂါးဦးခေါင်းကြော်များမှာ ခဏလေးနှင့် ကုန်သွားလေသည်။

"ကောင်းလိုက်တာဗျို့…တကယ်ပါပဲ"

"ကျွန်တော့် ပန်းကန်ထဲကလဲ ယူစားပါ ဒေါက်တာ"

ကျွန်ုပ်က ကျွန်ုပ်အတွက် ခွဲတမ်းပန်းကန်ကို တိုးပေးရင်း လောကွတ်ပြုလိုက်သည်။

"ကိစ္စမရှိဘူး…ကိစ္စမရှိဘူး၊ ဒီမှာ တခြားဟင်းတွေရှိသေးတာပဲ၊ နဂါးအကြွပ်ကြော်နဲ့ ချိုချဉ်ကြော်ကို ထမင်းနဲ့ တစ်ခါတည်း စားပြီဗျို့"

ဒေါက်တာသိဒ္ဒိသည် ထမင်းကို နည်းနည်းပဲထည့်ပြီး နဂါးဟင်းအမည်များကိုချည်း ဦးစားပေး၍ စားလိုက်ရာ ခဏလေးမှာပင် ကုန်သွားလေတော့၏။

ထိုအချိန်ထိ ကျွန်ုပ်က အရက်ကို တစ်စက်မှ မသောက်ရသေးပေ။

"ဟင်…ခင်ဗျားက ဘာမှလဲ မလျော့ပါလား၊ စားလေဗျာ၊ သောက်လေဗျာ…အောင်မယ်လေးလေး…"

ဒေါက်တာသိဒ္ဒိက ကျွန်ုပ်ကိုပြောရင်းမှ တစ်စုံတစ်ခုသောဝေဒနာကို ခံစားလိုက်ရသည့်သဖွယ် သူ၏ လည်ပင်းဆီသို့ နှိပ်လိုက် လေသည်။

"ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ…ဒေါက်တာ"

ချက်ချင်းပြောင်းလဲသွားသော ဒေါက်တာသိဒ္ဒိ အမူအရာကြောင့် ကျွန်ုပ်ပင် ပျာပျာသလဲဖြစ်သွားရလေသည်။

"အောင်မယ်လေး…အောင်မယ်လေးဗျာ၊ ပူလိုက်တာဗျာ"

ဒေါက်တာသိဒ္ဒိက လည်ပင်းကို လက်နှင့်ဖိရင်း ကျယ်လောင်စွာ အော်လိုက်လေသည်။

"ရေခဲရေလေး သောက်လိုက်ပါလား ဒေါက်တာ၊ ရော့…"

ကျွန်ုပ်က ရေခဲရေ ငှဲ့၍ပေးလိုက်စဉ်မှာပင် ဒေါက်တာသိဒ္ဓိ၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ မယုံကြည်နိုင်စဖွယ် ပြောင်းလဲသွားလေသည်။

သူ၏ မျက်လုံးကြီး နှစ်လုံးမှာ ရှေ့သို့ ပြူးထွက်လာ၏။

"အောင်မယ်လေး…အောင်မယ်လေး…၊ ကိုစိုးထိုက်ရေ၊ ကျုပ်…ဘယ်လိုဖြစ်တယ် မသိဘူး…၊ ပူလောင်လှချည်ရဲ့ဗျာ"

သူ့ စကားမဆုံးမီမှာပင် ပြူးထွက်လာသော မျက်လုံးအစုံသည် အနီရောင်တောက်လာကာ အလင်းတန်းများလည်း မျက်လုံးဆီမှ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေ၏။

အလိုလေး…သူ့ မျက်လုံးဖြစ်သွားပုံမှာ နဂါးလေးများ၏ မျက်လုံးအတိုင်းပါကလား။

မျက်လုံးများဆီမှ ထွက်လာသော အလင်းတန်းသည် စူးရှလွန်း၍ ကျွန်ုပ်မှာ ခေါင်းကို ငုံ့ထားလိုက်ရလေသည်။ ဒါတောင် နေကာမျက်မှန် တပ်ထား၍ တော်သေးသည်။

"အောင်မယ်လေး‥အူး…ဝူး…ဝူး…"

ဒေါက်တာသိဒ္ဓိထံမှ ထွက်လာသော စကားသံများသည် မပီတော့ချေ။

ကျွန်ုပ်က ခေါင်းကို မော့်၍ ကြည့်လိုက်ရာ…

အလိုလေးလေး…

ဒေါက်တာသိဒ္ဓိ နားထဲမှ မီးခိုးများ အူထွက်လာသည်ကို တွေ့လိုက်ရလေတော့သည်။ ကြည့်နေရင်းခဏမှာပင် ပါးစပ်ထဲမှလည်း မီးခိုးများ ထွက်လာပြန်လေ၏။ မျက်နှာချင်းဆိုင် ထိုင်နေသော ကျွန်ုပ်ထံသို့ ပြင်းပြလှသော အပူရှိန်များ ဟပ်လိုက်သည့်အတွက် ကျွန်ုပ် ထိုင်နေရာမှ လျှင်မြန်စွာ ထ,လိုက်ရလေသည်။

ထို့နောက် ဒေါက်တာသိဒ္ဓိ၏ ရှိသမျှသော ဒွါရပေါက်များဆီမှ မီးခိုးများ အူထွက်လာလေသည်။

ကျွန်ုပ် သိလိုက်လေပြီ။

မစားကောင်းသော အစားကို စားမိ၍ ဒေါက်တာသိဒ္ဓိတစ်ယောက် ဒဏ်ထိလေပြီတည်း။

"အောင်မယ်လေး…ကိုစိုးထိုက်…၊ ကျုပ်…ဘာဖြစ်‥ အစ်…အစ်…"

သူသည် စကားကိုပင် ဆုံးအောင် မပြောနိုင်တော့ချေ။

နောက်ဆုံးစကားပြောလိုက်ရာတွင် ပါးစပ်ထဲမှ မီးခိုးများသာမက မီးလျှံများပင် ထွက်ပေါ်လာလေသည်။ မီးလျှံများသည် စားပွဲပေါ်သို့ရိုက်ခတ်ကာ စားပွဲကို ခင်းထားသော အဝတ်စားပွဲခင်းမှာ ချက်ချင်း မီးလောင်ကာ ပြာဖြစ်သွားလေ၏။

အလို…နဂါးဆိုသည်မှာ အစွမ်းထက်မြက်သော သတ္တဝါများဖြစ်လေသည်။ နဂါးတို့ထံမှ ပူပြင်းသော အပူဓာတ်များသည် ဒေါက်တာသိဒ္ဓိထံသို့ ကူးစက်လေပြီ။

သူ၏ အစာအိမ်အတွင်းသို့ နဂါးအကောင်ရေ ဆယ်ကောင်ခန့် ဝင်သွားပြီဖြစ်ရာ နဂါးတို့၏ မူလဇာစ်မြစ် အပူဓာတ်များသည် ဒေါက်တာသိဒ္ဓိ ကိုယ်တွင်း၌ ထကြွလာပြီဖြစ်ဟန်တူပေသည်။

သူသည် ရပ်တည်မနေနိုင်တော့ပဲ ဗိုက်ကိုနှိပ်ကာ ကြမ်းပြင်ပေါ်၌ လူးလွန့်နေတော့၏။

"ပူလှချည်ရဲ့…လောင်လှချည်ရဲ့…အောင်မယ်လေး…"

သူ့နှုတ်မှ စကားသံထွက်လိုက်တိုင်း မီးလျှံများထွက်လာကာ မီးလျှံများသည် အခန်းအနှံ့ လျှောက်ပြေးနေတော့သည်။ ကျွန်ုပ်သည် ဒေါက်တာသိဒ္ဓိထံမှ အပူငွေ့, မီးငွေ့နှင့် လွတ်ကင်းရန် ရှောင်ရှားနေရတော့၏။

ဒေါက်တာသိဒ္ဓိက ကြမ်းပြင်ပေါ်လူးလိမ့်နေရာမှ ထ,လိုက် ပြန်ကာ ခုန်ဆွ ခုန်ဆွနှင့် မချိမဆံ့ အော်နေပြန်လေသည်။

ကျွန်ုပ် ကြည့်နေရင်းမှာပင် သူ၏ မျက်လုံးနှစ်ဖက်သည် အဆမတန် ပြူးထွက်လာလေ၏။ မျက်လုံးနှစ်လုံးသည် ရှေ့သို့ သုံးလက်မ ခန့်အထိ ပြူးထွက်လာကာ အလင်းတန်းများသည်လည်း ငရဲမီးတမျှ လင်းလက်ကာ ရှိနေပေတော့၏။

သူက တစ်နေရာသို့ ကြည့်လိုက်ရာ ထိုနေရာရှိ အရာဝတ္ထုများသည် မျက်လုံးပေါ်မှ ထွက်နေသော ရောင်ခြည် ရိုက်ခတ်ပြီး မီးလောင် ပြာကျသွားလေသည်။

ဒေါက်တာသိဒ္ဓိကား နဂါးအသားကို စားမိသည့်အတွက် ပူလောင်ပြင်းပြသော ဒဏ်ကို မချိမဆံ့ ခံစားနေရလေပြီ။

ကျွန်ုပ်မှာ မကူညီနိုင်ပဲ အပူဒဏ်မှ လွတ်ကင်းအောင်သာ ရှောင်ရှားနေမိတော့သည်။

"အောင်မယ်လေးဗျ…မှားပါပြီ၊ မှားပါပြီ…"

ဒေါက်တာသိဒ္ဓိ၏ နောင်တမှာ နောက်ကျသွားပေပြီ။

သူ အော်ဟစ်လိုက်သည်နှင့်အတူ မီးခိုးမီးလျှံအတန်းများသည် ပါးစပ်ထဲမှ ထွက်ပေါ်လာကာ ရှေ့ရှိ အရာဝတ္ထုများမှာ မီးလောင်တိုက်သွင်းသည့်သဖွယ် လောင်ကျွမ်းသွားကြလေ၏။

စားပွဲခုံကြီးသည် မီးဟပ်ပြီး လောင်ကျွမ်းပြာကျသွားလေသည်။

ကျွန်ုပ်သည် ဖြစ်ရပ်ကို အံ့သြမနေနိုင်အား။ သည်အတိုင်းသာဆိုလျှင်ဖြင့် ကျွန်ုပ်၏ အသက်အန္တရာယ်ပါ စိုးရိမ်လာရလေပြီ။ ဤအခန်းထဲမှာ ဆက်နေလျှင်ဖြင့် ဒုက္ခရောက်ရပေတော့မည်။ဤ အခန်းထဲမှ လွတ်မြောက်ရန် ကြံရ ပေတော့မည်။

"အား. . ."

ဒေါက်တာသိဒ္ဓိက စူးစူးရှရှအသံနက်ကြီးဖြင့် ကျိုးအော်လိုက်သောကြောင့် ကျွန်ုပ်က ကြမ်းပြင်တွင် ဝပ်နေရာမှ မော်ကြည့်လိုက်လေရာ မျက်လုံးနှစ်လုံးသည် အဆမတန် ပြူးထွက်လာပြီး ဆက်လက်၍ ပြူးထွက်ရန် မတတ်နိုင်တော့ သည့်အဆုံး ဖောင်းခနဲ ပေါက်ကွဲသွားလေတော့သတည်း။

မီးတောက်မီးလျှံများသည် အခန်းတစ်ခုလုံးသို့ ကူးစက်သွား လေတော့သည်။

နဂါးများကို လှောင်ထားသော မှန်လှောင်အိမ်သည်လည်း တဖြည်းဖြည်း အရည်ပျော်ကျလာသည်ကို တွေ့ရ လေသည်။

ဒေါက်တာသိဒ္ဓိသည် မျက်လုံးများ ပေါက်ကွဲသွား၍ မျက်စိမမြင်ရတော့ပဲ အခန်းထဲ၌ ပတ်ပတ်လည် လျှောက် ပြေးနေလေသည်။

အရည်ပျော်ကျသွားသော မှန်လှောင်အိမ်ထဲမှ နဂါးများသည် အပြင်သို့ ထွက်လာကြကာ အခန်းထဲ၌ လေထဲတွင် ပျံဝဲရင်း လျှောက်ပြေးနေကြလေသည်။

ကျွန်ုပ်သည် နဂါးများနှင့် မထိမိအောင် ကြမ်းပြင်တွင် ငုံ့၍လည်းကောင်း၊ မှောက်၍တစ်လှည့် ရှောင်တိမ်း နေရလေသည်။

နဂါးများ အကိုက်အဖွဲ့ ခံလိုက်ရပါက ကျွန်ုပ်လည်း ဒေါက်တာသိဒ္ဓိသဖွယ် ဒုက္ခရောက်ရပေလိမ့်မည်။

ဒေါက်တာသိဒ္ဓိကို လှမ်းကြည့်လိုက်ရာ နားရွက်၊ ပါးစပ်နှင့် အခြားသော ဒွါရပေါက်များမှ ထွက်ပေါ်လာသော မီးခိုးငွေ့များမှာ မီးခိုးငွေ့ မဟုတ်တော့ပဲ မီးလျှံမီးတောက်များအဖြစ် ပြောင်းလဲသွားသည်ကို တွေ့လိုက်ရလေသည်။

ဒေါက်တာသိဒ္ဓိ၏ ခန္ဓာကိုယ်ကြီးသည်လည်း အဆမတန် ဖောင်းပွလာလေသည်။ ဆက်လက်ဖောင်းကားရန် မတတ်နိုင်တော့သည့်အဆုံး ဗိုက်ပူပူကြီးသည် ဖောင်းခနဲ ပေါက်ထွက်သွားလေ၏။

အတွင်းမှ အရှိန်ပြင်းစွာ ကန်ထွက်လာသော အူများ၊ ကလီ စာများသည် အခန်းအနှံ့ ပြန့်ကြဲသွားလေသည်။

ခဏချင်းမှာပင် ထို အူ, အသည်း, ကလီစာများမှာ ခန္ဓာကိုယ်မှ ထွက်လာသောမီးများ ဟပ်ကာ မီးလောင် ပြာကျသွားပြန်လေသည်။ မြင်နေတွေ့နေရသော မြင်ကွင်းများကား သွေးပျက် ချောက်ချားဖွယ်အတိ ဖြစ်နေတော့၏။

ကျွန်ုပ်သည် ကိုယ့်အသက် လွတ်မြောက်အောင် အကြံထုတ်ရင်း မီးတောက်မီးလျှံများကိုလည်းကောင်း၊ အခန်းထဲ အနှံ့ ပျံဝဲလျက်ရှိသော နဂါးများကိုလည်းကောင်း ရှောင်ရှားနေရလေ၏။

ကံအားလျော်စွာပင် ဂက်စ် မီးဖိုကြီးထံသို့ မီးကူးစက်ကာ ဂက်စ်ဓာတ်ငွေ့အိုးကြီးသည် အုန်းခနဲ ပေါက်ကွဲ သွားလေသတည်း။

ကံအားလျော်စွာဟု သုံးလိုက်ခြင်းမှာ အခြားကြောင့် မဟုတ်။ ဂက်စ် မီးအိုးကြီး ပေါက်ကွဲသွားရာတွင် အရှိန်ဖြင့် အခန်းကို ကာရံထားသော သံမဏိပြားအချို့မှာ ကွာထွက်လွင့်စဉ်သွားသောကြောင့် ဖြစ်လေသည်။

ကွာထွက်သွား၍ ဟင်းလင်းဖြစ်သွားသော အပေါက်ဆီမှတစ်ဆင့် နဂါးအကောင်ငယ်လေးများသည် အပြင် လောကဆီသို့ ထွက်သွားသည်ကို ကျွန်ုပ် မြင်လိုက်ရလေသည်။

အခန်းထဲ၌ သက်ရှိဟူ၍ ကျွန်ုပ် တစ်ယောက်သာကျန်ပါလေတော့သည်။

ဒေါက်တာသိဒ္ဓိ၏ ခန္ဓာကိုယ်ကြီးသည်ကား အစိတ်စိတ် အမြွှာမြွှာ အက်ကြေမွကာ အသားစများ သွေးများသည် အခန်းအနှံ့ ပြန့်ကြဲနေတော့၏။

သွေးများသည်လည်း ကြည့်နေရင်းမှာပင် ခန်းခြောက်ပျောက်ကွယ်ကာ အနီရောင်အကွက်များအဖြစ်သာ ကျန်ရှိ ပေတော့၏။

ကျွန်ုပ်၏အဝတ်အစားများကိုလည်းမီးစွဲလောင်လျက်ရှိလေပြီ။

ကျွန်ုပ်သည် အခန်းအောက်ဘက်ဆုံးရှိ သံမဏိပြားကြီးတစ်ချပ် လွင့်စဉ်သွားသည်ကို မြင်လိုက်ရာ ဘာမှ စဉ်းစားမနေတော့ပဲ ဟင်းလင်းဖြစ်သွားသောအပေါက်မှတစ်ဆင့် အပြင်သို့ ပြေးထွက်လိုက်လေသည်။

ပြေးရင်းပြေးရင်း တစ်နေရာအရောက်တွင် မြေနိမ့်ပိုင်းဆီ သို့ ခြေခေါက်ကျွံဝင်သွားကာ လဲကျသွားလေသည်။ ကံအားလျော်စွာပင် ကျွန်ုပ်သည် ရေအိုင်တစ်ခုအတွင်းသို့ လဲကျခဲ့ခြင်းဖြစ်ပြီး ရေအိုင်ထဲမှ ရေများကြောင့် ကျွန်ုပ်၏ အဝတ်အစားများအား လောင်ကျွမ်းနေသော မီးများငြိမ်းသွားလေ၏။

တစ်ဖက်ဆီမှ လူများ ပြေးလာသံကို ကြားလိုက်ရ၍ ကျွန်ုပ် အားတက်သွားမိလေသည်။ အနီးအပါးရွာမှ လူများ ဖြစ်ဟန်တူပေသည်။

ကျွန်ုပ်က ကျွန်ုပ် စွန့်ခွာပြေးခဲ့သော ဒေါက်တာသိဒ္ဓိ၏ ခြံကြီးဆီသို့ လည်ပြန်လှည့်ကြည့်လိုက်လေသည်။ ည အမှောင်ထုကား မှောင်ပိန်းနေလေ၏။ ထိုအခါမှ ကျွန်ုပ်တွင် တပ်ဆင်ထားသော နေကာမျက်မှန်ကို သတိရကာ ချွတ်ပစ်လိုက်ရလေသည်။

ဒေါက်တာသိဒ္ဓိ၏ ခြံအတွင်း၌ကား မီးများသည် အထက်မိုးကောင်းကင်အထိတက်ကာ လောင်ကျွမ်းလျက်ရှိလေသည်။ မီးသည် တစ်ဘက်မှ ဓာတ်ခွဲခန်းကို ကူးစက်သွားပုံရလေသည်။ ဓာတ်ခွဲခန်းဆီမှ မီးလောင်လွယ်သော လောင်စာများကြောင့် အဆောက်အဦးကြီးတစ်ခုလုံး လောင်ကျွမ်းကာ မီးညွန့် မီးစွယ်များက ကောင်းကင်ယံအထိ ထိုးတက်လင်းထိန်နေလေသတည်း။

တအုံးအုံး တဒိုင်းဒိုင်း ပေါက်ကွဲသံများဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံနေကာ မီးသည် အချိန်အတော်ကြာ လောင်ကျွမ်းနေလေသည်။

။

မြို့နှင့် ဝေးလံသော အရပ်ဖြစ်သည့်အတွက် မီးသတ်ကားများသည် အချိန်အနည်းငယ် လင့်မှပင် ရောက်ရှိလာနိုင်လေသည်။

ဒေါက်တာသိဒ္ဓိ၏ ခြံဝင်းကြီးအတွင်း၌ကား သူနေသော တစ်ထပ်တိုက်ကလေးနှင့် တစ်ကွ ဓာတ်ခွဲခန်းပါဝင်သော ကြီးမားလှသည့် အဆောက်အဦးကြီးပါ မီးလောင်ပြာကျသွားလေသည်။

မီးသတ်ကားများသည် ပတ်ဝန်းကျင်သို့ မီးမကူးစက်ရန် ကြိုးစား၍ မီးများကို ငြိမ်းသတ်လိုက်နိုင်ပေ၏။

ကျွန်ုပ်က ကျွန်ုပ်၏ မီးမလောင်ဘဲ ကျန်ရစ်ခဲ့သော အင်္ကျီအိတ်ထဲသို့ နှိုက်ကြည့်လိုက်သည်။

တော်ပေသေးသည်။ ကျွန်ုပ်၏ မှတ်ပုံတင်ကတ်ပြား၊ ယာဉ်မောင်းလိုင်စင်၊ အသွားအပြန်လေယာဉ်လက်မှတ်နှင့် အရန်သင့်သုံးရန် ထည့်ထားသော ငွေသုံးသောင်းခန့်မှာ သည်အတိုင်း ရှိနေပေသည်။ မရှိမဖြစ်လိုအပ်သော အရေးကြီး စာရွက်စာတမ်းများကို ကိုယ်နှင့်မကွာ ထားမိ၍ တော်ပေသေးသည်။

အဝတ်အစားသုံးစုံနှင့် ငွေတစ်သိန်းခန့်ပါသော ခရီးဆောင်သားရေအိတ်ကား အိမ်ထဲတွင် ထားခဲ့ရာ ပြာဖြစ်သွားလောက်ပေပြီ။

ကျွန်ုပ်သည် ရုတ်ရုတ်သဲသဲဖြစ်နေသော လူများကြားမှတိုးထွက်ကာ ပြင်ဦးလွင်ဘက်မှဆင်းလာသော ဘတ်စ်ကားတစ်စီးကို တား၍ မန္တလေးသို့ လိုက်ခဲ့ရလေတော့သည်။

မန္တလေး ဟိုတယ်တစ်ခုဝင် ဝင်ရောက်တည်းခိုရာ မှတ်ပုံတင်ကတ်ပြား ကျန်ရှိနေသေး၍ တည်းခိုနေထိုင်ရေး အဆင်ပြေသွားလေသည်။

ကျွန်ုပ် ဒေါက်တာသိဒ္ဓိထံသို့ လာရောက်လည်ပတ်သည်ကို မည်သူမျှ သတိမထားမိ၍ ဤကိစ္စနှင့်ပတ်သက်ပြီး ကျွန်ုပ်ဘက်မှ စတင်ဖြေရှင်းခြင်း မပြုခဲ့ပါပေ။ ဒေါက်တာသိဒ္ဓိ ကျွန်ုပ်အား ဖိတ်ကြားခဲ့သည့်အကြောင်းနှင့် သူ့ထံတွင် ကြုံခဲ့ရသောဖြစ်ရပ်များကို ပြန်ပြောလျှင်လည်း မည်သူကမှ ယုံကြမည်မဟုတ်ပေ။ ကျွန်ုပ်ကိုပင် အရူးအဖြစ် စွပ်စွဲခံရစရာ ရှိပေသည်။

ထို့ကြောင့် ဤဖြစ်ရပ်ကို မည်သူ့မျှ ပြန်ပြောမနေတော့ပဲ တစ်သက်လုံး နှုတ်ပိတ်ထားရန် ဆုံးဖြတ်လိုက်လေတော့၏။

နောက်တစ်နေ့တွင် ကျွဲနဖားရွာအနီးမှ ဒေါက်တာသိဒ္ဓိ ခြံကြီး မီးလောင်ကျွမ်းသည့် သတင်းကို စုံစမ်းကြည့်ရာ သက်ဆိုင်ရာများက ဒေါက်တာသိဒ္ဓိသည် ဓာတ်ခွဲခန်းမီးလောင်ကျွမ်းရာတွင် ပါဝင်သေဆုံးသွားသည်ဟု မှတ်ချက်ချကြကြောင်းကြားသိရလေသည်။

သို့ဖြင့် ကျွန်ုပ်သည် လေယာဉ်အပြန်လက်မှတ်ကိုလေယာဉ်ကိုယ်စားလှယ်ရုံး၌သွားရောက်စီစဉ်ပြီး နောက်တစ်နေ့မှာပင် မန္တလေးမြို့မှ ပြန်လာခဲ့လေတော့သတည်း။

။

▶

ကျွန်ုပ်သည် အထက်ပါဖြစ်ရပ်ကို ပြန်တွေးမိသည့်အခါတိုင်း အသည်းတယားယား၊ ရင်တဖိုဖို ခံစားရလေသည်။

ဒေါက်တာသိဒ္ဓိဆိုသူ လူထူးလူဆန်း ကြီးကိုလည်း အံ့သြမိရလေသည်။

အမှန်တကယ်တွင် ဒေါက်တာသိဒ္ဓိသည် လူတော်တစ်ယောက်ဖြစ်ပေ၏။

သူ၏ တော်သောအရည်အချင်းကို မကြံကောင်းမစည်ရာတွေ ကြံစည်ရင်းဖြင့် ကိုယ်ကျိုးနည်းခဲ့ရရှာခြင်း ဖြစ်ပေသည်။

သူသည် လူတော်သလောက် ထူးဆန်းသူတစ်ဦးလည်း ဖြစ်ပေသည်။ သူ၏ စိတ်သည် ရူးသွပ်နေသည်လား၊ ကြောင်နေသည်လား ကျွန်ုပ် မတွေးတတ်နိုင်တော့ပါပေ။

အစားအသောက် သောင်းကျန်းမှုကြောင့် အသက်ပေးသွားရသည်ဟု ယိုးစွပ်ရမည်လော…၊ နဂါးကဲ့သို့ အကောင်မျိုးကို ဟင်းချက်စားသည့်အတွက် ကံကြီးထိုက်သည်ဟု ဆိုရမည်လော ကျွန်ုပ် မတွေးတတ်နိုင်ပါတော့ချေ။

နဂါးဆိုသည့်သတ္တဝါမှာ အစွမ်းထက်မြက်သော ဒဏ္ဍာရီလာသတ္တဝါမျိုးဖြစ်ပေရာ ထိုသတ္တဝါ၏အသားကို စားမိသောကြောင့် ကိုယ်တွင်းကလီစာများအထိ နဂါးတို့၏ အစွမ်းသတ္တိ ရောက်ရှိကာ လူတစ်ကိုယ်လုံး ပေါက်ကွဲကြေမွလွင့်စဉ်ကာ မီးလောင်ကျွမ်းသွားသည်အထိ အဖြစ်ဆိုးရခြင်း ဖြစ်ပေမည်။

ကျွန်ုပ်သည် ဒေါက်တာသိဒ္ဓိ အကြောင်းကို ပြန်တွေးမိသည့်အခါတိုင်း အသည်းတွေ, အူတွေ ဖြောင်းဆန်အောင် ထိတ်လန့် အံ့သြမိပြီး ရင်တုန်၊ နလုံးတုန် ခံစားရဆဲဖြစ်သည်။

ထိုအဖြစ်များကို မည်သည့်အခါမှ မေ့နိုင်တော့မည်မဟုတ်ပဲ ကျွန်ုပ် အသက်ရှင်နေသမျှ သတိရနေဦးမည်လည်း ဖြစ်ပေသည်။

ထိုနေ့က ဒေါက်တာသိဒ္ဓိစကားကို နားယောင်ကာ နဂါးအသားကို မစားသောက်မိသည် ကိုပင် ဝမ်းမြောက်ရပေသေးသည်။

နဂါးအသားကို မစားမိအောင် ကျွန်ုပ် ဉပါယ်တံမျဉ်ဖြင့် ရှောင်တိမ်းခဲ့မိသည်ကိုပင် ဝမ်းသာရတော့သည်။

အကယ်၍များ ကျွန်ုပ်သာ နဂါးဟင်းကိုစားသောက်ခဲ့ပါက ကျွန်ုပ်သည်လည်း ဒေါက်တာ သိဒ္ဓိနည်းတူ….။

ကျွန်ုပ်သည် ကျွန်ုပ်၏အတွေးကို ဆုံးအောင် ဆက်မတွေးဝံ့တော့ပဲ ကြက်သီးမွေးညင်းထ, ကာ ပခုံးနှစ်ဖက်ကို တွန့်လိုက်မိလေတော့သတည်း။

■

ဆောင်းလုလင်